# ရောင်းမှော်

The Mirror

Established in 1957

၁၃၇၅ ဆီဒီ ၁၈ ကျော် စောင်တည်ထောင်သည်

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ (21-11-2013) (၇၆၇၁)


သစ်တောများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု၏ ပဟိုချက်ဖြစ်ပြီး ရာသီဥတုမျှတစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပေးခြင်းစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနေသောကြောင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်။

# ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့ ကမ္ဘာပေါ်ရှိ လူဦးရေ ၂ ဒသမ ၆ ဘီလီယံခန့်သည် သန့်ရှင်းမှုမရှိသည့်ပတ်ဝန်းကျင်တွင်နေထိုင်နေကြရပြီး သုည ဒသမ ၉ ဘီလီယံခန့်သည် သန့်ရှင်းသောသောက်သုံးရေ မရရှိကြပါကြောင်း၊ ၁ ဒသမ ၃ ဘီလီယံသည် လျှပ်စစ်မီးမရရှိကြသေးသကဲ့သို့ ၁ ဘီလီယံခန့်မှာလည်း အာဟာရချို့တဲ့လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေးကို ဖော်ဆောင်ပေးမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရေးနည်းပညာနှင့် ရန်ပုံငွေများကို ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် လိုအပ်လျက်ရှိပါကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ကျင်းပသည့် တတိယအကြိမ်မြောက် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အပူပိုင်းမုန်တိုင်းဟဲလန် အဝါရောင်အဆင့်သာရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသောအပူပိုင်းမုန်တိုင်း"ဟဲလန်" (Helen)သည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၁၅၀ ခန့်၊ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၆၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက် -အနောက်မြောက်ဘက် မိုင် ၅၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✱**

## ရွှေဂုံတိုင်ခုံးကျော်တံတား မကြာမီပွင့်မည်

**သတင်း-ထွန်းဝင်း ❖ ဓာတ်ပုံ - ညီညီ(သမိုင်း)**

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်တွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် ခရီးသည်များသွားလာမှု လွယ်ကူချောမွေ့တော့မည့် ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ထိုတံတား၏ တည်ဆောက်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက်တွင် အပြီးသတ်ဆောက်လုပ်ပြီး မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ယင်းတံတားဖွင့်လှစ်ပြီးပါက မြို့နယ် ခြောက်မြို့နယ်မှ ခရီးသွားပြည်သူတွေနဲ့ ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်တွေလည်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခံစားရတဲ့ သောကတွေ အေးငြိမ်းသွားတော့မှာဖြစ်ပါတယ်၊ ယာဉ်မောင်းတွေကလည်း သတ်မှတ်စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာမောင်းနှင်ခြင်းဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုလည်း လျော့နည်းသွားမှာဖြစ်ပါတယ်" ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။


CIMA
Chartered Institute of Management Accountants

In Strategic Partnership To Provide A Global Qualification For Future Business Leaders

IMA INSTITUTE OF ACCOUNTING & FINANCE
01 8551420

MHR CENTRE (BUSINESS INSTITUTE)
09 732 23899

NAY LIN AUNG FINANCE & ACCOUNTACY ACADEMY
01 504737

ZAW BUSINESS SCHOOL
09 501 3589

## ကြားမုံစာတည်းရှေ့ထား ၂၁-၁၁-၂၀၁၃၊ ကြာသပတေးနေ့

# အလင်းဆောင်မှ ဖွံ့ဖြိုးမည်

ကျွန်ုပ်တို့နိုင်ငံ၏ ကျေးလက်ဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့်အတူ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာသည်။ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာရေးတွင် ကျေးရွာမီးလင်းရေးသည် အဓိကကျသော ကြောင့် လျှပ်စစ်မီးသွယ်တန်းနိုင်သော နယ်မြေဒေသအလိုက် နိုင်ငံတော်က မီးလင်းရေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျေးရွာများအလိုက်လည်း ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူအများစုမှာ ကျေးရွာများတွင် နေထိုင်ကြသည်ဖြစ်၍ ကျေးလက်မီးလင်းရေးမှအစ ကျေးရွာများဖွံ့ဖြိုး တိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနိုင်မှသာ ကျွန်ုပ်တို့နိုင်ငံဖွံ့ဖြိုး တိုးတက်မှု ပီပြင်စွာရှုပ်လုံးပေါ်လာမည်ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ အသုံးပြုနိုင်သေးသဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေးအတွက် နိုင်ငံတော်နှင့်အတူ အဖွဲ့အစည်းများကပါ အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်နိုင်ခြေများကို အခြေပြုစဉ်းစားပြီး လုပ်ကိုင်ဆောင်ရွက်သွားပါမှ တစ်နိုင်ငံလုံး မီးလင်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ဥပမာ နိုင်ငံတော်၏ ပင်မဓာတ်အားလိုင်း အလှမ်းမမီသော ဝေးလံခေါင်ဖျား ဒေသများ၊ ပင်လယ်ကမ်းခြေနှင့် တောင်ပေါ်ဒေသများအတွက် လေအားစွမ်းအင်သုံး၊ နေရောင်ခြည်စွမ်းအင်သုံး၊ စပါးခွံကဲ့သို့ ဘေးထွက်ပစ္စည်းနှင့် ဇီဝစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်ယူရေးလုပ်ငန်းများကို တွက်ချက်ဆောင်ရွက်သွားကြရပါမည်။ လိုအပ်သော နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတော်နှင့် အဖွဲ့အစည်းများ၏ အကူအညီပေးမှုဖြင့် မီးလင်းရေးလုပ်ငန်း အထမြောက်အောင်မြင်နိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လျှပ်စစ်မီးလင်းရေး နမူနာဆောင်ရွက်ချက်အဖြစ် ဒေသအတွင်း ကျေးရွာပေါင်း ၄၇၈၀ ရှိသည့်အနက် ကျေးရွာ ၂၅၃၃ ရွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျန်ကျေးရွာ ၂၂၀၇ ရွာ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရာတွင် ကျေးရွာတစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများအား နည်းပညာသင်တန်းပေးခြင်းအစီအမံမှာ နမူနာကောင်းများပင်ဖြစ်ပါသည်။

မကြာသေးမီက နေပြည်တော်တွင် ကျေးလက်ဒေသမီးလင်းရေး အထောက်အကူပြုပစ္စည်းများနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲကို ကျင်းပသွားခဲ့ပါသည်။ နေရောင်ခြည်စွမ်းအင်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၊ စပါးခွံ၊ ဒီဇယ်၊ ဘိုင်အိုဒီဇယ်အပြင် အခြားလျှပ်စစ်ထုတ်ယူနိုင်သော ပစ္စည်းများကို ပြသရောင်းချပေးခဲ့ပါသည်။

ထိုပစ္စည်းများကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တပ်ဆင်ခြင်း၊ တစ်ဖက်တွင် နည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ ကျေးရွာဘေးထွက်ပစ္စည်းများကို အသုံးချသင်တန်းပေးခြင်း၊ အိမ်တိုင်ရာရောက် လျှပ်စစ်မီးတပ်ဆင်ပေးခြင်း စသည့် စီမံချက်ပါအတိုင်း အရှိန်အဟုန်ဖြင့် တက်ညီလက်ညီဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသများ အမှောင်ခွင်း၍ အလင်းဆောင်လာမည်ဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ငွေကြေး၊ ပစ္စည်း၊ လူအင်အားနှင့် နည်းပညာပမာဏမှာ များပြားလှပါသည်။ ထို့ကြောင့် နိုင်ငံတော်နှင့်အတူ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ စေတနာရှင်များ၊ အလှူရှင်များအားလုံး ဝိုင်းဝန်းပါဝင် ဆောင်ရွက်သင့်ကြပါသည်။ သို့မှသာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေးတွင် အဓိကကျသော ကျေးလက်ဒေသများအားလုံး အလင်းဆောင်ကာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန် အမှန်ဖြစ်လာပါမည်။ ။

# ဆရာကြီးဒဂုန်တာရာ အမှတ်တရကျောက်စာတိုင် စိုက်ထူပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

ဆရာကြီးဒဂုန်တာရာ အမှတ်တရကျောက်စာတိုင် စိုက်ထူပွဲကို ဆရာကြီးကွယ်လွန်ပြီး သုံးလပြည့်သည့် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်လေးလုံးကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်စာတိုင်အား မန္တလေးမြို့ရှိ စာပေရောင်းရင်းများနှင့် စာပေမိတ်ဆွေများက စုပေါင်းစီစဉ်ခြင်းဖြစ်ပြီး လေးစားထိုက်သောပုဂ္ဂိုလ်များအား ဂုဏ်ပြုလိုခြင်းနှင့် နောင်လာနောက်သားများ အမှတ်တရ သိရှိစေရန် ရည်ရွယ်ချက်များထားရှိကာ စကျင်ကျောက်သားဖြင့် သုံးဖက်မြင်ထုဆစ်ထားကြောင်း စီစဉ်သူဦးထွန်းဦး(ထွန်းဦးစာပေ)က ပြောသည်။

"စကျင်ကျောက်အမျိုးအစားနဲ့ သုံးဖက်မြင် ထုဆစ်ထားတာပါ။ အမြင့်က လေးပေခန့်မြင့်တယ်။ကျောက်တိုင်ရဲ့ ရှေ့မှာ ဆရာ့ရုပ်ပုံနဲ့ ကိုယ်ရေးအကျဉ်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ ရေးထိုးထားပါတယ်။ လက်ဝဲဘက်မှာ ဆရာ့အာဘော်နဲ့ ဟံသာဝတီဦးဝင်းတင်ရဲ့ ဆရာဒဂုံတာရာအပေါ် သုံးသပ်ချက်ပါရှိပါတယ်။ လက်ယာဘက်မှာတော့ ဆရာရေးသားခဲ့တဲ့ စစ်မဲ့ကဗျာ ပါရှိပါတယ်။

"ကျောက်တိုင်ရဲ့ ထိပ်မှာငြိမ်းချမ်းရေးကို ကိုယ်စားပြုတဲ့ ချိုးငှက်ရုပ်ကို ထုဆစ်ထားပြီး ယခင်စိုက်ထူပြီးဖြစ်တဲ့ ဆရာကြီးဦးတင်မိုးကျောက်တုံး၊ ဆရာကြီးမြသန်းတင့် ကျောက်စာတိုင်များနှင့်အတူ သုံးပွင့်ဆိုင် စိုက်ထူထားပါတယ်" ဟု ၎င်းက ပြောပြသည်။

အမှတ်တရကျောက်စာတိုင်စိုက်ထူပွဲတွင် ဆရာအုံ့မောင်(မုံရွာ)၊ ဆရာဦးကိုလေး (အင်းဝဂုဏ်ရည်)၊ ဆရာစိုးနိုင် (မန်းတက္ကသိုလ်)တို့က ဆရာကြီး၏ အမှတ်တရစကားများ၊ ဂုဏ်ကျေးဇူးများနှင့် ငြိမ်းချမ်းရေးလမ်းစဉ်များအားပြောကြားပြီး ဆရာမောင်ကြည်သော်(ကောလင်း)၊ ဆရာမောင်နေထက်တို့က ကဗျာတစ်ပုဒ်စီ ရွတ်ဆို၍ ဂုဏ်ပြုကြပြီး အောင်ပန်းမြို့မှ ဆရာကြီး၏ တူမဖြစ်သူ ဒေါ်မြင့်မြင့်စိန် (ဆရာမသင်းမြတ်စန္ဒီ)က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

အဆိုပါစိုက်ထူပွဲအတွက် လျှုဒါန်းငွေများမှ ပိုလျှံသည့် ငွေကျပ် ၅၉၆၇၀၀ အား အောင်ပန်း၌ ကျင်းပမည့် ဆရာကြီး၏ အထိမ်းအမှတ်ပွဲများတွင် သုံးစွဲရန် ငွေကျပ်တစ်သိန်းနှင့် တောင်လေးလုံးကျောင်းတိုက်ဆရာတော်ဦးပညာ(ကိုပညာအမရပူရ)အတွက် ဆေးပဒေသာပင် စိုက်ထူရန် ငွေကျပ် ၄၉၆၇၀၀ လျှုဒါန်းခဲ့ကြောင်း သိရသည်။

**(မင်းထက်အောင်-မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၁၈၀၀ | - ၆၇၂၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၁၇၀၀ | - ၆၇၂၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၁၈. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၉. ၆၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၇၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၆. ၄၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၆၃၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၇၁. ၇၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၁၇၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၇. ၆၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၂. ၈၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ဆက်သွယ်ရေးပြတ်တောက်မှု အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ မိုဘိုင်းရေဒီယိုစခန်း GSM BTS မိုဘိုင်းရေဒီယိုစခန်းနှင့် DMS-10/DAEWOO TDX-1B အော်တိုအိတ်ချိန်းများသည် ၁၇-၁၁-၂၀၁၃ ရက် ဝဝးဂ၅ နာရီခန့်တွင် မိုးကြိုးလျှပ်စစ်စီးဝင်ရောက်ခဲ့သည့်အတွက် ပဲခူးမြို့ရှိ အော်တိုတယ်လီဖုန်း ၅၀၀၀ ခန့်၊ ဝေါ၊ ပြွန်တန်ဆာ၊ ပျဉ်ပုံကြီး၊ ကဝ၊ သနပ်ပင်၊ ညောင်လေးပင်၊ ရွှေကျင်၊ မဒေါက်၊ ဘုရားကြီး၊ ကျောက်ကြီး၊ သက္ကလနှင့် ဥသာမြို့သစ် နယ်အိတ်ချိန်းများ၏ အဝေးလိုင်းများနှင့် ပဲခူးမြို့ မိုဘိုင်းရေဒီယိုစခန်း၌ တပ်ဆင်ထားသော GSM BTS စခန်းဝန်းကျင်ရှိ GSM တယ်လီဖုန်းများ အဆက်အသွယ်ပြတ်တောက်ခဲ့ပါသည်။ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၁၉-၁၁-၂၀၁၃ ရက် နံနက်ပိုင်းတွင် အဝေးလိုင်းများပြုပြင်ပြီးစီး၍ ပဲခူးမြို့တွင်း တယ်လီဖုန်း ၄၁၀၀ ခန့်နှင့် နယ်အော်တိုအိတ်ချိန်းများ အဆက်အသွယ်ပြန်လည်ရရှိလျက်ရှိပါသည်။ ချွတ်ယွင်းဆဲဖြစ်သည့် ပဲခူးမြို့ GSM BTS စခန်းနှင့် ဝေါအော်တိုအိတ်ချိန်း အဝေးလိုင်းများအား လိုအပ်သည့် စက်ပစ္စည်းများ ပို့ဆောင်၍ ဆက်သွယ်မှုအမြန်ဆုံးကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိဘပြည်သူများသို့ အသိပေးထားကြောင်းသိရသည်။

ပြည်တွင်းသတင်းများ

**☆ ဖွံ့ဖြိုးတိုးတက်မှုမှ**

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာ)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ ဗိသုကာအသင်းတို့မှ တာဝန်ရှိသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးစေရေးအတွက် အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် Rio+20 ညီလာခံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအတွက် အစိမ်းရောင်စီးပွားရေးကို အဓိကခေါင်းစဉ်တစ်ခုအနေဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် မိမိတို့အနေဖြင့် မိမိနိုင်ငံ၏ အခြေအနေ၊ ဦးစားပေးမှုအစီအစဉ်အရ လက်တွေ့နယ်ပယ်၌ အကောင်အထည်ဖော်မှုပုံစံများကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် Inter -government Panel on Climate Change (IPCC) ၏ ပဉ္စမအကြိမ် အစီရင်ခံစာအရ ကမ္ဘာမြေကြီးသည် ၁၈၅၀ ခုနှစ်နောက်ပိုင်း အထူးသဖြင့် လွန်ခဲ့သည့် နှစ် ၃၀ အတွင်း အပူချိန်ပိုမိုမြင့်တက်လာပါကြောင်း၊ အကြောင်းရင်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်သည့်အခါ ဖွံ့ဖြိုးတိုးတက်မှုကိုသာ ဦးစားပေးခဲ့သည့် Grow First, Clean up Later ဆိုသည့် လုပ်ရပ်များကြောင့် ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ခဲ့ကြသည့်အတွက် မုန်တိုင်းများကျရောက်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ အချိန်အခါမဲ့ မိုးရွာသွန်းခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းစသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ် အကျိုးဆက်များကို ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ထို့ပြင် ယင်းသဘာဝအန္တရာယ်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာပြီး အကြိမ်ရေ များပြားလာသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အစာရေစာရှားပါးမှုနှင့် ငတ်မွတ်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကြီးမားသည့် အဟန့်အတားများဖြစ်ပေါ်စေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းခြင်း၊ ၂၀၁၃ ခုနှစ်တွင် နိုင်ငံအဆင့် စီမံချက်များရေးဆွဲခြင်း၊ ရေဝေရေလဲဒေသများတွင် သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ ပျက်စီးပြုန်းတီးနေသော နေရာများတွင် သစ်တောများပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝသယံဇာတများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်တည်မှီပြောင်းလဲလျက်ရှိနေကြပါကြောင်း၊ စွမ်းအင်၊ ရေနှင့် အစားအစာစနစ်များ ဟန်ချက်ညီမှုမရှိလျှင် အကျိုးဆက်အနေဖြင့် လူသားများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တစ်ခုလုံးအပေါ် ဆိုးကျိုးများ သက်ရောက်လာမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် နေရာဒေသတစ်ခုသည် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးမည်ဆိုလျှင် ယင်းနေရာတွင် စိုက်ပျိုးရန်၊အစားအစာထုတ်လုပ်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း။

ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာထုတ်လုပ်ရန် ဒီဇယ်၊ ဓာတ်ဆီစသည့် ရုပ်ကြွင်းလောင်စာများကို အသုံးပြုနေကြရပါကြောင်း၊ ထို့ကြောင့် ယနေ့ကာလတွင် ရုပ်ကြွင်းလောင်စာများအသုံးပြုခြင်းအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် လေ၊ ရေ၊ နေရောင်ခြည်၊ ဘူမိအပူစွမ်းအင်များ ထုတ်လုပ်သုံးစွဲရန် လိုအပ်လျက်ရှိပြီး ယင်းသို့မဆောင်ရွက်နိုင်လျှင် မိမိတို့လူသားအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ခက်ခဲလာမည်ဖြစ်ပါကြောင်း။

ယနေ့တည်ရှိနေသည့် လက်ရှိ သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်သဘာဝကောင်းများ အစဉ်တည်တံ့နေရန်အတွက် စဉ်ဆက်မပြတ်ထုတ်လုပ်ခြင်းနှင့်စားသုံးခြင်း၏ အခန်းကဏ္ဍကို အလေးဂရုပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏အကျိုးစီးပွားအတွက် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲလျက်ရှိသကဲ့သို့ အနာဂတ်မျိုးဆက်များအတွက်လည်း ယခုကဲ့သို့ အခွင့်အရေးမျိုး ရရှိစေရန်နှင့် ကောင်းမွန်သန့်ရှင်းသည့် ပတ်ဝန်းကျင်အခြေအနေများကို ရရှိခံစားနိုင်ရန် မိမိတို့လက်ဆင့်ကမ်းအမွေပေးကြရမည်ဖြစ်ပါကြောင်း။

မိမိတို့သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်လွှဲပြောင်းယူချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပြောင်းလဲမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ စတင်ရရှိနေပြီး ထိုသို့ဆောင်ရွက်နေရာတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဟန်ချက်ညီ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဤနေရာတွင် သစ်တောကဏ္ဍ၏ အရေးပါမှုကို အလေးထားပြောကြားလိုပါကြောင်း၊ သစ်တောများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု၏ဗဟိုချက်ဖြစ်ပြီး ရာသီဥတုမျှတစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပေးခြင်းစသည့် ဂေဟစနစ် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနေသောကြောင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်သည်ကို မှာကြားလိုပါကြောင်း။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များသည် ကမ္ဘာမြေကြီး၏ ဂေဟစနစ်ကို တည်ငြိမ်စေမည့်အပြင် လူသားအားလုံးအတွက် ကျန်းမာပျော်ရွှင်ချမ်းမြေ့သာယာစေသည့် ဘဝများကို ရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရုံသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်း များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် ယခုဆွေးနွေးပွဲမှ မိမိတို့မျှော်မှန်းထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စေမည့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အမှာစကားပြောကြားပြီး အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာ)ဥက္ကဋ္ဌ ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတ၏ အကြံပေးကောင်စီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန အငြိမ်းစားဝန်ကြီး ပါမောက္ခ Mr. Emil Salim နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Julie M. Jacobsen Takahashi တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများ၊ ပညာရှင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားခဲ့သည်။

ထို့နောက် တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါဖိုရမ်ကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဂျပန်နိုင်ငံ KEIDANREN (Japan Business Federation ) ဒုတိယဥက္ကဋ္ဌ Mr. KATSUMATA Nobuo ဦးဆောင်သည့် ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဂျပန်- မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဌေးဦး၊ ဦးသိန်းဇော်၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးသူရိန်ဇော်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**✻ အပူပိုင်းမုန်တိုင်းဟဲလန်မှ**

အဆိုပါ အပူပိုင်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ အန်ဒရာပါရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့် တမီနာဒူးလ်မြောက်ပိုင်း ကမ်းခြေအကြားမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အပူပိုင်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အပူပိုင်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားကြောင်း သိရှိရသည်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၇/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ

(All items are for No 5 Fretilizer Plant-Kangyidaung)Spares for Modules of Synchronous Motor, $CO_2$ Compressor Spares (K 3101 A/B), Synthesis Gas Compressor Spares (K 1801), FIR 3108($CO_2$ flow indicator), MP Decomposer Level Transmitter (L T 3201), Separator Level Gauge Detector (LIRCA 3102), Tube Bundles for 1st, 2nd, 3rd stage of Synthesis Gas Compressor A,B and C, Spares for Boiler Feed Water Pump (P 1401A), Spares for Booster Pump (P 8101), Spares for MP Carbonate Solution Pump (P 3402), Gasket for Lean/Semilean Exchanger (E 1608).

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၂-၁၁-၂၀၁၃ရက်

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၁-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၀၇၊ ၀၆၇-၄၁၁၁၀၈၊ ၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

**❍ ကျောဖုံးမှ**

အဆောင် မရှိသေးသော တက္ကသိုလ်များတွင်လည်း အဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်ထားပြီးဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအတွက် အဆောင်အဖြစ်အသုံးပြုနိုင်သောနေရာ ရရှိလာစေရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ စားသောက်ရေးကိစ္စကို သင့်တင့်သောဈေးနှုန်းဖြင့် စားသောက်နိုင်ရေးအတွက် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ရှေ့ပညာသင်နှစ်များတွင် အဆောင်သစ်များကို နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ တိုးချဲ့ဆောက်လုပ်ရန် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများကိုလည်း စည်းကမ်းရှိရှိဖြင့် တက္ကသိုလ်ကျောင်းသားပီသစွာ နေထိုင်ပြုမူရေးကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ရုပ်ပတ်ဝန်းကျင်ကောင်းများ ပြည့်စုံစွာ ဖြည့်ဆည်းပေးရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ သိရှိရသည်။

**(သတင်းစဉ်)**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ်ဖွင့်လှစ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရေးအခြေခံကောင်းများ ချမှတ်နိုင်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ထုတ်ပြန်သည့် ပူးတွဲကြေညာချက် နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ် ဟီးလ်ယာဒ်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နှစ်နိုင်ငံသမ္မတတို့သည် မြန်မာ-မွန်ဂိုလီးယားနှစ်နိုင်ငံဆက်ဆံရေးကို ပွင့်လင်းရင်းနှီးစွာဖြင့် အကျိုးရှိရှိ နက်ရှိုင်းစွာဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးစီးပွားနှင့် ပတ်သက်သည့်ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် မွန်ဂိုလီးယားနိုင်ငံ အကြီးအကဲတစ်ဦး၏ ပထမဦးဆုံးသော မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံဆက်ဆံရေးတွင် စာမျက်နှာသစ်ဖွင့်လှစ်နိုင်သည့် ခရီးစဉ်ဖြစ်ကြောင်းနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် အခြေခံကောင်းများ ချမှတ်နိုင်သည့် ခရီးစဉ်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံက မွန်ဂိုလီးယားနိုင်ငံအား ပဂ္ဂလိကကဏ္ဍက ဦးဆောင်သည့် စျေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းများအတွက် ချီးကျူးသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတက ၂၀၁၁-၂၀၁၃ ဒီမိုကရေစီအသိုက်အဝန်းတွင် မွန်ဂိုလီးယားနိုင်ငံမှ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နိုင်ခြင်းနှင့် အူလန်ဘာတာမြို့တွင် သတ္တမအကြိမ်မြောက် ဝန်ကြီးအဆင့် ဒီမိုကရေစီအသိုက်အဝန်းအစည်းအဝေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းများအတွက် ချီးကျူးသည်။

မွန်ဂိုလီးယားနိုင်ငံကလည်း မြန်မာနိုင်ငံက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် ချီးကျူးကြိုဆိုခဲ့ပြီး မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ကိုရရှိမည်ဟု ယုံကြည်ကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံမှ ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒီမိုကရေစီနိုင်ငံတော် ဖော်ဆောင်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လူအခွင့်အရေးကာကွယ်ရေးတို့တွင် မွန်ဂိုလီးယားနိုင်ငံမှ လိုက်လဲစွာ ထောက်ခံပြီး ကူညီသွားမည်ဖြစ်ကြောင်း မွန်ဂိုလီးယားသမ္မတက ပြောကြားခဲ့သည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒီမိုကရေစီစနစ် တည်ဆောက်ရာတွင် ပွင့်လင်းမြင်သာသည့် အုပ်ချုပ်မှုစနစ်၊ လွတ်လပ်သည့် လူအဖွဲ့အစည်း၊ လွတ်လပ်စွာရေးသားခွင့်၊ ဒီမိုကရေစီစနစ်အား လေ့ကျင့်သင်ကြားပေးသည့် ပညာရေးစနစ်နှင့် ဒီမိုကရေစီအလေ့အကျင့်ကို ကျင့်သုံးသည့် လူအဖွဲ့အစည်းရှိခြင်း၊ လူအခွင့်အရေးကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ခြင်းတို့သည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း အသိအမှတ်ပြုကြပြီး အဆိုပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် အတွေ့အကြုံများ ဖလှယ်ရန်သဘောတူညီခဲ့ကြသည်။

မွန်ဂိုလီးယားနိုင်ငံက ဒေသတွင်းနှင့်ဒေသအပြင်တွင်ပါ ဒီမိုကရေစီစနစ် တိုးတက်ခိုင်မာလာစေရေးအတွက် ၎င်း၏အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေကို နှစ်နိုင်ငံနှင့် နိုင်ငံတကာ ပူးတွဲဆောင်ရွက်မည့် ကိစ္စရပ်များ ပံ့ပိုးကူညီရေးအတွက် သုံးစွဲရန်အဆင်သင့်ရှိကြောင်း ထုတ်ဖော်ပြောကြားပါသည်။

မွန်ဂိုလီးယားနိုင်ငံအနေဖြင့် လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခြင်းအပေါ် ဂုဏ်ယူကြောင်းနှင့် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်အတွင်း အာဆီယံဒေသဆိုင်ရာ ဖိုရမ်၏မူဘောင်အတွင်း အာဆီယံ-မွန်ဂိုလီးယား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံစလုံးသည် ကုန်သွယ်မှု၊ သတ္တုတူးဖော်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့်စီးပွားရေး ကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်ဆန္ဒရှိကြောင်း ဖော်ပြခဲ့ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ပညာရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှုသည် နှစ်နိုင်ငံအကြားနှင့် နှစ်နိုင်ငံ ပြည်သူများအကြား၊ အထူးသဖြင့် နှစ်ဖက်လူငယ်များအကြား ဆက်ဆံရေးအတွက် အရေးကြီးသော အခြေခံဖြစ်ကြောင်း အလေးထားပြောကြားကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးအတွက် အလားအလာများကို ရှာဖွေနိုင်ရန် နှစ်နိုင်ငံအကြား အဆင့်အသီးသီး အထူးသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား၊ လွတ်တော်ကိုယ်စားလှယ်များအကြား၊ အစိုးရအဖွဲ့ အဖွဲ့ဝင်များအကြားနှင့် အခြားသောအဆင့်မြင့်အရာရှိကြီးများအကြားတွင် အပြန်အလှန်လည်ပတ်မှုများ မြှင့်တင်သွားရန် သဘောတူညီကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် မိမိတို့နိုင်ငံတွင်ရှိသည့် အားသာချက်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှုအဆင့်မြင့်တင်ရေးဟူသော တူညီသောရည်မှန်းချက်ဖြင့် နှစ်နိုင်ငံအကြား အတွေ့အကြုံများဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အရေးပါမှုကို အလေးထားထုတ်ဖော်ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒီမိုကရေစီနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား အပြန်အလှန်လေ့လာရန်နှင့် ဒီမိုကရေစီကျင့်သုံးမှုမြှင့်တင်ရေးအတွက် အတွေ့အကြုံများဖလှယ်ရန် လိုအပ်ကြောင်းကို အမြင်ချင်းဖလှယ်ကြသည်။

နှစ်နိုင်ငံသမ္မတတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များ၊ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် တက်ကြွသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံ၏ အာဆီယံအဖွဲ့ကြီးတွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်လိုခြင်းနှင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်လိုခြင်းတို့အပေါ် အာဆီယံနိုင်ငံများ၏ တူညီဆန္ဒမူနှင့်အညီ ဆောင်ရွက်စဉ်းစားသွားမည်ဖြစ်သည်။

သမ္မတနှစ်ဦး၏ ရှေ့မှောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် မွန်ဂိုလီးယားနိုင်ငံ အစိုးရတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် မွန်ဂိုလီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လို့ဆန်ဝန်ဒန်ဂင် ဘိုးလ်တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။

မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အဆင်ပြေသည့်အချိန်တွင် မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင် အလည်အပတ်ခရီး လာရောက်ပါရန် ဖိတ်ကြားရာ နိုင်ငံတော် သမ္မတဦးသိန်းစိန်က အဆိုပါ ဖိတ်ကြားချက်အား လက်ခံသည်။

# မွန်ဂိုလီးယားသမ္မတ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်သည် ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မွန်ဂိုလီးယားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများ (Reform experiences in Mongolia) ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် မွန်ဂိုလီးယားသမ္မတက မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို အဓိကထား ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ အဖွဲ့ဝင်ဖြစ်လာပြီး နောက် နောက်တစ်နှစ်မှစ၍ မြန်မာနိုင်ငံသား ဦးသန့်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများကို မျှဝေလိုပါကြောင်း၊ မိမိသည် ဆင်းရဲသော မိသားစုမှ ဆင်းသက်ပေါက်ဖွားခဲ့ပါကြောင်း၊ မိသားစုမှာ ဘဝအတွက် ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့ရပါကြောင်း။

လူဦးရေ ၂ ဒသမ ၉ သန်း နေထိုင်သော မွန်ဂိုလီးယားနိုင်ငံ၌ နှစ်ပေါင်း(၇၀)ကြာမျှ ကွန်မြူနစ်စနစ်ကို ကျင့်သုံးခဲ့ပြီး ဒီမိုကရေစီနှင့် လူအခွင့်အရေးများ တိုးတက်ရရှိစေရေးအတွက် ပြည်သူတို့၏ ဆန္ဒဖော်ထုတ်မှုများ အတောမသတ်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဒီမိုကရေစီလှုပ်ရှားမှုတွင် မိမိလည်း ပြည်သူတို့နှင့်အတူ ပါဝင်လှုပ်ရှားခဲ့ပါကြောင်း၊ အပြောင်းအလဲများကို မလွဲဧကန် လုပ်ဆောင်ရန် လိုအပ်လာခဲ့ပြီး ကွန်မြူနစ်စနစ်မှ ဒီမိုကရေစီလူ့အဖွဲ့အစည်းသို့ အသွင်ကူးပြောင်းနိုင်ရန် ကြိုးပမ်းခဲ့ရပါကြောင်း။

နိုင်ငံတစ်နိုင်ငံထူထောင်ရာတွင် အခြေခံအကျဆုံး အချက်များအဖြစ် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားညီညွတ်ရေးတို့နှင့် ပြည့်စုံရန် လိုအပ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း ဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီး လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ကျင့်ဝတ်ရှိပြီး တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို ထူထောင်ရမည်ဖြစ်ကာ နည်းပညာရရှိရေးအတွက်လည်း ကြိုးပမ်းရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစံနှုန်းများ ရှိလာစေရန်လည်း ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများသည် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသားလုံခြုံရေး ထိပါးနိုင်သော ကိစ္စရပ်မှလွဲ၍ စီးပွားရေးလုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့် ပေးထားပါကြောင်း။

မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှနေ၍ အစိုးရက လုပ်ဆောင်နေပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများလည်း မရှိတော့သဖြင့် ကမ္ဘာအရပ်ရပ်နှင့် တွေ့ထိဆက်ဆံမှုများပြားလာပါကြောင်း၊ မိမိနိုင်ငံသည်လည်း မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဒေသတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်လျက် ရှိပါကြောင်း၊ အသွင်ကူးပြောင်းမှု အတွေ့အကြုံများကို မျှဝေရင်း ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ ကြွယ်ဝချမ်းသာမှုတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများထဲမှ မေးမြန်းချက်များကို သမ္မတက ပြန်လည်ဖြေကြားသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်ပညာရေးအပါအဝင် ပညာရေးကဏ္ဍအရေးကြီးပုံကို လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဘဝများ တိုးတက်ပြောင်းလဲရေးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့ အသုံးပြုရန် လိုအပ်ပုံကိုလည်းကောင်း၊ e-Government စနစ်ဖော်ဆောင်ရန် အရေးကြီးပုံကို လည်းကောင်း၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပါဝင်ဆောင်ရွက်မှုတို့ အရေးကြီးပုံကို လည်းကောင်း၊ နိုင်ငံတည်ဆောက်မှုပြုလုပ်ရာတွင် အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများအဆင့်ဆင့်၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ရှိသူများအဆင့်ဆင့် စေတနာမှန်ရန်နှင့် အဂတိတရား ကင်းဝေးရန်လိုအပ်ပုံကို လည်းကောင်း၊ ဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် အရေးကြီးပုံကို လည်းကောင်း၊ ပြည်သူများအနေဖြင့်လည်း တရားဥပဒေကို လေးစားလိုက်နာကာ အလုပ်ကြိုးစားလုပ်ကိုင်ရန် လိုအပ်ပုံကို လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ပြုပြင်လုပ်ငန်းစဉ်တွင် သတင်းမီဒီယာများက ပြည်သူ့အကျိုးစီးပွားအလို့ငှာ ရေးသားဖော်ပြရန် လိုအပ်ပုံကို လည်းကောင်း၊ မိမိနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများ မျှဝေရင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံကို လည်းကောင်း သမ္မတက ပြန်လည်ဖြေကြားရာတွင် အလေးအနက်ပြု ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော ဟောပြောပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြနှင့် သရုပ်ပြများ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ ပြည်သူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မေထုန်မဲ့ခွေးသားစပ်သင်တန်းမှင့်လှစ် မွေးမြူရေးလုပ်ငန်းရှင်များဆက်သွယ်နိုင်

**မန္တလေး နိုဝင်ဘာ ၂၀**

မေထုန်မဲ့ခွေးသားစပ်သင်တန်း (၁/၂၀၁၃) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးနှင့် ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မန္တလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာအောင်ကြည်ဦးမှ အဖွင့်အမှာစကားပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နို့စားနွားမျိုး၊ ပြည်တွင်းခိုင်းနွားမျိုး၊ အသားစားနွားမျိုးများကို မေထုန်မဲ့နည်းဖြင့် သားစပ်ပေးနိုင်ရာ ဆက်သွယ်ဆောင်ရွက်နိုင်ပြီး အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးမည်။ မွေးမြူရေးလုပ်ငန်းရှင်များ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မောင်စေတနာ)**

# မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်အဖွဲ့ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ် ဟီးလ်ယာဒ်နှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ ရောက်ရှိပြီး မွန်ဂိုလီးယားသမ္မတက လွမ်းသူ့ပန်းခွေချ ဂါရဝပြုသည်။**(ဝဲပုံ)**

ယင်းနောက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ New Art Gallery ပြခန်းသို့ သွားရောက်၍ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Chatrium Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# မွန်ဂိုလီးယားနိုင်ငံ သမ္မတနှင့်အဖွဲ့ မြန်မာ-မွန်ဂိုလီးယား စီးပွားရေးဖိုရမ် တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMF CCI) မဂ်လာခန်းမ၌ ကျင်းပသည့် မြန်မာ-မွန်ဂိုလီးယား စီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများ ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် မွန်ဂိုလီးယား စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နယ်ပယ်အသီးသီးတွင် ဆက်ဆံရေး တိုးမြင့်ဖော်ဆောင်နေသည့်အတွက် ကမ္ဘာ့စီးပွားရေးအခြေအနေ၊ အလားအလာများ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့စီးပွားရေးအခြေအနေ၊ အလားအလာများ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများကို ပိုမိုသိရှိလာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးစီးပွားရေးဇုန် သုံးခုကိုလည်း ဖော်ဆောင်လျက်ရှိပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်းစက်မှုကဏ္ဍကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ကာ ခေတ်မီစက်မှုနိုင်ငံတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် အဓိကဦးဆောင်ကဏ္ဍမှာ စွမ်းအင်ကဏ္ဍဖြစ်ပြီး ၄၃ ဒသမ ၉၃ ရာခိုင်နှုန်း၊ ဒုတိယအကြီးဆုံးကဏ္ဍမှာ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍဖြစ်ပြီး ၃၂ ဒသမ ၇၄ ရာခိုင်နှုန်း၊ တတိယကဏ္ဍမှာ သတ္တုကဏ္ဍဖြစ်ပြီး ၆ ဒသမ ၄၅ ရာခိုင်နှုန်းတို့ ဖြစ်ပါကြောင်း။

မွန်ဂိုလီးယားနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ မရှိသေးသည့်အတွက် သက်ဆိုင်ရာကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံမှ ထွက်ရှိသည့် တာယာများ၊ ကျွတ်များ၊ အိမ်သုံးဆေးဝါးများကို မြန်မာနိုင်ငံသို့ တင်သွင်းလျက်ရှိသဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှုမှာ ရှိနေပါကြောင်း၊ ကုန်သွယ်မှု ပမာဏနည်းပါးနေသေးသော်လည်း မကြာမီကာလအတွင်း မွန်ဂိုလီးယားနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်များပြားလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုတွေ့ဆုံမှုမှ နယ်ပယ်အသီးသီးတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်က မြန်မာနှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် ၁၉၅၉ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ယဉ်ကျေးမှုချင်း၊ သဘောသဘာဝချင်း နီးစပ်သည့် နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အတွက် ကောင်းမွန်သည့် ဆက်ဆံရေး ယုံကြည်ပါကြောင်းဖြင့် ပြောကြားကို ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်၍ မကြာမီနှစ်နိုင်ငံ Charter များကို ပျံသန်းသွားရန် အစီအစဉ်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်သည့် အတွက် စိန်ခေါ်မှုများရှိနိုင်ပါကြောင်း၊ မကြာမီတွင် အခြားဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများနည်းတူ တိုးတက်ဖွံ့ဖြိုးလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်၍ မကြာမီနှစ်နိုင်ငံ Charter များကို ပျံသန်းသွားရန် အစီအစဉ်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်သည့် အတွက် စိန်ခေါ်မှုများရှိနိုင်ပါကြောင်း၊ မကြာမီတွင် အခြားဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများနည်းတူ တိုးတက်ဖွံ့ဖြိုးလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

စီးပွားရေးဖိုရမ်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနှင့် မွန်ဂိုလီးယား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနှင့် မွန်ဂိုလီးယား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များသည် Current Economic and Financial Situation in Mongolia နှင့် Development Investment Environment and Policies of Mongolia အကြောင်းနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။ (သတင်းစဉ်)

# တောင်ငူမြို့ ချမ်းမြေတည်းခိုခန်း ပုံးပေါက်ကွဲမှုမှ မသက်သာသူအားပမ်းဆီးရမိ

**တောင်ငူ နိုဝင်ဘာ ၂၀**

တောင်ငူမြို့ (၁၇)ရပ်ကွက် ကန်လမ်း ချမ်းမြေတည်းခိုခန်းရှိ အခန်း(၆)၌ အောက်တိုဘာ ၁၁ ရက်ည ၈ နာရီ မိနစ် ၅၀ တွင် ဖြစ်ပွားခဲ့သည့် ပုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်လှစ်ထားသည့် အမှုမှ မသက်သာ စောထွန်းထွန်း(ခ) ထွန်းထွန်း(၃၄)နှစ် (ကျပမ်း)မေတ္တာရပ်ကွက် ကျောက်ကြီးမြို့နေသူအား နိုဝင်ဘာ ၁၈ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူး (မှုခင်း) ဒုတိယရဲမှူးကြီးဝင်းစိန်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ စောထွန်းထွန်းအား ကျောက်ကြီးမြို့ရှိ KNU ဆက်ဆံရေးရုံးမှ ကျောက်ကြီးမြို့နယ် ရဲတပ်ဖွဲ့ကို နိုဝင်ဘာ ၁၈ ရက်က လာရောက်အပ်နှံခဲ့ရာ ဒုတိယရဲမှူးကြီးဝင်းစိန်နှင့် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှ လွှဲပြောင်းရယူခဲ့ပြီး နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ်တရားသူကြီးရုံးတွင် ရမန်ယူပြီး တရားဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း၊ စစ်ဆေးရာတွင်လည်း CCTV များရှေ့တွင် စစ်ဆေးထားကြောင်း ဒုရဲမှူးကြီးဝင်းစိန်က ဆက်လက်ပြောကြားသည်။

ပူးပေါင်းအဖွဲ့များက ဆက်လက်စစ်ဆေးရာ ၎င်း၏ သဘောဆန္ဒအလျောက် ညနေ ၃ နာရီက ဝန်ခံထွက်ဆိုခဲ့ရာတွင် စက်တင်ဘာ ၇ ရက်က ကျောက်ကြီးမြို့ ထီးခိုကျေးရွာသို့ ဖာလာဝယ်ယူရန် သွားရောက်ခဲ့ပြီးအပြန် မဲပုတ်ချောင်းဖျားအနီး အရောက် လွန်ခဲ့သော တစ်နှစ်ခန့်က ရင်းနှီးခဲ့သူ စောတဝါး(စိစစ်ဆဲ)ဆိုသူက ငွေကျပ်နှစ်သောင်းပေးပြီး လုံးပတ်လက်ကောက်ဝတ်ခန့်၊ အရှည် ၀ါးလက်မ၊ ဇစ်ဆွဲပါအိတ်တစ်လုံးကို ပေးပြီး ဖွင့်မကြည့်ရန်၊ ဖွင့်ကြည့်က ဒုက္ခရောက်မည်ဟု ပြောပြီး မြို့တစ်မြို့တွင် ထားရှိရန် မှာကြားခဲ့ကြောင်း၊ စက်တင်ဘာ ၉ ရက်တွင် ကျောက်ကြီးမြို့မှ ပဲနွယ်ကုန်းမြို့သို့ ဆိုင်ကယ်ကယ်ရိုးဖြင့် ထွက်လာခဲ့သည်။ ထိုမှခရီးသည်တင်မှန်လုံအမြန်ယာဉ်ဖြင့် တောင်ငူသို့ လိုက်ပါခဲ့ပြီး ယခင်ကတည်းခိုဖူးသည့် ချမ်းမြေတည်းခိုခန်း၌ အောက်တိုဘာ ၉ ရက်တွင် ညအိပ်တည်းခိုခဲ့သည်။ စောတဝါးပေးလိုက်သည့် ပစ္စည်းအား ၎င်းအိပ်သည့် ခုတင်၏ ခေါင်းရင်းဘောင်ပေါ်တွင်တင်ထားခဲ့ပြီး ၎င်းမိုင်းပါ အိတ်မှာ ခုတင်ခေါင်းရင်းရှိ ခန်းဆီးဖြင့် ကွယ်နေသဖြင့် "မ"ကြည့်မှသာ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်မွန်းလွဲ ၁ နာရီက တောင်ငူမြို့နယ် ဒုတိယမြို့နယ် တရားသူကြီး(၁)ရုံး ရှေ့မှောက်တွင် ဖြောင့်ချက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်အား တောင်ငူမြို့ အမှတ်(၁)ရဲစခန်းတွင် (ပ) ၅၃၅/၂၀၁၃ ၊ ၁၉၈၀ ခုနှစ် ပေါက်ကွဲစေတတ်သော အရာဝတ္ထုများအက်ဥပဒေ ပုဒ်မ -၃ အရ အမှုဖွင့်ထားပြီး ဆက်လက်စစ်ဆေးစုံစမ်းလျက်ရှိကြောင်း သိရသည်။

**(ကျော်စွာ-တောင်ငူ)**



# စိတ်ထားကောင်းမှ လူ့ဘဝလှပအောင်မြင်မည်

**မောင်ထည်ဝါ - ပျော်ဘွယ်**

စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးချင်းစီအတွက် အသက်သွေးကြောပမာအရေးကြီးလှ၏။ ကိုယ်ကျင့်သီလစာရိတ္တကောင်းသူသည် လူကောင်းသူကောင်းဖြစ်၍ လူ့ဘောင်အတွက်အားထားရမည့်သူဖြစ်သည်။ အကျင့်စာရိတ္တ ယိုယွင်းပျက်စီးနေသူသည် လူဆိုးလူသွမ်းဖြစ်၍ အများပြည်သူတို့အား အနှောင့်အယှက်ပေးနိုင်သူ၊ လူ့ပြည်ရပ်ရွာကို တစ်နည်းနည်းဖြင့် ဒုက္ခပေးမည့်သူဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူတိုင်း လူတိုင်း အကျင့်စာရိတ္တကောင်းမွန်ရေးကို အလေးဂရုပြုလုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

“ယနေ့ လူငယ်နောင်ဝယ်လူကြီး”ဆိုသည်နှင့်အညီ နောင်အနာဂတ်ကာလတွင်နိုင်ငံကိုဦးဆောင်မည့် လူကြီးများဖြစ်လာကြမည့် ယနေ့လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေးကို အထူးဂရုပြုဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထိုသို့ လူငယ်များကို ပြုစုပျိုးထောင်ရာတွင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသော ဗလငါးတန် စာရိတ္တဗလကောင်းမွန်မြင့်မားရေးသည် အလိုအပ်ဆုံးနှင့်အရေးကြီးဆုံးမဏ္ဍိုင်ဖြစ်၏။ လက်ငါးချောင်းတွင် လက်ခလယ်သည် အမြင့်ဆုံး ဗဟိုမဏ္ဍိုင်ဖြစ်သည်နှင့်တူ၏။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ပါမှ အခြားသော ဗလစွမ်းအားများသည်လည်း လူ့ပြည်ရပ်ရွာကို ကောင်းကျိုးပြုနိုင်မည်ဖြစ်သည်။ အရေးကြီးဆုံးဖြစ်သည့် စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်နေပါက ကျန်ဗလစွမ်းအားများသည်လည်း ညှို့ဖျင်းသေးသိမ်မှေးမှိန်သွားပေလိမ့်မည်ဖြစ်သည်။

နိုင်ငံတော်က မျှော်လင့်အားထားနေသော သားကောင်း သမီးကောင်းရတနာများဖြစ်လာရေးအတွက် ကျောင်းသားလူငယ်အရွယ်ဘဝမှစတင်ကာ အသိပညာ၊ အတတ်ပညာတို့ကို ဆည်းပူးသင်ယူရင်း စာရိတ္တကောင်းမွန်အောင် ကျင့်ကြံအားထုတ် သွားကြရမည်ဖြစ်သည်။ ကျောင်းဆရာ ဆရာမများကလည်း အတန်းပညာသင်ကြားပေးရုံသာမက စိတ်စေတနာကောင်း ထားတတ်လာအောင် ကျောင်းသားလူငယ်များ၏စိတ်ကို ပြုပြင်သွန်သင်ပေးရန် လိုအပ်ပါသည်။ လူငယ်လူရွယ်တိုင်းသည် စာရိတ္တ၏တန်ဖိုးကို သိမြင်နားလည်ကာ စာရိတ္တကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင်ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

**နိုင်ငံတော်က မျှော်လင့်အားထားနေသော သားကောင်း သမီးကောင်း ရတနာများဖြစ်လာရေးအတွက် ကျောင်းသား လူငယ်အရွယ်ဘဝမှစတင်ကာ အသိပညာ၊ အတတ်ပညာတို့ကို ဆည်းပူးသင်ယူရင်း စာရိတ္တကောင်းမွန်အောင် ကျင့်ကြံအားထုတ်သွားကြရမည်ဖြစ်သည်။ ကျောင်းဆရာ ဆရာမများကလည်း အတန်းပညာသင်ကြားပေးရုံသာမက စိတ်စေတနာကောင်း ထားတတ်လာအောင် ကျောင်းသားလူငယ်များ၏စိတ်ကို ပြုပြင်သွန်သင်ပေးရန် လိုအပ်ပါသည်။ လူငယ်လူရွယ်တိုင်းသည် စာရိတ္တ၏တန်ဖိုးကို သိမြင်နားလည်ကာ စာရိတ္တကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင်ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။**

သူတစ်ပါး၏အသက်အိုးအိမ်ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးဝှက်လုယက်ခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာပြုကျင့်ခြင်း၊ လိမ်ညာလှည့်စားခြင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်းစသည့်တို့မှာ တရားဥပဒေကို ချိုးဖောက်သောဒုစရိုက်မှုများဖြစ်သည်။ ထိုသို့ ဒုစရိုက်များကို အကောင်းဆုံးတားဆီးနိုင်သော နည်းလမ်းကား ရင်သွေးငယ်များ၏ နှလုံးသည်းပွတ်တွင် မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒများကိန်းဝပ်နေအောင် လုပ်ဆောင်ပေးသည့် နည်းပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒများသည် မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား၊ ကိုယ်ချင်းစာတရားများကို အလေးထားလျက် သူတစ်ပါးတို့အား မထိခိုက်မနစ်နာစေဘဲ အပြစ်ကင်းအောင်ပြုမူပြောဆိုကြံစည်အားထုတ်ရန်သွန်သင်ဆုံးမညွှန်ပြထားပေသည်။

ထို့အပြင် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသည့်ကျင့်ဝတ်များသည် လည်းကောင်း၊ ကြီးပွားချမ်းသာကြောင်းကို ဖြစ်စေသော မင်္ဂလသုတ်တရားတော်များသည်လည်းကောင်း၊ ဓမ္မပဒစသော ကျမ်းဂန်များနှင့်နီတိကျမ်းလာအဆုံးအမများသည်လည်းကောင်း မြန်မာတို့ကို ယဉ်ကျေးမှုအရာ၌ အထွတ်အထိပ်သို့ရောက်အောင်ပို့ဆောင်ပေးခဲ့သည့်အပြင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော မိသားစုဘဝနှင့်လူ့အဖွဲ့အစည်းတို့ကို ဖြစ်ထွန်းပေါ်ပေါက်စေခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သီဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်စသော ထိုထိုသုတ်တို့၌ လူသားတိုင်းလိုက်နာကျင့်ကြံရမည့် လူ့ကျင့်ဝတ်များကို ဟောကြားတော်မူခဲ့သည်။ ထိုကျင့်ဝတ်များသည် ရဟန်းတော်များ၏ ဝိနည်းဥပဒေများကဲ့သို့ လူသားတိုင်းအမှန်ကျင့်ကြံရမည့် “ဂိဟိဝိနယ”ခေါ် လူ့ဝိနည်း ဥပဒေများပင်ဖြစ်သည်။ ထိုကျင့်ဝတ်များကို လိုက်နာကျင့်သုံးပါက ဗလငါးတန်နှင့် ပြည့်စုံသော လူတော်လူကောင်းတစ်ယောက်ဖြစ်လာပြီးလျှင် နှလုံးစိတ်ဝမ်းအေးချမ်းသောဘဝကို ရရှိခံစားရမည်။

“မကောင်းမှုဟူသမျှကို မပြုလုပ်ရာ”၊ “ကောင်းမှုဟူသမျှ ပြည့်စုံစေရာ၏။” “မိမိစိတ်ကိုဖြူစင်သန့်စင်စေရာ၏” ဟု ပွင့်တော်မူပြီးသော ဘုရားရှင်အဆူဆူတို့ ဟောကြားတော်မူခဲ့ပါသည်။ ဤဒေသနာတော်အရ လူတွင် စိတ်ကောင်း၊ စေတနာကောင်းထားရှိ မွေးမြူရေးသည် အထူးအရေးကြီးကြောင်း ထင်ရှားစေပါသည်။

“အကျင့်သီလ စာရိတ္တ ကောင်းမွန်ခြင်းနှင့် ရိုးသားဖြောင့်မတ်မှန်ကန်ခြင်းသည် ဆင်းရဲနွမ်းပါးသူတို့၏ မကုန်ခန်းနိုင်သော တန်ဖိုးမဖြတ်နိုင်သည့် အရင်းအနှီးတွေဖြစ်သည်”ဟု သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ တရားတော်တွင် နာယူမှတ်သားဖူးပါသည်။

"Honesty is the best Policy" ဟူသော အင်္ဂလိပ်စကားပုံသည် ရိုးသားခြင်းဂုဏ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ရိုးသားမှုဂုဏ် စားမကုန်ဆိုသကဲ့သို့ ရိုးသားမှုကို တန်ဖိုးဖြတ်၍ မရနိုင်ပါ။

ရိုးသားခြင်းသည် အမှန်တရားကိုမြတ်နိုးခြင်းပင်ဖြစ်သည်။ ရိုးသားခြင်းကြောင့် ဒုက္ခတွေ့ချင်တွေ့မည်။ ဖြောင့်မှန်စွာလုပ်ဆောင်ခြင်းကြောင့် အန္တရာယ်ကြုံချင်ကြုံမည်။ ရိုးသားဖြောင့်မှန်သူသည် မည်သည့်အခြေအနေမျိုးကိုရင်ဆိုင်ရသည်ဖြစ်စေ၊ ရဲရင့်သောစိတ်ဓာတ်ဖြင့် မှန်ကန်သောအဖြေကိုသာ ပေးမည်ဖြစ်သည်။ ဒုက္ခတွေ့ကြုံရခြင်း၊ အန္တရာယ်ကိုရင်ဆိုင်ရခြင်းကြောင့် မရိုးမသား လိမ်ညာပြောဆိုလိမ့်မည် မဟုတ်။ ဒုက္ခတွေ့တိုင်း ကျောခိုင်း ရှောင်ခွာလိမ်ညာထွက်ပြေးသူကား မရိုးသားသော သူ့ရဲဘောကြောင်သူသာဖြစ်သည်။

“အရိုးပေါ် အရွက်မဖုံး”ဟူသော စကားကဲ့သို့ ရိုးသားမှု ဂုဏ်သတင်းရနံ့ကို မည်သူမျှတားဆီး၍ မရနိုင်ဘဲ လူ့ပတ်ဝန်းကျင်၌ ကြိုင်လှိုင်ပျံ့နှံ့နေမြဲဖြစ်သည်။ ယနေ့ လူငယ်များသည် အောင်မြင်ပြည့်စုံသော၊ ဖွံ့ဖြိုးတိုးတက်သော ဘဝသစ်ကို ချီတက်တည်ဆောက်ရာ၌ ကိုယ်ကျင့်သီလစာရိတ္တနှင့် ပညာဉာဏ်အရည်အချင်းတို့ကို အခြေပြုကြိုးပမ်းရမည်ဖြစ်သည်။ ဦးစွာပထမစိတ်ကောင်းစိတ်မြတ်မွေးမြူရမည်။ ကိုယ်ကျင့်သီလစာရိတ္တ ကောင်းမွန်ပြီး စည်းကမ်းရှိရမည့်အပြင် ရိုးသားမှုကြိုးစားမှုနှင့် ပြည့်စုံရမည်ဖြစ်သည်။

မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ၊ စေတနာအပြည့်ထားပြီးလုပ်ပါက အမြဲတမ်းကံကောင်းနေပါလိမ့်မည်။ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်ပါလိမ့်မည်။ သို့ပါ၍ ရတနာသုံးပါးကို နှလုံးသား၌ ပိုက်ထွေး၍ ကိုယ်နှုတ်နှလုံး သုံးပါးလုံး ယဉ်ကျေးသိမ်မွေ့သော၊ အမျိုးဘာသာ ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးတတ်သော၊ ကိုယ်ကျင့်သီလ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်သော နိုင်ငံ့သားကောင်း သမီးကောင်း ရတနာများဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားအပ်ပါသည်။

■

## ဝမ်းမိုးဖောင်ဒေးရှင်းက မလှိုင်အလင်းဒါနအတွက် အလှူငွေလှူ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မိတ္ထီလာခရိုင် မလှိုင်မြို့ လေးမျက်နှာ ပရိယတ္တိစာသင်တိုက်၌ နိုဝင်ဘာ ၁၆ ရက်တွင် ရန်ကုန်မြို့ ဝမ်းမိုးဖောင်ဒေးရှင်း (ONE MORE FOUNDATION) က ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းသို့ အလှူတော်ငွေ ကျပ် ၂၅ သိန်းပေးအပ် လှူဒါန်းသည်။

ဝမ်းမိုးဖောင်ဒေးရှင်း ကိုယ်စား မလှိုင်မြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အလှူတော်ငွေ ပေးအပ်ရာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်း မျက်စိအလင်းဒါန အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်တင်က လက်ခံသည်။

ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အသင်းသည် ကုသိုလ်ဖြစ်အလင်းဒါနကို ၂၀၀၇ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ သာမန်မျက်စိဝေဒနာရှင် ၇၅၀၀ ဦးကို ကုသပေးပြီး အတွင်းတိမ်၊ ရေတိမ် ဝေဒနာရှင် ၁၃၆၇ ဦးကိုခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ထွန်းအောင်ကျော်၊ ပါမောက္ခ ဒေါ်မြင့်ခိုင်တို့ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များအဖွဲ့၊ မျက်မမြင်နှင့် မျက်ခမ်းစပ်ကာကွယ်ရေးဦးစီးဌာနမှ ဒေါက်တာ ဝင်းကိုရှိန် ဦးဆောင်သောအဖွဲ့၊ ဒေါက်တာ မေသူအောင်၊ ဒေါက်တာ နီလာသိန်းတို့ဦးဆောင်သောအဖွဲ့တို့က လုပ်အားဒါနလှူဒါန်းခဲ့ကြသည်။

မလှိုင်မြို့သည် မန္တလေးတိုင်းဒေသကြီး ပူပြင်းခြောက်သွေ့သော အရပ်ဒေသဖြစ်၍ မျက်စိဝေဒနာရှင်များပေါများပြီး အများအားဖြင့်စေတနာရှင်များ၏ အကူအညီရမှသာကုသနိုင်ကြသူများဖြစ်ကြသည်ဟုသိရသည်။

**(ကြေးမုံ)**

### အိတ်ဖွင့်တင်ဒါ(OpenTender)ခေါ်ယူခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဥတ္တရခရိုင်အင်ဂျင်နီယာမှူး ရုံးမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သောလမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ လမ်းခင်းပစ္စည်းများကို လမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ကျောက် | အမျိုးအစားအရေအတွက် |
|---|---|---|
| ၁။ | ခွဲကျောက်မျိုးစုံ | ၁၈၄၈ ကျင်း |
| ၂။ | ကျောက်ရောမြေ | ၂၂၃၁ ကျင်း |
| ၃။ | ဘိလပ်မြေ | ၂၆၈၉ အိတ် |
| ၄။ | သာမိုပလတ်စတစ် | ၁၃၅၈ အိတ် |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၁-၁၁-၂၀၁၃ရက် နံနက်၉း၃၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၄-၁၂-၂၀၁၃ရက် ညနေ၁၆း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၆-၁၂-၂၀၁၃ ရက် နံနက် ၁၀း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ဥတ္တရခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ ပျဉ်းမနားမြို့ (ဖုန်း-၀၆၇-၂၁၀၅၄)တွင် ၂၁-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

## နိုင်ငံခြားငွေသုံးမျိုးထည့်သွင်းအသုံးပြုနိုင်သည့် Visa ကတ်ထုတ်လုပ်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံသားများ၊ နိုင်ငံတကာသို့ ခရီးသွားရာတွင် လုံခြုံစိတ်ချလွယ်ကူစွာ သုံးစွဲနိုင်ရန်အတွက် ယူရို အမေရိကန်ဒေါ်လာနှင့် စင်ကာပူဒေါ်လာ သုံးမျိုးထည့်သွင်းအသုံးပြုနိုင်သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Multicurrency Visa Travel Prepaid Card များကို Visa နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့ ပူးပေါင်းကာ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးဆောင် Visa ကတ်နှင့်ပတ်သက်၍ မြန်မာ့ရှေ့ဆောင်ဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမင်းခိုင်က “ဒီကတ်ကို နောက်ဆုံးပေါ် အဆင့်မြင့်လုံခြုံရေးနည်းပညာနဲ့ လုပ်ထားပြီး ငွေကြေးကိုလည်း ကမ္ဘာပေါ်မှာ လူသုံးအများဆုံးအမျိုးအစားသုံးမျိုးနဲ့ ထည့်သွင်းအသုံးပြုလို့ ရပါတယ်။ ဒီကတ်နဲ့ အင်တာနက်ကနေ ငွေပေးချေမှုတွေ ပြုလုပ်နိုင်သလို မြန်မာနိုင်ငံအတွင်းကလွဲလို့ နိုင်ငံတကာက အေတီအမ် (ATM) စက်ပေါင်း နှစ်သန်းကျော်မှာ အသုံးပြုလို့ရပါတယ်။ သုံးပြီးသွားရင်လည်း ဝက်ဘ်ဆိုက်ကဖြစ်စေ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ကနေဖြစ်စေ ငွေပြန်ဖြည့်သွင်းနိုင်ပါတယ်။ ကတ်ထဲကိုလည်း အနည်းဆုံး အမေရိကန်ဒေါ်လာ နှစ်ရာကနေ ငါးထောင်အထိထည့်သွင်းထားနိုင်ပါတယ်။ ဒီကတ်ကို ထုတ်လုပ်ရတဲ့ရည်ရွယ်ချက်ကတော့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသို့ ခရီးသွားမယ့် မြန်မာနိုင်ငံသားတွေ ငွေကြေးကို လုံခြုံစိတ်ချစွာ သယ်ယူသွားနိုင်ပြီး လွယ်ကူစွာ သုံးစွဲနိုင်ဖို့ အတွက်ပါ”ဟု ရှင်းပြသည်။

Visa ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ Country Manager ဖြစ်သူ Mr. Hiro Tayler ကလည်း “ဒီလို မြန်မာ့အရှေ့ဆောင်ဘဏ်နဲ့ Visa တို့ပူးပေါင်းပြီး ဒီကတ်ကို ထုတ်လုပ်နိုင်တာကြောင့် မြန်မာနိုင်ငံသားတွေအနေနဲ့ နိုင်ငံတကာဈေးကွက်တွင် အီလက်ထရောနစ် ငွေပေးချေမှုကို အသုံးပြုခွင့်ရလာမှာ ဖြစ်ပါတယ်။ ဒီအတွက် ဂုဏ်လဲယူပါတယ်။ Visa အနေနဲ့ လောလောဆယ်မှာ မြန်မာ့ရှေ့ဆောင်ဘဏ် တစ်ခုတည်းနဲ့ပဲ မြန်မာပြည်မှာ စတင်မိတ်ဆက်တာဖြစ်ပေမယ့် နောက်ကျရင် အခြားဘဏ်တွေနဲ့လည်း ဆက်သွယ် ဆောင်ရွက်သွားမှာပါ”ဟု Visa ၏ မြန်မာနိုင်ငံတွင် ရှေ့ဆက်လုပ်ဆောင်သွားမည်နှင့် ပတ်သက်၍ ရှင်းပြသည်။

အဆိုပါကတ်များ ပြုလုပ်ရန် လျှောက်ထားလိုပါက ယခုလ ၂၈ ရက်နေ့မှစ၍ မြန်မာ့ရှေ့ဆောင်ဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

**(သီဟသူ)**



# နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်သူ့အစိုးရ ပါတီစုံဒီမိုကရေစီစနစ်၊ စျေးကွက်စီးပွားရေးစနစ်တို့သည် ယနေ့မိမိတို့နိုင်ငံတွင် ထင်ထင်ရှားရှားပေါ်ထွက်လာပြီဖြစ်ကြောင်း၊ လွှတ်တော်များ၏ သက်ဝင်လှုပ်ရှားဆောင်ရွက်မှုများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ အသိအမှတ်ပြုလာသည့်အတွက် ယနေ့ကာလတွင် လွှတ်တော်များ၏ အခန်းကဏ္ဍများနှင့် ဆောင်ရွက်ချက်များကို ပိုမိုအသိအမှတ်ပြု စိတ်ဝင်စားလာကြပြီး ပိုမိုအားကိုးယုံကြည်လာကြပြီဖြစ်သည်ဟု ပြောနိုင်ပါကြောင်းဖြင့် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မကွေးဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း(အောက်ပုံ)က ပြောကြားခဲ့သည်။**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက က မိမိတို့လွှတ်တော်များ စတင်ဖွဲ့စည်းဆောင်ရွက်စဉ်ကာလထက် ယခုအချိန်တွင် လွှတ်တော်များကို ပိုမိုစိတ်ဝင်စားလာကြသည့်အတွက် နိုင်ငံတွင်း ပြည်သူများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းအသီးသီးတို့သည် လွှတ်တော်သို့ လာရောက်လေ့လာလျက်ရှိနေပါကြောင်း၊ လွှတ်တော်ရပ်နားချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ကို ရွေးချယ်တင်မြှောက်ပေးလိုက်သည့်ဒေသများသို့သွားရောက်၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရသကဲ့သို့ ပြည်သူများနှင့်တွေ့ဆုံကာ လွှတ်တော်ကျင်းပချိန်များတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေများ ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်အတွင်းတွင် မသိနိုင်သည့်၊ မသိရသေးသည့်ကိစ္စရပ်များအား ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့တင်ပြဆွေးနွေးရသည့်အတွက် ပိုမိုနားလည်သိရှိရပါကြောင်း၊ ထို့ကြောင့် ရသည့်အချိန်အတွင်း ပြည်သူများထံသွားရောက်၍ လွှတ်တော်၏ ဆောင်ပုဒ်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

ယခုဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး မဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရတို့မှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများ ၊ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများ၊ ပြည်သူများ လက်တွေ့လိုက်နာနိုင်သည့် ဥပဒေများဖြစ်ရမည်ဟူ၍ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်၊ ပါတီအဖွဲ့အစည်းတစ်ခုတည်းအတွက်၊ အစိုးရအဖွဲ့တစ်ဖွဲ့တည်းအတွက် မဟုတ်ဘဲ ပြည်သူအတွက်၊ နိုင်ငံအတွက်ဖြစ်ရမည် ဖြစ်ပါကြောင်း။

ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆွေးနွေးကြားနာပြီး ပြည်သူတို့၏ လိုအပ်ချက်များအပေါ်မူတည်၍ လွှတ်တော်အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျှင် ပိုမိုကောင်းမည်ဟုယူဆ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မကွေးဒေသခံပြည်သူများ အနေဖြင့် မိမိတို့၏ ဆန္ဒသဘောထားများ၊ မိမိတို့ဒေသ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၁၃၀၀ ပြည့် အရေးတော်ပုံ ချောက်ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဖိုးလှကြီး၏ မိသားစုဝင်များအား အလျှုဝေ ၉၆ သိန်းလျှုဒါန်းခဲ့ကြောင်း ဒေသခံပြည်သူများ တွေ့ဆုံပွဲ အခမ်းအနားမှ သိရှိရသည်။

**(သတင်းစဉ်)**

## ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၄ ရက်နံနက် ၉နာရီတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာ အုပ်စုရှိ စိန်စီကျောင်းကြီးသို့ သွားရောက်လေ့လာကာ ယိုယွင်းပျက်စီးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်က အမတ်ကြီး ဦးရန်ဝေး၏ ကောင်းမှုဖြစ်သော အဆိုပါကျောင်းတိုက်ကြီးသည် လူတစ်ယောက်ဖက်၍ မရလောက်အောင်ကြီးမားသည့် တိုင်လုံးကြီးပေါင်း ၃၃၂ တိုင်ဖြင့် အခိုင်အမာ တည်ဆောက်ထားခဲ့ သော်လည်း နှစ်ကာလကြာရှည်စွာ ဖြတ်သန်းခဲ့ပြီးနောက် မျက်မှောက်ကာလတွင် အလွန်အမင်း ယိုယွင်းပျက်စီးလျက်ရှိနေသည်ကို တွေ့မြင်ရသည်။

ပြည်ထောင်စုဝန်ကြီးက ကျောင်းတိုက်ကြီး၏ ယိုယွင်းပျက်စီးမှုများကို ကြည့်ရှုလေ့လာကာ မြို့နယ်/ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွဲ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချစ်သူ့လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်၌ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပြီး **(အပေါ်ယာပုံ)** နိုင်ငံတော်အနေဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ပခန်းကြီး၊ မြောက်ပြင်၊ ကန်ဒေါင့်၊ ကုန်းတလင်း၊ ဆင်ချောင်းစသည့်ကျေးရွာများမှ လယ်ကွင်းများအတွက် စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ စရိတ်စက အကုန်အကျသက်သာစွာဖြင့် ကျေးရွာများအရောက် စိုက်ပျိုးရေရရှိစေရေးကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ တောင်သူလယ်သမားများ လိုအပ်သည့် စက်ယန္တရားများ၊ ရေစုပ်စက်များနှင့် လိုအပ်သောပစ္စည်းများကို နိုင်ငံတော်အပိုင်းမှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရေထု၊ လေထု၊ မြေထုအားလုံးကို နိုင်ငံတော်အစိုးရက ပိုင်ဆိုင်သည်ဖြစ်ခြင်းကို ပြည်သူများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ထို့အတွက် လယ်ယာကဏ္ဍတိုးတက်မြင့်မားလာစေရန် နိုင်ငံတော်အစိုးရက လယ်ယာမြေတိုးချဲ့ခြင်း၊ အဆင့်မီစနစ်ကျနသော လယ်ယာမြေကွက်များ ဖော်ထုတ်မည်ဆိုပါကလည်း ဒေသခံပြည်သူများအနေဖြင့် အသိတရားရှိရှိ နားလည်သိတတ်စွာဖြင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒေသခံတောင်သူများကိုယ်စား တောင်သူနှစ်ဦးက စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျေးရွာစာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးကဏ္ဍများအတွက် လိုအပ်သည့် လိုလားချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ယန္တရားများ အလုပ်လုပ်နေမှုတို့ကို လေ့လာကြည့်ရှုသည်။

ယင်းအပြင် စိုက်ပျိုးမြေဧရိယာများသို့ ရေဖြန့်ဝေပေးပို့နိုင်မှုအခြေအနေများကိုလည်းကောင်း၊ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည့် မြစ်ကမ်းပါးအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ သင့်သည်ကျေးရွာသို့ ရောက်ရှိကာ မြစ်ရေတင် ပင်မမြောင်းမကြီးမှတစ်ဆင့် စိုက်ကွင်းများဆီသို့ ရေရောက်ရှိပေးပို့နိုင်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးပြည်ထောင်စုဝန်ကြီးက စိုက်ကွင်းများအရောက် ရေပေးပို့နိုင်စေရေးအတွက် ပခန်းကြီး ဖောင်တော်ဦးဘုရားကြီးအနီးရှိ ရေမြောင်းမှသည် ကုန်းတလင်းကွင်း ရောက်သည်အထိ ရေပေးလက်တံ မြောင်းအသစ် တူးဖော်ဖောက်လုပ်ရေး၊ ရေစုကန်တည်ဆောက်ရေး၊ လျှပ်စစ်မြစ်ရေတင်ပင်မမြောင်း၏ လက်တံ(၁)နှင့်(၂) မြောင်းများကို ရှင်းလင်းပြုပြင်ပေးရေး စသည့်ကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ရေစကြိုမြို့နယ်၊ ဆင်တန့်နားကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဥပဒေနှင့်အညီ စည်းကမ်းရှိစွာနေထိုင်ရေး၊ လူမှုစီးပွားနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တပိုင်းဆိုင်ရာ ပိုမိုကောင်းမွန် ရင့်ကျက်လာစေရေး၊ ကျေးလက်နေလူထု အသိဉာဏ်ပညာနှင့်အမြင် ပိုမိုတိုးတက်လာစေရန်အတွက် နိုင်ငံရေး၊ လူမှုရေးကဏ္ဍများတွင် မျက်ခြည်မပြတ်လေ့လာသွားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် မှာကြားကာ ကျေးရွာနေပြည်သူများအတွက် စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊ ဒန်အိုးများနှင့် ဇလုံများ ပေးအပ်သည်။

ညနေပိုင်းတွင် ဆင်ချောင်းကျေးရွာ၌ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သမ္မတရုံးဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

☆ **ကျေးလက်ဒေသမှ**

ပြည်သူအားလုံးထံ ဖွံ့ဖြိုးတိုးတက်မှုအားလုံးကို မျှမျှတတ ပျံ့ပျံ့နှံ့နှံ့ အရောက်ပို့ဆောင်ပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများထံ ယင်းဖွံ့ဖြိုးမှုအသီးအပွင့်များအရောက် ဆောင်ကြဉ်းပေးနိုင်မည့်လုပ်ငန်းစဉ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးပင် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် လျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အဓိကကျသည့် ဝန်ဆောင်မှုဖြစ်ပါကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်မီသည့် လျှပ်စစ်မီးနှင့် သောက်သုံးရေဝန်ဆောင်မှုပေးနိုင်ရန် ယနေ့ အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားရယူခြင်း၊ ဒီဇယ်အင်ဂျင်အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်း၊ မဟာဓာတ်အားလိုင်းပြင်ပ ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များ ဖြစ်သည့် ရေအား၊ နေစွမ်းအင်၊ ဇီဝလောင်စာများ အသုံးပြု၍ အဖြေရှာခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိဒေသအခြေအနေအပေါ် မူတည်ပြီး နေအိမ်တစ်လုံးချင်း အိမ်သုံးဆိုလာစနစ်၊ ဆိုလာဗဟိုမှ ဖြန့်ဝေပေးသည့်စနစ်၊ ဆိုလာမီးအိမ် အားသွင်းငှားရမ်းမှုစနစ်၊ အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ချိသည့် စနစ်၊ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုသည့်စနစ် စသည့် စနစ်များကိုသုံးပြီး ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မဟာဓာတ်အားလိုင်းတိုးချဲ့မှုကို စီမံကိန်းဖြင့် ဆောင်ရွက်နေသော်လည်း ကျေးရွာအားလုံးသို့ ဓာတ်အားရောက်ရှိရေးမှာ ကန့်သတ်ချက်များစွာရှိပါကြောင်း။

မဟာဓာတ်အားလိုင်းနှင့် အလှမ်းဝေးနေဆဲဖြစ်သည့် ကျေးလက်ဒေသများသို့ လျှပ်စစ်မီးအရောက်ပေးပို့နိုင်ရေးအတွက် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် အတွေ့အကြုံများကို လေ့လာကြည့်ရာတွင် ဆိုလာစနစ်၊ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဇီဝလောင်စာဖြင့် ထုတ်လုပ်သည့်စနစ်များ ပူးတွဲပေါင်းစပ်ထားသည့် အသေးစား ဓာတ်အားလိုင်းစနစ်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါစနစ်မှာ လျင်မြန်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၊ လုပ်ငန်းတိုးချဲ့ရန်လည်း လွယ်ကူခြင်း၊ ရေရှည်တွင် ငွေကုန်ခံရကျိုးနပ်ခြင်းစသည့် အကျိုးကျေးဇူးများရှိပါကြောင်း။

ပြန်ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းစနစ်သည် ရေရှည်ခံပြီး မိမိဒေသသို့ မဟာဓာတ်အားလိုင်းရောက်ရှိလာပါက ချိတ်ဆက်နိုင်သည့် ထပ်တိုးသုံးစွဲမှုပြုနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဒီဇိုင်းမရေးဆွဲမီတွင် သုံးစွဲမည့်ပြည်သူများနှင့်တွေ့ဆုံ၍ တစ်ဦးချင်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီးမှ စနစ်တကျ တွက်ချက်ထုတ်လုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ သုံးစွဲသူပြည်သူများအနေဖြင့် လျှပ်စစ်မီးကိုကျွမ်းကျင်စွာ သုံးစွဲတတ်စေရန်၊ ဗဟုသုတရှိစေရန် လက်ထပ်သင်ကြားပေးမှုများလိုအပ်ကြောင်း၊ သို့မှသာ ရေရှည်တွင် ယင်းပြည်သူများက ကိုယ့်အားကိုယ်ကိုးပြီး လုပ်ငန်းစဉ်ကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရာတွင် ရွာခံကျွမ်းကျင်သူများကို မွေးထုတ်နိုင်သည့် ရပ်ရွာအခြေပြုချဉ်းကပ်မှုကို အသုံးပြုခြင်းဖြင့် ရေရှည်တည်တံ့ပြီး ကျေးရွာအတွက် အလုပ်အကိုင်နှင့်ဝင်ငွေဖန်တီးပေးရာ ရောက်မည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းမှာပင် စွမ်းအင်ချွေတာမှု ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးကြရန် အကြံပြုလိုပါကြောင်း။

ဤလုပ်ငန်းစဉ်မှာ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်နည်းပါးသော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် ကြီးမားလှသောကြောင့် လုပ်ငန်းစတင်နိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန် ပြည်တွင်းပြည်ပ ဘဏ္ဍာရေးအကူအညီများ ရယူ၍လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်၍ Public Private Partnership(PPP) စနစ်ဖြင့် လည်းကောင်း ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ လက်တွေ့လုပ်ငန်းခွင်ကျွမ်းကျင်မှုမှာ တန်ဖိုးမဖြတ်နိုင်ပါကြောင်း၊ စိတ်ကူးစိတ်သန်းကောင်းစွာချဉ်းကပ်ခြင်း၊ နည်းလမ်းပေါင်းစုံဖြင့် ဘဏ္ဍာငွေကြေးရှာဖွေခြင်း၊ စုပေါင်းအဖြေရှာခြင်းဟူသည့် အချက်များမှာ အရည်အသွေးမြင့်မားပြီး တာရှည်ခိုင်မြဲသည့် လျှပ်စစ်မီးနှင့် သောက်သုံးရေဝန်ဆောင်မှုကို လူထုကြီးထံအရောက်ပို့နိုင်ရန် ကြိုးစားသည့်လုပ်ငန်းစဉ်ကြီးတွင် မရှိမဖြစ်လိုအပ်ချက်များ ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များတွင် ကျေးလက်နေပြည်သူများ၊ လျှပ်စစ်နှင့်သောက်သုံးရေရရှိရေး ထုတ်လုပ် ထောက်ပံ့ပေးမည့်သူများ၊ နိုင်ငံတော်အစိုးရနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပါဝင်သည့် Stakeholder အားလုံးက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက်(၁၀)နှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ရာတွင် ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးပွားလာမှု စသည့် အကြောင်းတရားများကြောင့် ရေလိုအပ်မှုသည် မြင့်မားနေဆဲပင်ဖြစ်ပါကြောင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေအရင်းအမြစ်များစွာရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသေးပါကြောင်း၊ ထို့ကြောင့် ပေါင်းစည်းထားသည့် ရေစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အမျိုးသားရေး လိုအပ်ချက်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

အစည်းအဝေး တက်ရောက်လာကြသူများအနေဖြင့် ကျေးလက်ဒေသများတွင် အမှန်တကယ် လိုအပ်နေသည်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်နိုင်သည်က စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များရှိလာပါက နိုင်ငံတော်ပိုင်းက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ဤလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့်အတွက် အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေးနည်းလမ်းများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ကုမ္ပဏီများမှ လုပ်ငန်းရှင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအတွက် ဘဏ္ဍာရေးတာဝန်လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးကော်မတီကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါ ပထမအကြိမ်အစည်းအဝေးက ဆုံးဖြတ်ချက်(၁၂)ရပ် ချမှတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်များအနက် ကျေးလက်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများအား ကျေးလက်နေပြည်သူများ လွယ်ကူစွာ နားလည်နိုင်မည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အိမ်ထောင်စုတစ်စုတွင် အသုံးပြုမည့် ဆိုလာမီးလင်းရေးစနစ်အတွက် ခန့်မှန်းကုန်ကျငွေကို တွက်ချက်ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသမီးလင်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် ကုမ္ပဏီများ၏ အချက်အလက်များကို ပြုစုပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဖြန့်ဝေပေးပြီးဖြစ်သည်။ လိုအပ်သော ရန်ပုံငွေရရှိရေးအတွက် Development Partners များနှင့် ဆွေးနွေးခြင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုဝင်ဘာ ၂၂ ရက်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် လျှပ်စစ်မီးလင်းရေးစီမံကိန်းရေးဆွဲရေး (National Electrification Plan) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ပြီး အဆိုပါ စီမံချက်ရေးဆွဲခြင်းကို ယခုလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ကော်မတီအနေဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေအပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်းအလှူရှင်များ၏ အလှူငွေများ တိုးတက်ရရှိရေး၊ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လောလောဆယ်တွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ အာရှ-ဂျပန် ပေါင်းကူးရေးအဖွဲ့ (BAJ)၊ UNICEF၊ UN-HABITAT စသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားရေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော်  နိုဝင်ဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မလေးရှားရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ထိတွေ့ဆက်ဆံမှုနှင့် Navy to Navy Talk မှတစ်ဆင့် ကြည်း၊ ရေ၊ လေ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပင်လယ်ပြင်မှ တရားမဝင်ဝင်ရောက်မှုများ၊ တရားမဝင်ငါးဖမ်းခြင်းများအား ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မလေးရှားရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar နှင့်အတူ မလေးရှားရေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံစစ်သံမှူး Colonel Gan Seng Lock တို့ တက်ရောက်ခဲ့ကြကြောင်း မြဝတီသတင်းဌာနမှ သိရသည်။

**(ကြေးမုံ)**

**✪ မြန်မာယူ-၂၃ မှ**
**ဂျပန်ယူ-၂၀ - သုံးဂိုး**
**မြန်မာယူ-၂၃ - တစ်ဂိုး**

မြန်မာအသင်းမှာ တိုးတက်မှုအချို့သာ ရှိလာသော်လည်း အဆုံးသတ်ပိုင်းနှင့် ခံစစ်ပိုင်းအားနည်းမှုများနှင့်အတူ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ တိုက်စစ်ပိုင်းက အချိတ်အဆက်လွဲချော်ခြင်း၊ အခွင့်အရေးများအသုံးမချနိုင်ခြင်းအပြင် ခံစစ်ပိုင်းကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ဂျပန်ယူ-၂၀ အသင်းက ပုံမှန်သာကစားသွားပြီး အနိုင်ဂိုးများကို ရှစ်မိနစ်တွင် ပယ်နယ်တီမှ ကိုနို၊ ၇၁ မိနစ်တွင် တာနာဘီ၊ ၇၄ မိနစ်တွင် မီနာမီတို့က သွင်းယူခဲ့ပြီး မြန်မာအတွက် ချေပဂိုးတစ်ဂိုးကို ၈၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကောင်းစည်သူက သွင်းယူခဲ့သည်။

မြန်မာယူ-၂၃ အသင်းတွင် ဂိုး-ပြည့်ဖြိုးအောင်၊ နောက်တန်း-သက်နိုင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ စည်သူအောင်၊ အလယ်တန်း-ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ ရဲလင်းအောင်၊ ထူးထူးအောင်၊ ဆက်ဖြိုးဝေ/(ကျော်မင်းဦး)၊ အောင်သူ/(သိန်းသန်းဝင်း)၊ ကျော်ဇေယျာဝင်း၊ ရှေ့တန်း-ကျော်ကိုကို/ (ကောင်းစည်သူ) တို့ ပါဝင်ကစားခဲ့ကြသည်။

**မြန်မာယူ-၂၃ အသင်းနှင့် ဂျပန်ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

# ဒေသခံများနစ်နာမှုမရှိစေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ**

**သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၃)**

**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)**

၁။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား နိုင်ငံတော်၏အကျိုးစီးပွား၊ ဒေသခံပြည်သူလူထုအကျိုးစီးပွားနှင့် အနာဂတ်မျိုးဆက်တို့၏ အကျိုးစီးပွားကို ပြည့်ဝစွာရရှိစေရန်အတွက် အစီအမံများ ချမှတ်ပြီး စီမံကိန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိအမှတ်ပြုစံနှုန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်များ၊ အပင်နှင့်သတ္တဝါများ၊ မြေပေါ်မြေအောက်သယံဇာတများ၏ အရည်အသွေးများ၊ လေထုမြေထု အရည်အသွေးများ၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ အစရှိသည့် နယ်ပယ်အသီးသီးတွင် ထိခိုက်မှုမရှိစေရေးအတွက် ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ၄ ဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ ယနေ့အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သိရှိနိုင်ပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ ကော်မတီသည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် သိမ်းဆည်းခဲ့သောမြေအား အသေးစိတ်ပြန်လည်တိုင်းတာစေခဲ့ပြီး စီမံကိန်းအတွက် မလိုအပ်သောမြေမှ ၂၈၃ ဒသမ ၆၉ ဧကအား တောင်သူများသို့ ပြန်လည်ပေးအပ်ခဲ့ရာ မြေဧရိယာ ၂၄၄ ဒသမ ၂၁ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များနှင့်အတူ ပြန်လည်ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသောမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

၃။ ၂၀၁၁ ခုနှစ် ဧပြီလတွင် ပထမအကြိမ်မြေယာနစ်နာကြေးနှင့် သီးနှံလျော်ကြေးများအတွက် ငွေကျပ် ၄၀၅၄၉ ဒသမ ၂၀ သိန်းအား ထုတ်ပေးခဲ့ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ မြေယာများ၊ နှစ်ရှည်သီးနှံများနှင့် ရေတွင်းများအတွက် ၂၀၁၃ ခုနှစ် မတ်လမှစတင်၍ လျော်ကြေးငွေများအရ ပေးအပ်ခဲ့ရာ မြေဧက ၃၃၄၈ ဒသမ ၆၀ ဧကအတွက် နစ်နာကြေးငွေကျပ် ၃၄၅၅၂ ဒသမ ၇၄ သိန်း၊ နှစ်ရှည် သီးနှံများအတွက် လျော်ကြေးငွေကျပ် ၁၈၄၆ ဒသမ ၅၁ သိန်း၊ ရေတွင်း များအတွက် လျော်ကြေးငွေကျပ် ၂၆၄ ဒသမ ၆၂ သိန်း စုစုပေါင်း လျော်ကြေးငွေကျပ် ၃၆၆၆၃ ဒသမ ၈၇ သိန်းအား ဒုတိယအကြိမ်ထပ်မံ၍ ပေးလျော်ခဲ့ပါသည်။ တောင်သူများထံသို့ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လျော်ကြေးငွေပေးအပ်ခဲ့မှုမှာ စုစုပေါင်းငွေကျပ် ၇၇၂၁၃ ဒသမ ၀၇ သိန်းဖြစ်ပါသည်။

၄။ စိုက်ပျိုးမြေများပြန်လည်ဖော်ထုတ်ပေးခြင်း ဆောင်ရွက်ပေးလျက်ရှိရာ ဆားလင်းကြီးမြို့နယ် ဘုတ်စုကျေးရွာအနီး မြေလွတ် ၁၄၅ ဧကတွင် ၃၅ ဧက ဖော်ထုတ်နိုင်ခဲ့ပြီး နှစ်ရှည်ပင် ၁၆ ဧကအား စိုက်ပျိုးထားရှိပြီး ဖြစ်ပါသည်။

၅။ လျော်ကြေးများပေးအပ်စဉ် မြေပိုင်ဆိုင်မှုအငြင်းပွားမှုများ၊ လျော်ကြေးငွေပေးအပ်မှုကန့်ကွက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မြေယာမှုခင်းများ စစ်ဆေးရေးကော်မတီကိုဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ တရားမလမ်းကြောင်းအရ ဖြေရှင်းပြီးစီးသည့်အမှုများအတွက် လျော်ကြေးငွေများ ဆက်လက်ထုတ်ပေးလျက်ရှိပါသည်။

၆။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာသက်ရောက်မှုဆန်းစစ်ခြင်း (Environmental and Social Impact Accessment-ESIA) နှင့် သဘာဝပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုစီမံချက် (Environmental Management Plan-EMP)ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ဩစတြေးလျနိုင်ငံအခြေစိုက် Knight Pie'sold Consulting ကုမ္ပဏီနှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။ Knight Pie'sold Pty Limited မှ ပြုစုခဲ့သော ESIA အစီရင်ခံစာအား လက်ခံရရှိခဲ့ပြီးဖြစ်သည်။ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက် Construction Environmental and Social Management System-CESMS ကို Knight Pie'Sold Pty Limited မှ ပညာရှင်များက ရေးဆွဲတင်ပြခဲ့ပြီး CESMS ပါလုပ်ငန်းစီမံချက်များအတိုင်း စနစ်တကျဆောင်ရွက်ခြင်း ရှိ/မရှိ သိရှိနိုင်ရန် ဘက်မလိုက်သော အကဲဖြတ်အဖွဲ့ (Independent Monitoring Team-IMT)ကို Knight Pie'Sold Pty Ltd မှပညာရှင်များ၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံကျေးရွာများမှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့ဝင် ၁၄ ဦးဖြင့်ဖွဲ့စည်း၍ ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၇။ စီမံကိန်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝရှုခင်း၊ မြင်ကွင်းများ၏ (Aesthetic Value) ပျောက်ကွယ်မသွားစေရန်အတွက် ဇုန်(၃)ဇုန်ခွဲ၍ တစ်သျှူးယူကလစ်၊ တမာ၊ ကုက္ကိုနှင့် မဲဇလီစသည့် အပင်မျိုးစုံစိုက်ပျိုးခြင်းနှင့် ရွှေသမင်ဘေးမဲ့မြေဧရိယာအဖြစ် ၃၂ ဒသမ ၀၉ ဧကကို သတ်မှတ်ထားရှိပြီး ကျင်လည်ကျက်စားနိုင်ရန် အစာတဲငယ်များ၊ ရေကန်များတည်ဆောက်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများဆောင်ရွက်လျက်ရှိသည်။

၈။ ဒေသခံများအလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် စီမံကိန်းတည်ဆောက်ရေးကာလတွင် CSR ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်း အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် CSD Plan (Community Society Development Plan) ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကံကုန်းကျေးရွာ၊ တောင်ပလုကျေးရွာ၊ ထန်းတောကြီးကျေးရွာနှင့်ကျော်ရွာကျေးရွာတို့တွင် စာသင်ကျောင်းများတည်ဆောက်ပြုပြင်ပေးခြင်း၊ ဝက်မွေး-ကံတောနှင့် ဆည်တည်း-ဇီးတောကျေးရွာသစ်များတွင် မူလတန်းကြိုကျောင်းများတည်ဆောက်ပေးခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများ စာကြည့်တိုက်တည်ဆောက်ပေးခြင်း၊ စာအုပ်များနှင့် ပရိဘောဂလှူဒါန်းပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးပေးခြင်းများအတွက် ငွေကျပ် ၂၈၈၆ ဒသမ ၈၀ သိန်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းနှင့် ဆေးကုသပေးခြင်းများအတွက် ငွေကျပ် ၂၄၀၂ ဒသမ ၁၀ သိန်း၊ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးနှင့် ဆေးရုံသုံးပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၄၂၅၀ သိန်း၊ စီမံကိန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဝါးတန်ကျေးရွာ၊ လယ်တီကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ ကျောက်ဖြူတိုင်ကျေးရွာ၊ ရွှေလှေကျေးရွာ၊ တောင်ပလုကျေးရွာ၊ ပလောင်ကျေးရွာနှင့် ကူးတို့ကုန်းကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ၃၁၁၆ ဒသမ ၇၁ သိန်း၊ ဝါးတန်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ မိုးကြိုးပြင်(တောင်၊ လယ်၊ မြောက်)ကျေးရွာနှင့် ကျော်ရွာကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၉၉၉ ဒသမ ၃၀ သိန်း၊ ဝါးတန်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ မိုးကြိုးပြင် (မြောက်)၊ ရွှေပန်းခိုင်ကျေးရွာ၊ သဲတောကြီးကျေးရွာ၊ လယ်တီကျေးရွာနှင့် ကျော်ရွာကျေးရွာများ ကျေးလက်လမ်းများပြုပြင်ခြင်းအတွက် ငွေကျပ် ၆၆၀ ဒသမ ၆၀ သိန်း အသီးသီးအကုန်အကျခံ၍ဆောင်ရွက်လျက်ရှိသည်။

၉။ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းတည်ဆောက်ရေးကာလတွင် ဒေသခံ ၁၃၆၀ ဦး အလုပ်ခန့်ထားပေးခဲ့ပြီးဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ စတင်ချိန်မှစ၍ တစ်နှစ်အတွင်း ၁၉၀၀ ခန့်ထားနိုင်ရေးစီစဉ်ထားရှိပြီး ၎င်းအနက်မှ ဒေသခံဘွဲ့ရ ၃၅၀ ဦးအား ရွေးချယ်စိစစ်၍သင်တန်းပို့ချပေးလျက်ရှိသည်။

၁၀။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသည် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံများ နစ်နာမှုမရှိစေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဒေသခံများအနေဖြင့် မိမိတို့၏သဘောဆန္ဒများ၊ လိုလားချက်များနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ဥပဒေဘောင်အတွင်းမှ နည်းလမ်းတကျဖြေရှင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်**
**စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ်**
**အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ**

**ရက်စွဲ။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်**

# (၉၃)နှစ်မြောက် အမျိုးသားနေ့

**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်**
**(၂၇-၁၁-၂၀၁၃)**

# (၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ အမျိုးသားပညာရည်မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

# ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများအပေါ် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော်  နိုဝင်ဘာ ၂၀**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း**(အပေါ်ပုံ)**တက်ရောက်၍ အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းလုပ်ငန်းအား စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စည်းရုံးရေးနည်းလမ်း၊ အုပ်ချုပ်ရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြဿနာအရင်းအမြစ်များဖြစ်သော ဒေသခံများ၏ ရေရှည်ဘဝအာမခံချက်အတွက် စိုးရိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရယူဆောင်ရွက်ရေးကိစ္စ၊ မြေယာလျော်ကြေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် အလုပ်အကိုင်ခန့်ထားရေးကိစ္စများအား ပွင့်လင်းမြင်သာစွာ ဖော်ဆောင်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့များအနေဖြင့် ပူးပေါင်းအဖြေရှာ ဖော်ဆောင်ကြရန်ဖြစ်ကြောင်း ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စီးပွားရေးလုပ်ငန်းကြီးများ၏တာဝန်ယူမှု(Corporate Social Responsibility) အား တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ကြေးနီစီမံကိန်းလုပ်ငန်းအား စုံစမ်းစစ်ဆေးရေးအစီရင်ခံစာ အကြံပြုချက်အတိုင်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့၏ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကော်မတီအနေဖြင့် ဒေသခံများ၏ နစ်နာမှုများအပေါ် လာရောက်တင်ပြနိုင်ရန် ဆက်ဆံရေးရုံးဖွင့်လှစ်ပေးခြင်း၊ ငြိမ်းချမ်းစွာစုဝေးဆန္ဒဖော်ထုတ်ခွင့်များကို တရားဥပဒေနှင့်အညီ ခွင့်ပြုပေးခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်ပေးနေပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူအများ၏ အကျိုးစီးပွားအတွက် ဥပဒေပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကော်မတီဝင်များအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ဒေသခံပြည်သူများသည် မိမိတို့၏ မိဘ၊ ညီအစ်ကိုမောင်နှမများဖြစ်သည်ကို နှလုံးသွင်း၍ ယင်းတို့၏ နစ်နာဆုံးရှုံးမှုများအပေါ် ကိုယ်ချင်းစာတရား၊ စိတ်ရှည်သည်းခံမှု၊ စေတနာအရင်းခံတို့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်ဟု သမ္မတရုံးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးအား ကာနာဂါဝါပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးအား ဂျပန်နိုင်ငံ ကာနာဂါဝါပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Yuji KUROIWA ဦးဆောင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရေးမြှင့်တင်ခြင်း၊ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းကို ဂျပန်နိုင်ငံနှင့်နိုင်ငံတကာအကူအညီတို့ဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရေးကဏ္ဍအတွက် နိုင်ငံတကာမှကူညီထောက်ပံ့မှုများ၊ နိုင်ငံတကာအကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံ ကာနာဂါဝါခရိုင်ရှိ နည်းပညာ အထက်တန်းကျောင်းများသို့ မြန်မာနိုင်ငံ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူငါးဦး လေ့လာရေးခရီးစဉ်သွားရောက်နိုင်ရေးအတွက် လက်ခံစီစဉ် ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ဒုတိယဝန်ကြီးဒေါက်တာဘရွှေနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှသိရသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် **ထားဝယ်တိုင်းရင်းသားများပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ခုံဝင်းဒပ်ရပ်၊ အလယ်လမ်း၊ အမှတ်(၈၇) တွင် ပါတီရုံးချုပ် (ယာယီ) တည်ရှိသော **ထားဝယ်တိုင်းရင်းသားများပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရနိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ထားဝယ်တိုင်းရင်းသားများပါတီ၏အလံပုံစံ**

**ထားဝယ်တိုင်းရင်းသားများ ပါတီ၏တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မန္တလေးဘူတာကြီးအနီး ကားစောင့်နေစဉ် ဆိုင်ကယ်စီးလာသူနှစ်ဦးက လက်ကိုင်အိတ်လုပြေး

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀)၊ (၇၈)လမ်းထောင့် ဘူတာကြီးအရှေ့ဘက်ခြမ်းတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၆ နာရီက မန္တလေးဖျော်ဖြေပွဲလာရောက်သည့် ကိုဝင်းရွှေလင်း (၃၂)နှစ် သံလွင်လမ်း ရွှေတောင်ကြား (၂) ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေသူပါ ငါးဦးသည် ပါလာသော အထုပ်များကို လမ်းဘေးတွင်စုပုံချထားပြီး လာကြိုမည့်ကားကို စောင့်နေစဉ် (၇၈)လမ်းအတိုင်းမြောက်မှတောင်သို့ အမည်မသိအမျိုးသားနှစ်ဦး စီးနင်းလာသည့် နံပါတ်မပါဆိုင်ကယ်တစ်စီးရောက်ရှိလာပြီး စုပုံချထားသည့် ပစ္စည်းများအနက် ကိုဝင်းရွှေလင်း၏ဇနီးဖြစ်သူ၏ Arrow တံဆိပ်ပါ အနက်ရောင်လက်ကိုင်အိတ်တစ်လုံး၊ တံဆိပ်မမှတ်မိအသားရောင်လက်ကိုင်အိတ်တစ်လုံးနှင့် ကိုဝင်းရွှေလင်းနှင့် မမြတ်ဆုမွန်တို့အမည်ပါ မှတ်ပုံတင်ကတ် နှစ်ခု၊ စိန်လက်စွပ် တစ်ကွင်း၊ ရွှေဟန်းခိုန်း တစ်ခု၊ ငွေကျပ် သုံးသိန်းခွဲခန့်၊ ဆင်းကတ်ပါ HTC Butterfly အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ JVC အမျိုးအစား နားကြပ်တစ်ခု အနက်ရောင် အမျိုးသမီးလက်ကိုင်အိတ်တို့ကို ဆွဲယူ မောင်းနှင်ထွက်ပြေးသွားသဖြင့် ည ၁၀ နာရီတွင် ကိုဝင်းရွှေလင်းက တိုင်တန်းရာ မြို့မရဲစခန်း (ချမ်းအေးသာစံ)(ပ)၄၈၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉ အရ အမှုဖွင့်ပြီးတရားခံဖော်ထုတ်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၉ မိနစ် ၂၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၃၁၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region)ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၀)တွင် ပါရှိသော ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားပြေးဆွဲချိန်လျှော့ချသည့် သတင်းခေါင်းစဉ်အောက်တွင် အမှတ်(၅) အဆန်၏ ရန်ကုန်မှ ထွက်ချိန် (၀၅:၀၀)နာရီ အချိန်အစား (၁၅:၀၀) နာရီအချိန်အဖြစ် ပြင်ဆင်ဖတ်ရှုပါရန်။ **(ကြေးမုံ)**

# အရှယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်းစုဆောင်းခြင်း၊ တာဝန်ပေးခြင်းမရှိ

**မန္တလေး နိုဝင်ဘာ ၂၀**

အရှယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်းစုဆောင်းခြင်း၊ တာဝန်ပေးခြင်း လုံးဝမရှိစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ အရှယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်းစစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။ တပ်ထဲရှိ စစ်မှုထမ်းနေသော အရှယ်မရောက်သေးသူ ကလေးသူငယ်များကို ယခုအခါ တပ်မတော်မှ ကုလသမဂ္ဂမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ စနစ်တကျ ထွက်ခွင့်ပေးလျက်ရှိသည်။ အရှယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်စုဆောင်းခြင်း ခံရကြောင်း၊ တာဝန်ပေးခြင်းခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ လည်းကောင်း၊ ဖုန်း- ၀၉-၄၂၁၁ ၆၆၇၀၁ နှင့် ၀၉-၄၂၁၁ ၆၆၇၀၂ တို့သို့ ဆက်သွယ်ဆောင် ရွက်နိုင်ကြောင်း သိရသည်။

**(ဒီဗျာ)**

ပြည်ထောင်စုရေးရာ

## နည်းပညာသတင်း

ALEZ

# Jaguar မှ ဒီဇိုင်းလှုပသည့် Project 7

ဗြိတိန်နိုင်ငံအခြေစိုက် Jaguar မော်တော်ယာဉ်လုပ်ငန်းမှ ဒီဇိုင်းလှုပပြီး အင်ဂျင်စွမ်းအင်အားကောင်းသည့် ပြိုင်ကားတစ်မျိုးကို ဗြိတိန်နိုင်ငံ၏ လမ်းမများထက်တွင် မိတ်ဆက်ပြသခြင်းကို နည်းပညာစာမျက်နှာများတွင် တွေ့မြင်ရသည်။ နှစ်ယောက်စီးအမိုးအရှင်တပ်ထားသည့် ပြိုင်ကားတစ်မျိုးဖြစ်ပြီး ကံကောင်းခြင်း၏သင်္ကေတနံပါတ် ၇ ကိုအခြေခံကာ Project 7 ဟု အမည်ပေးထားကြောင်း၊ Jaguar မှ ဒီဇိုင်နာတစ်ဦးက ပြန်ကြားရေးမီဒီယာများသို့ ပြောကြားကြောင်း သိရသည်။ တစ်နာရီလျှင် မိုင် ၁၉၀ နှုန်းဖြင့် မောင်းနှင်နိုင်ပြီး ကမ္ဘာကျော် ပြိုင်ကားများ၏ အစဉ်အလာအတိုင်းပင် ကာဗွန်ဖိုက်ဘာကိုယ်ထည်ဖြစ်သည်ဟု သိရသည်။ ပြိုင်ကားတစ်စီးတွင်ပါဝင်သည့် ထိန်းချုပ်မောင်းနှင်မှုစနစ်အတွက် နည်းပညာအသစ်များထည့်သွင်းပေးထားပြီး မောင်းနှင်မှုအတွက် F-Type အမျိုးအစားဖြစ်သည်ဟု သိရသည်။ V-8 အမျိုးအစားအင်ဂျင်စနစ်ထည့်သွင်းပေးထားပြီး အင်ဂျင်စွမ်းအင် မှာ 5000CC ဖြစ်သည်ဟု Jaguar ၏ တည်ဆောက်ရေးအင်ဂျင်နီယာများက ၎င်းလုပ်ငန်းစုစာမျက်နှာတွင် ဖော်ပြထားသည်။ ဂီယာစနစ်အတွက် အလိုအလျောက်ထိန်းချုပ်မှုစနစ် Auto Gear ထည့်သွင်းတပ်ဆင်ပေးထားပြီး အရှိန်မြှင့်တင်မှုအတွက် ဂီယာ ရှစ်ချက်အထိ ပါဝင်သည်ဟု သိရသည်။ ဂီယာတစ်ချက်ချင်း အရှိန်မြှင့်တင်မှုအတွက် အချိန် ၄ ဒသမ ၁ စက္ကန့်ကြာမြင့်မည်ဟု ခန့်မှန်းထားပြီး ကားအတွင်းပိုင်းတွင် လုံခြုံရေးထိန်းချုပ်မှုနည်းပညာသစ်များနှင့် လမ်းညွှန်အချက်ပြမှုအဆင့်မြင့် နည်းပညာများ ထည့်သွင်းပေးထားသည် ဟု သိရသည်။ ပါဝါအိတ်ဇော နှစ်ခု ထည့်သွင်းပေးထားပြီး မောင်းနှင်ရေးဝတ်စုံ နှစ်စုံပါ ထည့်သွင်းပေးထားသည်ဟု သိရသည်။ ကား၏ ဘီးထိခိုက်ပျက်စီးမှုနည်းပါးစေရန် တာယာနှင့်ဘီးခွေ အတွက် အပေါ့ပါးဆုံးနှင့် အခိုင်ခံ့ဆုံးကုန်ကြမ်းများအသုံးပြုထားပြီး ဘီးလည်ပတ်မှုအားကောင်းသည်ဟု သိရသည်။ စျေးနှုန်းအတိအကျထုတ်ပြန်ထားခြင်းကို မသိရှိရသေးကြောင်း ပြည်နယ်ပြန်ကြားရေးမီဒီယာများက ပြောကြားသည်။

# ရန်ကုန်မြို့တော်ခန်းမအနီး လူကူးမျဉ်းကျားအဆင့်မြှင့်တိုးချဲ့ မျဉ်းဝါကြောင်း ထပ်မံရေးဆွဲဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့တော်၏ အချက်အချာကျသော လူစည်ကားရာနေရာဖြစ်သည့် မြို့တော်ခန်းမနှင့် ဗန္ဓုလပန်းခြံ အနီးတွင် နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်း၊တံတားဌာနမှ လမ်းသွားလမ်းလာ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းပြီး စိတ်ချမ်းမြေ့လွယ်ကူစွာ သွားလာနိုင်ရေးအတွက် လမ်းလုပ်သားများက ပန်းခြံလမ်းပေါ်တွင် လူကူးမျဉ်းဝါကျားအသစ်တိုးချဲ့ရေးဆွဲပြီး ဗန္ဓုလလမ်းပေါ်ရှိ လူကူးမျဉ်းဝါကျားအသစ်တိုးချဲ့ရေးဆွဲပြီး ဗန္ဓုလလမ်းပေါ်ရှိ လူကူးမျဉ်းဝါကျားကိုလည်းချဲ့၍ ထပ်မံရေးဆွဲနေသည်ကို တွေ့ရသည်။**(အောက်ပုံ)**

"ခရီးသွားပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းပြီး လမ်းကူးရာတွင် အဆင်ပြေစေရန် ဗန္ဓုလပန်းခြံရှေ့ရှိ ကားပါကင်ပလက်ဖောင်းဘက်မှ ဧမာနွေလ ဘုရားကျောင်းဘက် ပန်းခြံလမ်းပေါ်တွင် လူကူးမျဉ်းဝါကျားအသစ်တစ်ခုတိုးချဲ့ရေးဆွဲပေးသလို ဗန္ဓုလလမ်းပေါ်ရှိ ယခင်မျဉ်းဝါကြောင်းများကို သုံးပေခွဲအရှည်အကျယ်ချဲ့၍ ထပ်မံပြီး မျဉ်းဝါဆေးများထင်ရှားအောင်ရေးဆွဲပေးခဲ့တာပါ"ဟု လမ်း၊တံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ **သန်းဌေး(ဒလ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့)

- ၅း၄၀ "နီဗွာန်ရှာပုံတော်"တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၂း၂၀ World Of Knowledge (America's Lost Treasures Los Angeles)
- ၃း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၁၇)
- ၅း၁၅ Minute to Win It
- ၇း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၉)
- ၈း၁၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၂)စမ်းချောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေး]
- ၈း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၁)
- ၉း၂၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၁၁)
- ၁၀း၀၀ **Intellectual Talk** (မြန်မာတောင်သူလယ်သမားများ၏ ရှေ့ရေးနှင့် ဗဟိုကုန်စည်ဗိုင်၏ အခန်းကဏ္ဍ) (ဦးကိုကိုလှိုင်၊ ဦးကျော်မျိုးထွန်း)
- ၂း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

# ဆီးဂိမ်းပြိုင်ပွဲ စနစ်တကျအားပေးနိုင်ရေး လေ့ကျင့်

**မန္တလေး နိုဝင်ဘာ ၂၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းဌာ လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအား လိုက်ပါအားပေးနိုင်ရန် ရတနာပုံ FC Fan Club အဖွဲ့တွင် လူငယ် ၂၀၀ ခန့် စုစည်းပြီး "မြန်မာ့အားကစားကမ္ဘာလွှမ်းရမည်"၊"ဒို့မြန်မာနိုင်ပြီ"သီချင်းများဖြင့် သံပြိုင်သီဆိုခြင်း၊ ဘင်ခရာများ တီးမှုတ်လေ့ကျင့်ခြင်းများကို နိုဝင်ဘာ ဒုတိယပတ်မှစ၍ (စနေ၊ တနင်္ဂနွေနေ့) နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင်အဖွဲ့လိုက် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရွှေချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့

ရွှေချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့(၂၀၁၄-၂၀၁၆)ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိစေရန် ဆောင်ရွက်ထားရှိပါသည်။ အဆိုပါ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက် (စနေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များ
- (၁) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင်ဖြစ်ရပါမည်။
- (၂) ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူဖြစ်ရပါမည်။
- (၃) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းကမ်းများကို တိကျစွာလိုက်နာနိုင်သူဖြစ်ရပါမည်။
- (၄) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ ကြီးကြပ်စီမံခန့်ခွဲမှုကို လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (၅) မိမိကိုယ်တိုင်(ဆရာဝန်မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတစ်ပါတည်းယူဆောင်၍) လာရောက်ဆန္ဒပြုနိုင်သူ ဖြစ်ရမည်။

၂။ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံမည့်သူများ၏ သတ်မှတ်အရည်အချင်းများ
- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံသားဖြစ်ရမည်။
- (၂) ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူဖြစ်ရမည်။
- (၃) မြန်မာနိုင်ငံဆေးကောင်စီအသိအမှတ်ပြုဆေးပညာဘွဲ့နှင့် သက်တမ်းရှိ ဆမမှတ်ပုံတင်လက်ဝယ်ရှိသူဖြစ်ရမည်။
- (၄) မြန်မာနိုင်ငံဆရာဝန်အသင်းရာသက်ပန်အသင်းဝင်ဖြစ်ရပါမည်။
- (၅) နိုင်ငံရေးပါတီတစ်ခုခုတွင် အလုပ်အမှုဆောင်အဖွဲ့ဝင်မဖြစ်စေရ။
- (၆) ဆေးလောကဆိုင်ရာကျင့်ဝတ်သိက္ခာစည်းကမ်းများကို လေးစားလိုက်နာယုံကြည်သက်ဝင်သူဖြစ်ရပါမည်။
- (၇) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရပါမည်။
- (၈) အသင်းမှပေးအပ်သောတာဝန်ကို မိမိဆန္ဒသဘောဖြင့် လက်ခံပြီးကိုယ်ကျိုးမဖက် တာဝန်ကျေပွန်နိုင်သူဖြစ်ရပါမည်။

ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ် နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း (ရုံးပိတ်ရက်များအပါအဝင်) အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန်ဆန္ဒပြုလွှာပုံစံနှင့် ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းစာရင်းနှင့်ဂင်းတို့ကိုယ်ရေးရာဇဝင်များကို ၂၆-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက်ပိုင်းမှစတင်၍ ကော်မရှင်ရုံး၌ ကြေညာထားမည်ဖြစ်ပါသည်။

ထို့အပြင်ရွေးကောက်ပွဲဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်များရှိပါက အပတ်စဉ်တနလာနေ့နှင့်ပုဒ္ဓဟူးနေ့ မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ရွေးကောက်ပွဲကော်မရှင်နှင့် လာရောက်တွေ့ဆုံမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်


UNIQUE STAR TRAVELS

Dec 28 / Jan 16.30 (195,000)
Dec 31 / Jan 16.30 (195,000)
(80,000)

YU TONG Scania 2+2, Japan





### ပိုက်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မ/ဒဂုံ၊ ၄၂ ရပ်ကွက်၊ (၂၃ပေ× ပေ၆၀)၊ ၁ ထပ်ပျဉ်ထောင်ကောင်း၊ ရေမီးစုံပါမစ်(ဗထူးလမ်း)၊ ဗိုလ်မင်းရောင်လမ်းမကြီးတို့နှင့်နီး၊ ပတ်ဝန်းကျင်ကောင်း)ရောင်းဈေး သိန်း ၃၉၀ ၂။ မ/ဒဂုံ၊ ၄၂ ရပ်ကွက်၊ (၄၁ပေ×ပေ၆၀)၊ ၂ထပ်ပျဉ်ထောင်၊ ရေ မီးစုံ၊ ဂရန်(အတွင်းလမ်းမကျယ်၊ နေရာကောင်း၊ ပတ်ဝန်းကျင်ကောင်း၊ ခြံခတ်မြေမိုပြီး)
ရောင်းဈေး သိန်း ၁၀၀၀
(အရှေ့ပိတ်ရှင်းကင်း၊ ဦးရာလူရမည်)
ဖုန်း-၀၉-၃၁၃၀၅၅၀၊ ၀၉-၇၃ ၂၃၅၁၈၈

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်-၁၂/B၊ (၇)ထပ်တိုက်၏ မြေညီထပ်၊ ခြေရင်းဘက်(လမ်းမဘက်မှမျက်နှာမူလျှင် ယာဘက်မြမ်း) (အလျားဝ၂½ပေ×အနံ၀ေ၅၀) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းမြ[၁၄/ဓနဖ(နိုင်)၀၂၃ခုစ၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I (EP), D.B.L.,D.M.L
WIPO (SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး

ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,
WIPO (SWITZERLAND)
ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)
LL.B,WIPO (SWITZERLAND)
အထက်တန်းရှေ့နေများ

အမှတ်-၁၃ ၂ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉၃၁၁၆၇၀၈၆၊ ၀၉၇၃၁၁၅၁၀၅၂၊ ၀၉-၄ ၂၁၁၀၈၅၅၁

# ဆွေဗမာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာဦးလွန်းဖေ

တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)

ဆွေဗမာ ရုပ်ရှင် ကုမ္ပဏီ ပိုင်ရှင် ဒါရိုက်တာ ဦးလွန်းဖေ။

ရုပ်ရှင်ကြည့်ပရိသတ်အများစုသည် ရုပ်ရှင်ကြည့်ရာတွင် မင်းသား၊ မင်းသမီးကိုသာ အဓိကထားကြည့်ကြသည်။ ဒါရိုက်တာကိုစိတ်မဝင်စားပေ။ ကားကောင်းတစ်ကားကြည့်လိုက်ရသော်လည်း ဒါရိုက်တာဘယ်သူမှန်းမသိ၊ ရုပ်ရှင်တစ်ကားကောင်းခြင်း၊ ညံ့ခြင်းသည် ဒါရိုက်တာပေါ်တွင် မျှားစွာမူတည်သည်။ ဒါရိုက်တာသည် အခရာ၊ အဓိကမာလိန်မှူးနှင့်တူသလို ဥယျာဉ်မှူးဆိုလျှင်လည်း မမှား။ သို့သော် ဒါရိုက်တာတစ်ဦးတည်းကောင်းနေ၍လည်းမရ၊ ဘောလုံးအသင်းတစ်သင်းလို အားလုံးတက်ညီလက်ညီ ကောင်းပါမှ ထုတ်လုပ်သူကအစ၊ ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ၊ ကင်မရာ၊ မီးထိုး၊ အသံဖမ်း၊ အသံသွင်း၊ ဖလင်တည်းဖြတ်၊ နောက်ခံတေးဂီတ၊ ဝတ္ထု၊ ဇာတ်ညွှန်း စသည်ဖြင့် ဘက်စုံညီညွတ်ပါမှ အနုပညာလက်ရာမြောက် ကားတစ်ကားဖြစ်နိုင်သည်။

အချို့သောဇာတ်ကားများတွင် ဇာတ်ကားတစ်ကားလုံး ကောင်းသော်လည်း မင်းသား၊ မင်းသမီးကိုသာ အာရုံစိုက်ပြီး ဇာတ်ရံများအခန်းကိုအရေးမကြီးဟု ယူဆရိုက်ကူးကြသည့်အတွက် ပေါ့ပျက်ပျက်ဖြစ်ရသည်။ အသံဖမ်းညံ့၍ ဇာတ်ကားအရသာပျက်သည်များတွေ့ဖူးသည်။

ဇာတ်ကားတစ်ကား၏ ကောင်းခြင်း၊ အနုပညာလက်ရာမြောက်ခြင်း၊ မမြောက်ခြင်းကို တိုင်းတာရာ၌ အကယ်ဒမီရခြင်း၊ မရခြင်းနှင့်လည်းမသက်ဆိုင်၊ အကယ်ဒမီမရသော်လည်း အလွန်ကောင်းသော လက်ရာမြောက်ကားပေါင်းများစွာ ရှိသည်။ သည်နေရာတွင်ကျယ်ပြန့်သည်က အနုပညာလက်ရာမြောက်တိုင်းလည်း ပရိသတ်ကြိုက်ချင်မှကြိုက်မည်။ ပရိသတ်ကြိုက်တိုင်းလည်း လက်ရာမြောက်ချင်မှ မြောက်မည်။

တစ်ခါက ဒါရိုက်တာအကယ်ဒမီမောင်ဝဏ္ဏရိုက်ကူးခဲ့သည့် ဇော်လွင်၊ အကယ်ဒမီရှုမဝစမ်းစမ်းအေးတို့ ခေါင်းဆောင်ပါဝင်သည့် "ခြေဖဝါးတော်နုနု" ဇာတ်ကားရုံတင်ပြသရာ ဒါရိုက်တာသည် ဇာတ်သဘင်အနုပညာနှင့် ဇာတ်လောက၊ ဇာတ်သူဇာတ်သားတို့၏ဘဝအသေးစိတ်ကို ခြယ်မှုန်း ရိုက်ပြခဲ့သည်။ စထွက်သည်နှင့် ပညာသားပါလှသော အပျိုတော် ၁၂ ခန်းဖြင့် ပြသရာ ပရိသတ်အချို့ ထပြန်သွားသည်။ "ဒီလိုမှန်းသိ ဇော်ဝမ်းကားသွားကြည့်ပါတယ်၊ ဘာကားကြီးမှန်းလည်းမသိ"ဟု ပြောသူကပြော၊ ထိုဇာတ်ကားရုံတင်သည့်အခါ ခွက်ခွက်လန်အောင်ရှုံးကြောင်း သတင်းကြားရသည်။ သို့သော် မြန်မာ့ရုပ်ရှင်သမိုင်းတွင် "ခြေဖဝါးတော်နုနု" ဇာတ်ကားသည် ဂန္ဓဝင်မြောက်ဇာတ်ကားတစ်ကား၊ ထိုသို့သော ဇာတ်ကားမျိုး ယခင်ကလည်းပေါ်ပေါက်ခဲ့ခြင်းမရှိ၊ ယနေ့တိုင်လည်းမပေါ်ပေါက်သေး၊ ဖန်တီးသူအနုပညာရှင်၏ စေတနာကားအတိုင်းအဆမရှိ။

ယခုရေးသားတင်ပြမည့် ဒါရိုက်တာဦးလွန်းဖေကို ပရိသတ်သိချင်မှသိမည်၊ သိစေချင်သော စေတနာဆန္ဒဖြင့် ဤဆောင်းပါးကိုရေးသားပါသည်။ ရုပ်ရှင်ဖြင့် အသက်မွေးကြသော ရုပ်ရှင်လောကသားများသည် ဒါရိုက်တာဦးလွန်းဖေကိုမသိသူမရှိ၊ မြန်မာ့ရုပ်ရှင်ကို မျှားစွာအထောက်အကူပြုခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းကြောင်း ပြောကြလျှင် ချန်လှပ်ထား၍မရသော ဝါရင့်ဒါရိုက်တာတစ်ဦးဖြစ်သည်။ အေဝမ်းဖလင်နှင့် ဗြိတိသျှဘားမားဖလင်တို့သည် နိုင်ငံကျော်ရုပ်ရှင်ကုမ္ပဏီကြီးများ ဖြစ်ကြသည်။ ဇာတ်ကားတစ်ကားလုံးနှင့် သက်ဆိုင်သောအရာအားလုံး ဒေါင်ဒေါင်မြည်မှ သုံးသည်။ ဒါရိုက်တာဦးလွန်းဖေသည် အေဝမ်းဖလင်၏ လက်သုံးဒါရိုက်တာကြီးများအနက် တစ်ဦး၊ သို့ဆိုလျှင် ဆရာ ဦးလွန်းဖေ၏အနုပညာအတိမ်အနက်ကို မှန်းဆ၍ရလောက်ပြီထင်ပါသည်။

ဒါရိုက်တာဦးလွန်းဖေသည် ပြည်မြို့သား၊ မြန်မာသက္ကရာဇ် ၁၂၆၅ (၁၉၀၃)ခုနှစ်တွင် မွေးဖွားသည်။ ဖခင်မှာ လောကသာရမဂ္ဂဇင်းအယ်ဒီတာ၊ စာပေအနုပညာသမားရှုတော်မူတိုင်းရင်းဆေးကျမ်းကြီးကို ပြုစုခဲ့သည့် တိုင်းရင်းဆေးဆရာကြီး ဦးဘသင်၊ မွေးချင်းသုံးဦးရှိသည့် အနက် အငယ်ဆုံး၊ အစ်ကိုကြီးများဖြစ်ကြသည့် ဦးဘပွားနှင့် ဦးဘထွားတို့မှာ ဆေးလိပ်ခုံပိုင်ရှင်ကြီးများ၊ ၁၉၂၉ ခုနှစ်တွင် တကယ့်ရုပ်ရှင်ကုမ္ပဏီကိုစတင်တည်ထောင်ခဲ့ရာ လက်ရှိရိုက်ကူးနေသော ရုပ်ရှင်များသည် တကယ့်ရုပ်ရှင်မဟုတ်ဘူးလား စသည်ဖြင့် ပရိသတ်က ဝေဖန်ကန့်ကွက်ကြသည့်အတွက် ဒဂုန်ညွှန့်ရုပ်ရှင်အမည်သို့ ပြောင်းကာ ကိုယ်တိုင်ခေါင်းဆောင်မင်းသားအဖြစ် ဝေဠုဝတီ၊ မနောစကြာ၊ ရွှေပြည်စိုး၊ ပြည့်လက်ရုံး၊ ရာဇာ့တမာန်၊ သားရွှေခဲ၊ ချစ်မီးလျှံ၊ ဥဒါန်းတော်အသံတိတ်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ဒဂုန်ညွှန့်ရုပ်ရှင် ရပ်နားခဲ့ရသည်။ ဦးလွန်းဖေသည် ငယ်စဉ်ကတည်းက ဓာတ်ပုံဝါသနာပါပြီး လေ့လာလိုက်စားရာမှ ဓာတ်ပုံကျွမ်းကျင်ပညာရှင်ဖြစ်လာသည်။ ကင်မရာလှည့်စားချက် Camera Trick ဖန်တီးမှုများကို အမြဲတီထွင်ကြံဆသည်။ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားများတွင် Camera Trick သုံးလေ့ရှိ၏။ "ဒဂုန်ညွှန့်"ပျက်ပြီးနောက် "မြန်မာအဆွေ-အေဝမ်းဖလင်"သို့ရောက်ကာ ကင်မရာမင်းအဖြစ် စတင်ခဲ့သည်။ ထိုမှတစ်ဆင့် ဒါရိုက်တာအဖြစ် "အေဝမ်းဖလင်"၏ဇာတ်ကားများစွာ ရိုက်ကူးပေးခဲ့သည်။ "အေဝမ်း" ၏ မိတ်ဖက် "ရန်ကုန်ရုပ်ရှင်" အတွက်လည်း ကားပေါင်းများစွာ ရိုက်ကူးပေးခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် "ဆွေဗမာ" ရုပ်ရှင်ကုမ္ပဏီကို စတင်တည်ထောင်သည်။ ထို့နောက် "ဆွေဗမာ"ရုပ်ရှင်ဂြိုဟ်ကို ဆက်လက်တည်ဆောက်၍ ရုပ်ရှင်လခစားဝန်ထမ်းများ ခေါ်ယူခန့်ထားသည်။

ရန်ကုန်မြို့ မရမ်းကုန်း(၈ မိုင်) လူမှုဝန်ထမ်းသိပ္ပံကျောင်း နောက်ဘက်တွင် "ဆွေဗမာ" ရုပ်ရှင်ဂြိုဟ် တည်ရှိခဲ့ပြီး မြေဧက လေးဧကခန့် ကျယ်ဝန်းသည်။ Indoor စတူဒီယိုကြီးများ၊ ရိုက်ကူးဆေး၊ အသံဖမ်းစသည်ဖြင့် ရုပ်ရှင်ကားတစ်ကားထုတ်လုပ်ရန် ပစ္စည်းအစုံအလင်တည်ရှိသည်။ "ဆွေဗမာ"ရုပ်ရှင်မှစင်တင်ပေးခဲ့သော ရုပ်ရှင်ပညာရှင်များမှာလည်း မနည်းလှ။ "ဆွေဗမာ" ရုပ်ရှင်ကုမ္ပဏီသည် မြန်မာ့ရုပ်ရှင်အတွက် တစ်ထောင့်တစ်နေရာမှ မဏ္ဍိုင်တစ်ခုသဖွယ်ဖြည့်ဆည်းပေးခဲ့သည်။ အစဉ်အလာကြီးမားသော ရုပ်ရှင်ကုမ္ပဏီအဖြစ် ရပ်တည်ခဲ့၍ ရုပ်ရှင်ဇာတ်ကားပေါင်း ၅၄ ကားခန့် ထုတ်လုပ်ခဲ့သည်။ လက်လှမ်းမီသမျှ အချို့ကို ဖော်ပြရသော်-

စစ်ပြန်၊ သွေးသောက်၊ အား၊ ကုန်းဘောင်ဆက်၊ ဘုန်းစက်ရောင်၊ တရားနှင့်ဓား၊ နိုင်ရာစား၊ သမလပိမလ၊ ဗုဒ္ဓဂုဏ်ရောင်၊ ရွှေမြား၊ လူမိုက်နှင့် တရား၊ ချစ်ငွေ့ဝေဝေ၊ မျိုးမဲ့လုလင်၊ လောကိကြေးမုံ၊ စကြာယဉ်၊ ပိတောက်ရွှေဝါ၊ အတ္တကုမ္မာ၊ ကိုးမြို့ရှင်၊ ရွှေတိဂုံဘုရားသမိုင်း၊ သံသရာခရီးသည်၊ ဘဝမျဉ်းပြိုင်၊ ပဝါဖြူ၊ ဖိုးဝင်းတောင်သမိုင်း၊ အသည်းတံခါးဖွင့်ထားတယ်၊ ငယ်နာမည်အညို၊ ရွှေပင်နားတော့ ရွှေကျေး၊ ငယ်ကျွမ်းချစ်သူ၊ သတ္တိရှိမှ စိန်ခေါ်ပါ၊ ချစ်လွန်းကေသီ၊ မြစ်သုံးစင်းကိုဖြတ်၍၊ ကိုယ်တို့သူတို့ အကြောင်း၊ လူရည်ချွန်၊ ဂုဏ်ငယ်သူ၊ ခြေရာတစ်ထောင် မောင်မဲခေါင်၊ မာန်တံခွန်၊ တစ်ယောက်တစ်လှည့်၊ အကြောင်းကိုရှာသော်၊ ချစ်သူရှိသောမြို့တော်၊ ရေကြည်တစ်ပေါက်၊ ကျွန်တော်ပညာရှိ၊ သမ္မာဝတီ၊ ဝဏ္ဏသိရီ၊ စံရှားနှင့်ပျံလွှား၊ ညီမလေးငယ်ငယ်၊ မွန်းဂျန်၊ မာန်စွယ်၊ လေးဆူဒီပါ၊ ရှုတိုင်းယဉ်၊ သမ္ဘာရှင်၊ မှော်ဝိဇ္ဇာ၊ ယောပြန်ဘရှိန်း။

ဆက်လက်၍ ဒါရိုက်တာဦးလွန်းဖေ ရိုက်ကူးခဲ့သော ဇာတ်ကားများကို လက်လှမ်းမီသမျှတင်ပြရသည်ရှိသော်-

ရန်ကုန်ရုပ်ရှင်အတွက် ပွဲဦးထွက်လက်ရာ "ပုလဲရောင်" မင်းသားစိန်ညို၊ မင်းသမီးရွှေနှင်းဆီခင်ခင်မြင့်၊ ရန်ကုန်ရုပ်ရှင် "ရွှေနားပန်" မင်းသားတင်အောင်၊ မင်းသမီးရွှေနှင်းဆီခင်ခင်မြင့်၊ ရန်ကုန်ရုပ်ရှင် "နတ်သူဇာ" မင်းသားစိန်ညို၊ မင်းသမီးရွှေနှင်းဆီခင်ခင်မြင့်၊ ရန်ကုန်ရုပ်ရှင် "သူလျှိုမ"မင်းသားကျော်ညွှန့်၊ မင်းသမီးရွှေနှင်းဆီခင်ခင်မြင့်၊ ရန်ကုန်ရုပ်ရှင် "စိန်ဓားမြှောင်"မင်းသားကျော်ညွှန့်၊ မင်းသမီးရွှေနှင်းဆီခင်ခင်မြင့်၊ ရန်ကုန်ရုပ်ရှင် "လူဆိုးကြီး"မင်းသားကျော်မြင့်၊ ရန်ကုန်ရုပ်ရှင် "စွမ်းသတ္တိ" မင်းသားကျော်ညွှန့်၊ မင်းသမီးရွှေနှင်းဆီခင်ခင်မြင့်၊ အေဝမ်းဖလင်"ချစ်မဟာ"မင်းသားဘချစ် (ဗိုလ်အောင်ဒင်-ဦးဘချစ်)၊ မင်းသမီးခင်နှင်းရီ၊ အေဝမ်းဖလင် "မှော်စက်ရောင်" မင်းသားဘချစ် (ဗိုလ်အောင်ဒင်-ဦးဘချစ်)၊ မင်းသမီး မေစန်း(မျက်လှည့်၊ လက်လှည့်၊ ကင်မရာလှည့်စားချက်များဖြင့် လက်စွမ်းပြရိုက်ကူးခဲ့သော ဇာတ်ကား)တို့ဖြစ်ကြသည်။ ။

Tour Diamond Travel & Tour

အမြန်ဝယ်လိုသည်

Excellent အကျိုးဆောင်မှ မရမ်းကုန်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ သာကေတမြို့နယ်တို့ရှိ လမ်းမတန်းမြေကွက်များ အမြန်ဝယ်လိုသည်။ ဖုန်း-၀၉-၇၃၀၈၃၄၁၀

# လာလီဂါရင်ခုန်သံ - ၁၄

ရှိုင်းမင်းမင်း

*လာလီဂါပွဲစဉ် ၁၄ ကိုလာမယ့် ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ အက်သလက်တိကိုနဲ့ဆီဗီးလ်တို့ဟာအိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်သလို အနိုင်ရယူနိုင်မယ့်အခြေအနေတွေရှိနေသလို ရီးယယ်လ်နဲ့ဘာစီလိုနာတို့လည်း နိုင်ပွဲယူဆောင်သွားမယ့်ပွဲစဉ်ဖြစ်ပါတယ်။*

**ဗယ်လာဒိုးလစ် - အိုဆာစူနာ** နံနက် ၂း၃၀ (၂၃-၁၁-၁၃)

ဗယ်လာဒိုးလစ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ နိုင်ပေမယ့် တစ်ပွဲသာရှုံးတာကိုကြည့်ရင် ခံကစားအားကောင်းတာကို တွေ့ရတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ အိုဆာစူနာက ခြေစွမ်းပိုင်းအရသာမန်သာရှိတဲ့အသင်းပါ။ အိမ်ကွင်းအားရှိတဲ့ဗယ်လာဒိုးလစ်နဲ့ပဲ ရပ်တည်ရမယ်။

**ဘာစီလိုနာ - ဂရန်နာဒါ** ည ၉း၃၀(၂၃-၁၁-၁၃)

ဂရန်နာဒါမှာ ဘာစီလိုနာကို ယှဉ်ကစားနိုင်တဲ့အခြေမရှိပါဘူး။ ဘာစီလိုနာအနေနဲ့ ချန်ပီယံလိဂ်ရှိပေမယ့်လည်း အဆိုပါချန်ပီယံလိဂ်က အားစိုက်ဖို့သိပ်မလိုတဲ့ အခြေအနေမှာရှိပါတယ်။ နောက်ဆုံးနှစ်ပွဲဆက်အနိုင်ရခဲ့တဲ့ ဂရန်နာဒါခြေအရ ဂိုးနည်းနိုင်ပေမယ့် ဘာစီလိုနာပဲအနိုင်ရမှာပါ။

**ဆိုစီဒက် - ဆယ်တာပီဂို** ည ၁၁း၃၀ (၂၃-၁၁-၁၃)

ဆိုစီဒက်ဟာ ချန်ပီယံလိဂ်မှာ အမှားမခံတဲ့အခြေအနေရောက်နေတယ်။ ဆယ်တာပီဂိုက အဝေးကွင်းမှာလက်ရှိအနိုင်ရထားတဲ့ပွဲအားလုံးကို အနိုင်ရထားတာသတိပြုရမယ်။ ဆိုစီဒက်ခြေမဆိုးပေမယ့် သရေလောက်ပဲ ရမယ်လို့ ယူဆမိတယ်။

**အယ်မာရီယာ - ရီးယဲယ်** နံနက် ၁း၃၀ (၂၄-၁၁-၁၃)

အယ်မာရီယာဟာခုနောက်ပိုင်းမှာ သုံးပွဲဆက်အနိုင်နဲ့ ခြေကောင်းနေတာမှန်တယ်။ ဒါပေမယ့် ဘာစီလိုနာနဲ့ အက်သလက်ကိုအမိလိုက်ဖို့ ရီးယဲယ် အမှားခံမှာ မဟုတ်ဘူး။ ချန်ပီယံလိဂ်ရှိပေမယ့် ရီးယဲယ်အတွက်အဆိုပါပွဲဟာ ထင်သလောက်အရေးမပါပါဘူး။ ရီးယဲယ်နဲ့ ဂိုးအများကိုတော့ ရွေးချယ်ရမယ်။

**အက်သလက် - ဂီတာဖေး** နံနက် ၃း၃၀ (၂၄-၁၁-၁၃)

ချန်ပီယံလိဂ်မှာ အက်သလက်တိကိုအနေနဲ့ပွဲတိုင်း အနိုင်ရထားတဲ့အနေအထားဟာ ဒီပွဲကို ခြေကုန်ထုတ်ဖို့တွန်းအားဖြစ်စေမှာပါ။ ဂီတာဖေးကလည်း နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာနိုင်ခဲ့တဲ့အသင်း ဖြစ်တယ်။ ဒါကြောင့် အက်သလက်တီကိုတို့အိမ်ကွင်းမှာ ဖိအားပေးပြီး အနိုင်ကစားသွားနိုင်မှာပါ။

**လီဗန်တေး - ဗီလာရီးယဲလ်** ညနေ ၅း၃၀ (၂၄-၁၁-၁၃)

လီဗန်တေးဟာ နောက်ဆုံး သုံးပွဲဆက်အနိုင်မရခဲ့ပါဘူး။ အိမ်ကွင်းဖြစ်ပေမယ့် အိမ်ကွင်းမှာလည်း တစ်ပွဲသာအနိုင်ရထားတဲ့အသင်းပါ။ ဗီလာရီးယဲလ်က ခြေမဆိုးသလိုပြီးခဲ့တဲ့ပွဲစဉ်တုန်းက သရေကျထားတဲ့အတွက် နိုင်ပွဲရအောင် ပြန်လည်အားစိုက်လာမှာပါ။ ဗီလာရီးယဲလ်နဲ့ဂိုးအနည်းကို ရွေးချယ်မယ်။

**ဗယ်လီကာနို - အက်စ်ပန်ညော** ည ၁၀း၃၀ (၂၄-၁၁-၁၃)

ဗယ်လီကာနိုဟာ နောက်ဆုံး လေးပွဲမှာ သုံးပွဲရှုံးထားပါတယ်။ ဒါပေမယ့် အက်စ်ပန်ညောကလည်း နောက်ဆုံး သုံးပွဲဆက်အနိုင်မရခဲ့ဘူး။ အထူးသဖြင့် အက်စ်ပန်ညောဟာ အဝေးကွင်းမှာတစ်ပွဲသာ အနိုင်ရပါသေးတယ်။ ဒါကြောင့် ဗယ်လီကာနိုရဲ့အိမ်ကွင်းအားကို ပဲရွေးချယ်ရမှာပါ။

**အဲလ်ချီ - ဗလန်စီယာ** နံနက် ၀၀း၃၀ (၂၅-၁၁-၁၃)

အဲလ်ချီဟာ လက်ရှိအချိန်မှာခြေစွမ်းအရအကျဖက်ရောက်နေပါတယ်။ နောက်ဆုံး လေးပွဲဆက်အနိုင်မရခဲ့ဘူး။ ဗလန်စီယာကလည်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲသာနိုင်တယ်။ ယူရိုပါလိဂ်ကစားဖို့လည်းရှိတယ်။ အဝေးကွင်းမှာဆိုရင်လည်း ဗလန်စီယာခြေကျတတ်တယ်။ သရေကျဖို့များတယ်။

**ဆီဗီးလ် - ဘက်တစ်** နံနက် ၂း၃၀ (၂၅-၁၁-၁၃)

ဘက်တစ်ဟာ အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး နောက်ဆုံး ငါးပွဲဆက်တိုက် အနိုင်မရခဲ့ဘူး။ အဝေးကွင်းမှာဆိုရင်လည်း ခြောက်ပွဲမှာ ငါးပွဲအထိ ရှုံးအနိုင်မရှိသေးဘူး။ ဆီဗီးလ်က ခြေမငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းအားရှိတယ်။ ဆီဗီးလ်နဲ့ပဲ ရပ်တည်အား ပေးရမယ့်ပွဲပါ။

**မာလာဂါ - ဘီလ်ဘို** နံနက် ၃း၃၀ (၂၆-၁၁-၁၃)

မာလာဂါဟာ အိမ်ကွင်းကစားပုံမာကျောမှုရှိပေမယ့် ခုနောက်ပိုင်းမှာ ကစားပုံအားနည်းမှုတွေရှိနေပါတယ်။ နောက်ဆုံး ငါးပွဲမှာ တစ်ပွဲပဲနိုင်တယ်။ ဘီလ်ဘိုကနောက်ဆုံး ငါးပွဲမှာတစ်ပွဲသာရှုံးထားတဲ့အသင်းပါ။ အသင်းလိုက် ခြေလည်းအားကောင်းမှုရှိတာကြောင့် ဘီလ်ဘိုကပ်နိုင်မှာပါ။

# ခရစ်ကက်အားကစားပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာခရစ်ကက်အားကစား တိုးတက်ဖွံ့ဖြိုးလာစေရေးကို အဓိကရည်ရွယ်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော R.PIYARELAL LEAGUE ခရစ်ကက်အားကစားပြိုင်ပွဲနှင့် ARISTON(ရှုး/ထွက်)ခရစ်ကက်အားကစားပြိုင်ပွဲများအနက် R.PIYAREL AL LEAGUE ခရစ်ကက် အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ခရစ်ကက်ကွင်း (PCG) ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက် ခရစ်ကက် (YUCC) အသင်းက ဧရာဝတီခရစ်ကက် (AYWCC) အသင်းကို အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးအားကစားသမားဆုကို ဧရာဝတီခရစ်ကက်အသင်းမှ Mathew Rocbuck က ဆွတ်ခူးသွားသည်။

ဒုတိယပွဲစဉ်တွင် EOPCC ခရစ်ကက်အသင်းက မြန်မာအင်းဒီးယံ (MICC) ခရစ်ကက်အသင်းကို အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးအားကစားသမားဆုကို (EOPCC) ခရစ်ကက်အသင်းမှ Khalid က ဆွတ်ခူးသွားသည်။ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်က အကောင်းဆုံးအားကစားသမားဆုရ Khalid (EOPCC) အား ဆုချီးမြှင့်သည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် နှစ်နေရာခွဲ၍ ဆက်လက်ကျင်းပမည်ဖြစ်ရာ ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ရွှေပင်လုံခရစ်ကက်အားကစားကွင်း၌ အကယ်ဒမီ (ACC) ခရစ်ကက်အသင်းနှင့် EOPCC အသင်းတို့ကလည်းကောင်း၊ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ခရစ်ကက်အားကစားကွင်း (PCG) ၌ ရုပ်ရှင်အစည်းအရုံး ခရစ်ကက်အသင်းနှင့် ဧရာဝတီခရစ်ကက် (AYWCC) အသင်းတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)


27th SEA GAMES MYANMAR 2013 PYI TAW

အားကစားဝန်ကြီးဌာနမှ ဦးစီးပြီး ADMA Media မှ စီစဉ်သည့် SEA GAMES လှုံ့ဆော်ရေး Bill Board များကို ( မြည်သူများ သိရှိစေရန် ) တင်ဆင်နိုင်ရန်အတွက် Daw Win Garment Center ( I-MAX, Giorenzo, U'JAZZ, G-NINE ) မှ လုံခြုံရေး ကျပ်သိန်း ( ၃၅၀၀ ) ကျပ်တိတိအား 2013 - November (8) ရက်နေ့တွင် လုံခြုံရေး ပြီးစီးခဲ့ပါသောကြောင့် နိုင်ငံတော်အတွက် တစ်ကိုယ်တစ်လမ်းမှ ပါဝင်ခွင့်ရသည့် အခွင့်အရေးအား ဂုဏ်ယူဝမ်းမြောက်မိ ပါကြောင်းနှင့် 27th SEA GAMES ပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံ ကိုယ်စားပြု အားကစားသမားများ ရွေတစ်ထီပ်ရှ ထွတ်ခုးပြီး နိုင်ငံဂုဏ်အား မြင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းဇောတင်းအပ်ပါသည်။

i-MAX Giorenzo U'JAZZ G-NINE

ဂေဟာဆွာမြင့်
ဒေါ်ဝင်းယုသန်း
ဥက္ကဋ္ဌ
DAW WIN GARMENT CENTER
( I-MAX & Giorenzo )

ရိုမေးနီးယားတို့၏ လှပသော ရိုစီယာမွန်တားနားကျေးရွာကို တွေ့ရစဉ်။

# ကနေဒီယံ ရွှေတူးဖော်ရေးစီမံကိန်း ရိုမေးနီးယားအထက်လွှတ်တော် ပယ်ချ

ဘူခါရက် နိုဝင်ဘာ ၂၀

**ရိုမေးနီးယား အထက်လွှတ်တော်က အငြင်းပွားလျက်ရှိသည့် ရွှေတူးဖော်ရေးဥပဒေကြမ်းကို အင်္ဂါနေ့တွင် ပယ်ချလိုက်သည်။**

အကယ်၍ ယင်းဥပဒေကြမ်းကို အတည်ပြုပေးခဲ့လျှင် လွန်ခဲ့သည့် နှစ်လခန့်က လူထုကန့်ကွက်ဆန္ဒပြမှု ဖြစ်ပေါ်စေခဲ့ သော ကနေဒီယံရွှေတူးဖော်ရေးစီမံကိန်းကြီးကို အကောင်အထည်ဖော်ရန် လမ်းပွင့်သွားစေမည် ဖြစ်သည်။

အထက်လွှတ်တော်အမတ် ၁၁၉ ဦးက ကန့်ကွက်မဲပေးခဲ့ကြပြီး သုံးဦးက ထောက်ခံမဲပေး၍ ခြောက်ဦးမှာ မဲမပေးဘဲနေခဲ့ကြသည်။ သို့သော်လည်း အောက်လွှတ်တော်၏ အဆုံးအဖြတ်သည်သာ နောက်ဆုံးအတည် ဖြစ်သည်။

### မျှော်လင့်

အမေရိကန် ဘီလျံနာသူဌေးကြီး ဂျွန်ပေါ်ဆန်က ကျောထောက်နောက်ခံ ပြုထားသော ကနေဒီယံမိုင်နာဂါဘရီ ရဲလ်ရီဆို့ဆစ်နှင့် အစ္စရေးနိုင်ငံမှ ဘင်နီစတိန်းမက်(ဇ)ဂရုတို့က ထရန်စီလ်ဗေးနီးယားရှိ ပန်းချီကားတစ်ချပ် နှယ် သာယာလှပသည့် ရိုစီယာမွန်တားနားကျေးရွာတွင် ရွှေတန်ချိန် ၃၀၀ တူးဖော်ရရှိနိုင်မည်ဟု မျှော်လင့်ထားကြသည်။

### ပျက်စီးမည်

တူးဖော်ခွင့်သာရပါက ဥရောပတွင် အကြီးဆုံးသော ဟင်းလင်းဖွင့်နည်းဖြင့် တူးဖော်သည့် သတ္တုတူးဖော်ရေး လုပ်ငန်းကြီးဖြစ်လာမည်ဖြစ်သည်။ သို့သော် တန်ချိန်ထောင်ပေါင်းများစွာ သော ဆိုင်ယာနိုက်များကို အသုံးပြု မည်ဖြစ်သည့်အပြင် ရိုမန်ခေတ်မှ သတ္တုတွင်းများ၏ ဖြောင့်တန်းနေသော ဥမင်လိုဏ်များလည်း ပျက်စီးကုန်မည်ဖြစ်သည်။

ပါလီမန်က ထောက်ခံမှုမပြုသော်လည်း ဂါဘရီရဲလ်ရီဆို့ဆစ်၏ ဒေသဆိုင်ရာလက်အောက်ခံရိုစီယာမွန်တားနားဝိုးလ်ကော်ပိုရေးရှင်းက သတ္တု တူးဖော်ခွင့်ရရှိရန် ဆက်လက်ကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အထက်လွှတ်တော်က ငြင်းပယ်သော်လည်း ယင်းရွှေတူးဖော်ရေး ဥပဒေကြမ်းသည် အောက်လွှတ်တော်၏ အတည်ပြုချက်ဖြင့် အသက်ဝင်လာနိုင်သေးသည်။

သို့သော် အောက်လွှတ်တော်သည် အထက်လွှတ်တော်၏ ဆုံးဖြတ်ချက် အတိုင်းလိုက်နာ၍ ငြင်းပယ်ကြမည်ဟု ဝေဖန်သူများက မျှော်လင့်ကြသည်။

**အေအက်ဖ်ပီ။**

# သူလျှိုလုပ်မှုကြောင့် အင်ဒိုနီးရှားက သြစတြေးလျှနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ရပ်ဆိုင်း

**ဂျကာတာ နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများကို သြစတြေးလျှက သူလျှိုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ဂျကာတာက ကန်ဘာရာနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ ဗုဒ္ဓဟူးနေ့သတင်းတွင် ဖော်ပြသည်။

သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုက ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးတွဲစစ်ရေး လေ့ကျင့်ခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ခြင်းတို့အပါအဝင် ပူးပေါင်း ဆောင်ရွက်ခြင်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။

### ကြေညာ

တနလာဟရေတွင်ဂျကာတာကဂင်း၏ သံအမတ်ကို ကန်ဘာရာမှ ပြန်ခေါ်ပြီး နောက်တစ်ရက်တွင် ကြေညာခြင်းဖြစ်သည်။

အမေရိကန် ထောက်လှမ်းရေးဝန်ထမ်းဟောင်း အက်ဝပ်စနိုးဒင်ထံမှ ပေါက်ကြားလာသော သတင်းများကို အခြေခံ၍ သြစတြေးလျှမီဒီယာများက အင်ဒိုအစိုးရအရာရှိများကို သြစတြေးလျှက သူလျှိုလုပ်သည့် သတင်းများ အား ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

### ခိုးနားထောင်

သြစတြေးလျှ ထောက်လှမ်းရေးအဖွဲ့သည်အင်ဒိုနီးရှား သမ္မတဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုယိုနို၊ သမ္မတကတော်၊ ဒုတိယသမ္မတနှင့် ထိပ်တန်းဝန်ကြီးများ၏ ဖုန်းပြောဆိုခြင်းများကို ကြားဖြတ်ခိုးယူနားထောင်ခဲ့ကြသည်ဟု အက်ဝပ်ဖွင့်ချသော မှတ်တမ်းများတွင် ဖော်ပြထားသည်ဟု သြစတြေးလျှ အသံလွှင့်ကော်ပိုရေးရှင်း(အေဘီစီ)နှင့် ဂါဒီယန်သတင်းစာတို့က ပြောကြားသည်။

**ဘီဘီစီ။**

# အီရတ်နိုင်ငံတွင် ဗုံးခွဲမှုများဖြစ်ပွား ၂၄ဦးသေဆုံး၊ ၆၅ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၀

**အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ လူ ၂၄ဦးထက်မနည်းသေဆုံး၍ ၆၅ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားသည်။**

မြို့တော်ဘဂ္ဂဒက်တွင် နိုဝင်ဘာ ၂၀ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲခန့်က ကားဗုံးပေါက်ကွဲမှု ခြောက်ကြိမ် အပါအဝင် ပေါက်ကွဲမှု ခုနစ်ကြိမ်ဖြစ်ပွားကြောင်း လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုများသည် ဘဂ္ဂဒက်မြို့၏အဓိကကုန်သွယ်မှုနှင့် ဆိုင်သော ကာရာဒါဒေသအား ပစ်မှတ်ထား၍တိုက်ခိုက်မှုများပြုလုပ်ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အက်ဟာမီရတ်ဒေသတွင်လည်း ဗုံးတစ်လုံးပေါက်ကွဲကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများသည်မည်သည့် အုပ်စု၏လက်ချက်ဖြစ်သည်ကို ခိုင်မာစွာပြောကြားနိုင်မှု မရှိသော်လည်း အယ်လ်ခိုင်ဒါ အဆက်အနွယ်များ၏ လက်ချက်ပင်ဖြစ်နိုင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယခုနှစ်အစပိုင်းမှစ၍ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် လူပေါင်း ၅၆၀၀ကျော် သေဆုံးခဲ့ရကြောင်း၊ ယခုအကြမ်းဖက်မှုဖြစ်ရပ်သည် နောက်ဆုံးဖြစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

**ဗုံးပေါက်ကွဲပြီးနောက်အပျက်အစီးများကို စစ်ဆေးကြည့်ရှုနေကြစဉ်။**

ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန
ရခိုင်ပြည်နယ်၊ စစ်တွေမြို့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန(RC-၂ထပ်) ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရမြန်မာနိုင်ငံသား၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

-တင်ဒါပုံစံများစတင်ရောင်းချမည့်နေ့ရက် - ၂၁-၁၁-၂၀၁၃ရက်
-တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် -၂၇-၁၁-၂၀၁၃ရက်(၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာန(စစ်တွေမြို့) ဖုန်း-၀၉-၈၅၁၆၅၀၅၊ ၀၄၃-၂၃၄၅စတွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့











သွေးသည်
အသက်

## မွေးနေ့ဆုတောင်း

နိုဝင်ဘာ(၂၁)ရက်တွင် ကျရောက်သော ကိုကြီးချစ်ပုံ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သော ညီလေး၊ ညီမလေးများနှင့် အတူ အေးချမ်း၊ ပျော်ရွှင်၊ အောင်မြင်စွာ ဖြတ်သန်း နိုင်ပါစေ။

ချစ်ညီမလေးများ - ချစ်ငုံ၊ ချစ်တုံ
ချစ်ညီလေးများ - ချစ်အုံ၊ ချစ်စုံ၊ ချစ်ယုံ
- ချစ်လုံ၊ ချစ်ဘုံ

## (၄၄) နှစ်မြောက်
## လက်ထပ်မင်္ဂလာဆုတောင်းလွှာ

သတင်းစာဆရာ၊ စာရေးဆရာ၊ ကော့ကရိတ်မြို့နယ်အသင်း ဥက္ကဋ္ဌ ဖေဖေ ဦးသန်းအောင်နိုင်နှင့် အဇြိမ်းစားအထက်တန်းပြဆရာမ မေမေ ဒေါ်မိတင်တင်မြ(မော်လမြိုင်) တို့၏ ၂၁-၁၁-၂၀၁၃ရက်တွင် ကျရောက်သော (၄၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် သား၊ သမီး၊ မြေးများနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆောင်ရွက်နိုင်ပါစေ။

ချစ်သားကြီး - မင်းထွန်းဦးအောင်-မခင်မာလွင်(မြေး-အေးသဒ္ဒါဦး)
ချစ်သမီးများ - ကိုကောင်းထိုက်-မြသီတာအောင်
- မြမာလာအောင်
- ကိုနိုင်လင်းအောင်-မြနီလာအောင်(မြေး-ရဲထက်အောင်)
- ကိုမျိုးနိုင်ဦး-မြရတနာအောင် (မြေး-ရဲရင့်အောင်)
- မြဆွေဇင်အောင်

# ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အမျိုးသမီးငယ်များ ဝင်ငွေရှာ

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် တာတိုင်ကျေးရွာတွင် ရိုးရာရက်ကန်းလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ဒေသခံ အမျိုးသမီးငယ်များအတွက် အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။(ဝဲပုံ)

"ရက်ကန်းစင် လေးငါးစင်ရှိတဲ့အိမ်မှာ ဒေသခံ အမျိုးသမီးငယ်တွေက လက်စားရက်ကန်း ရက်ကြတယ်။ အထူးသဖြင့် အမျိုးသမီးဝတ် လုံချည်အတွက် ရက်လုပ်ရတာများတယ်။ အမျိုးအစားပေါ်မူတည်ပြီးတော့ ဝင်ငွေရတာချင်းလည်း ကွာတယ်။ ကချင်အစင်း၊ ဘူးစေ့စတဲ့ အမျိုးသမီးဝတ် လုံချည်ထည်မျိုးကို ရက်လုပ်တဲ့အခါ ကချင်အစင်း တစ်အုပ်ကို ၉၀၀၀ ကျပ် ရက်လုပ်ခရတယ်။ နှစ်ရက် သုံးရက်ခန့် ရက်လုပ်ရတယ်။ ဘူးစေ့ကျတော့ တစ်အုပ်ကို ရက်လုပ်ခ ၃၀၀၀၀ ကျပ်ရတယ်။ လေးငါးရက်ခန့် ရက်လုပ်ရတယ်။ ဘူးစေ့ကတော့ အကွက်တွေဖော်ပြီး ဘော်ကြယ်စေ့လေးတွေနဲ့ စနစ်တကျ ပုံဖော်ရက်လုပ်ရတာမို့ ရက်လုပ်ခ ပိုရတာဖြစ်ပါတယ်။ ရက်ကန်းရက်လုပ်သူရဲ့ ကျွမ်းကျင်မှုအပေါ်မူတည်ပြီးတော့ ရက်လုပ်ချိန်အနည်းအများတော့ ကွာနိုင်တယ်"ဟု တာတိုင်ကျေးရွာမှ ရက်ကန်းလုပ်ငန်းတွင် လက်စားရက်လုပ်သူ အမျိုးသမီးငယ် တစ်ဦးက ပြောကြားသည်။

တာတိုင်ကျေးရွာ ရက်ကန်းလုပ်ငန်းသည် ရိုးရာ လက်ရက်ကန်းလုပ်ငန်းဖြစ်ပြီး အမျိုးသမီးဝတ်လုံချည် ထည်များကို တောင်ကြီး၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့တို့ရှိ အထည်ဆိုင်ကြီးမှမှာယူသည့် အရေအတွက်အလိုက် ရက်လုပ်တင်ပို့ ရောင်းချခြင်းဖြစ်သည်။ တာတိုင်ကျေးရွာအပြင် ရေစကြိုမြို့နယ်အတွင်း တောင်အိုင်၊ ဆင်ချောင်း၊ ပခန်းကြီးစသည့် ကျေးရွာများတွင် ရိုးရာရက်ကန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

(၁၃၉)

# ရှင်မတောင် တောင်ခြေဒေသများ ရေလှောင်တမံများကြောင့် စိမ်းလန်းစိုပြည်

**ပခုက္ကူ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြို-ပခုက္ကူ-မြိုင်မြို့နယ် ကြိုဂံသုံးပွင့်ဆိုင် တည်ရှိရာ ရှင်မတောင် တောင်ခြေရင်းမှ ကျေးရွာများသည် ဆည်မြောင်းရေလှောင်တမံများကြောင့် သုံးရာသီလုံး စိမ်းလန်းစိုပြည်လျက် သီးနှံမျိုးစုံအထွက်တိုးလျက်ရှိနေကြောင်း သိရသည်။ ရေစကြိုမြို့နယ် ရှင်မတောင် တောင်ခြေရင်းရှိ ကျေးလက်ပြည်သူများသည် ဆင်ချောင်းတမံ၊ ငွေးချိုတမံ၊ မြေခဲတောင်တမံများကြောင့် ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ဝါ၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ငရုတ်၊ ပြောင်း၊ ကြက်သွန်များအပြင် စပါးများ ရှင်သန်ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။

"ကျွန်တော်တို့ဒေသက မိုးခေါင်တော့ စိုက်ပျိုးရေးအစား မွေးမြူရေးကိုပဲ စောက်ချပြီး လုပ်ကိုင်နေရတယ်။ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက် က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဩဂုတ် ၁၉ ရက်မှာ ပြီးခဲ့တဲ့ ငွေးချိုရေလှောင်တမံကြောင့် စိုက်ပျိုးရေးကိုလည်း အားထားလုပ်ကိုင်နေကြပါပြီ။ ရေရှိမှတော့ မြေကြီးက ရွှေသီးပြီပေါ့ဗျာ"ဟု ငွေးချိုရွာသားတစ်ဦးက ပြောကြားသည်။ ရှင်မတောင် တောင်ခြေရင်း၌ ကျေးလက်ပြည်သူများ သောက်သုံးရေအပြင်စိုက်ပျိုးရေ အတွက်ပါ ရည်ရွယ်၍ ဆင်ချောင်း ရေလှောင်တမံ၊ မြေခဲတောင် ရေလှောင်တမံများကိုလည်း နိုင်ငံတော်မှ တည်ဆောက် ပြီးစီးခဲ့ကြောင်းလည်း ကိုင်းမကြီးရွာသား တစ်ဦးကပြော ကြားသည်။

ငွေးချိုရေလှောင်တမံသည် ရေ ဆင်းဧရိယာ (၆)စတုရန်းမိုင်ရှိသည်။ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာလည်း ဧကပေ ၁၈၀၀ ရှိသည်။ မြေသားတမံ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၂၀၀၊ ကန်ရေသေ ရေလှောင်ပမာဏဧကပေ ၉၇၀၊ အများဆုံး အသုံးပြုနိုင်သည့် ဧကပေ ၂၂၄၀ ရှိ၍ စပါးစိုက်ဧက ၅၀ ဝန်းကျင်ရှိကြောင်း သိရှိရသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၁၈၄၀ ရှိသည်။ ကန်ရေပြင် ကျယ်ဧရိယာ ၁၂၄ ဧကရှိ၍ ဆည်ရေသောက်ဧကမှာလည်း ၄၀၀ ရှိကြောင်းသိရှိရသည်။ တူးမြောင်းမကြီး အလျားပေ ၁၅၀၀၀ ရှိကာ ငွေးချိုဒေသတစ်ဝိုက် စိမ်းလန်းစိုပြည်လျက်ရှိနေကြောင်း သိရသည်။ ဆင်ချောင်းရေလှောင်တမံမှာလည်း စီမံကိန်းမူလဧရိယာ ဧက ၁၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၇၉ ဧကပေ၊ ကန်ရေသေ ရေလှောင် ပမာဏ ၉၅ ဧကပေ၊ အများဆုံး အသုံးပြုနိုင်သည့် ဧကပေ ၂၇၈၄၊ စပါးစိုက်ဧက ၄၀ ဝန်းကျင်ရှိကြောင်း သိရှိရသည်။ မိုးရွာသွန်းမှုနည်းပါးပြီး ရေရှားပါးသော အညာဒေသအား စိမ်းလန်းစိုပြည်စေသော ရေလှောင်တမံများကြောင့် ရှင်မတောင် တောင်ခြေရင်းရှိ ရွာကလေးများသည် ဆည်မြောင်း ရေလှောင်တမံများကြောင့် ကန်ရေများကို မသောက်သုံးရတော့ဘဲ ကျန်းမာရေးနှင့်ညီညွတ်သော ရေများ ကိုသုံးစွဲနေရသည့်အပြင် သီးနှံမျိုးစုံ များကိုပါ စိုက်ပျိုးနေလျက်ရှိ၍ ဒေသ၏ လူမှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**နေဦးမောင်(ပခုက္ကူ)**

## အစိုးရ/အလုပ်အကိုင်အခွင့်အလမ်းကြော်ငြာ

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စက်မှုလယ်ယာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အပိုပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ရက်၊ ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**

**ပျောက်ဆုံး** ကျွန်တော် မောင်စအေးနိုင်(၁၄/အမန(နိုင်)၁၃၄၁၆)ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၀၈၉၀၉၉

### ဒေါ်အုပ်စုကုမ္ပဏီလီမိတက်
**အမှတ်(၃၀/၃၁)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၀၉၈၀ မှ ၅၀၀၉၈၅**

### ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| ၁။ | မြို့ပြအင်ဂျင်နီယာ ME,BE(Civil)<br>လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၅)နှစ်ရှိသူ ဖြစ်ရမည်။<br>လုပ်ငန်းတစ်ခုလုံး ဦးဆောင်နိုင်သူ ဖြစ်ရမည်။ | (ကျား/မ) | (၃)ဦး |
| ၂။ | လျှပ်စစ်အင်ဂျင်နီယာ ME,BE(Electrical Power)<br>လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၅)နှစ်ရှိသူ ဖြစ်ရမည်။<br>လုပ်ငန်းတစ်ခုလုံး ဦးဆောင်နိုင်သူ ဖြစ်ရမည်။ | (ကျား) | (၃)ဦး |
| ၃။ | ရေသန့်အင်ဂျင်နီယာ BE,B.Tech ,A.G.T.I(Civil)<br>လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။ | (ကျား/မ) | (၅)ဦး |
| ၄။ | မြို့ပြအင်ဂျင်နီယာ BE,B.Tech<br>လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူ ဖြစ်ရမည်။ | (ကျား/မ) | (၁၅)ဦး |
| ၅။ | လျှပ်စစ်အင်ဂျင်နီယာ BE,B.Tech,A.G.T.I(Electrical Power)<br>လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။ | (ကျား) | (၅)ဦး |
| ၆။ | Surveyor<br>လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။ | (ကျား) | (၃)ဦး |

လျှောက်ထားသူများသည် ရန်ကုန်နှင့် နယ်စီမံကိန်းများတွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သောအထောက်အထားမိတ္တူ။ မကြာသေးမီက ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၁၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-105(2013-2014) | 2 7/8",4 1/2" & 5" Drill Pipe | (3) Items | US$ |
| (၂) | IFB-106(2013-2014) | Annular Blow Out Preventers | (2) Nos | US$ |
| (၃) | IFB-107(2013-2014) | Interpretation Workstation | (1) Lot | US$ |
| (၄) | IFB-108(2013-2014) | Data Processing Centre | (1) Lot | US$ |
| (၅) | IFB-109(2013-2014) | Data Acquisition Sercel 428 Telememtry Recording System | (1) Lot | US$ |
| (၆) | IFB-110(2013-2014) | SSB/HF & VHF/FM Transceiver | (4) Items | US$ |
| (၇) | IFB-111(2013-2014) | Spare for VSAT | (2) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



### ကားရောင်းမည်
Toyota Land Cruiser
CYGNUS
၁၉၉၉၊ အနက်ရောင်၊ 7F/7---
Full Grade, 4B
ဖုန်း-၀၉-၅၁၆၇၃၃၄၊ ၀၉-၄၃၁၆၅၃၃၅

# ကလေးမြို့ကျက်သရေဆောင်မြို့တော်ခန်းမနှင့်စစ်သူကြီးမဟာဗန္ဓုလမြင်းစီးရုပ်တု

**ကလေး နိုဝင်ဘာ ၂၀**

"ပေါ့ပေါ့ဆဆပြုလျှင် ငါတို့တစ်မျိုးလုံး သူတို့၏ ကျွန်ဘဝ ရောက်ကြလိမ့်မည်။ မိစ္ဆာမျိုးတို့၏ ကျွန်ဖြစ်ရခြင်းထက် မြန်မာ့ဂုဏ်မည်းရန် တိုက်ရင်းခိုက်ရင်း လဲ၍သေရသည်က သမိုင်းပြောင်မြောက်၍ မြတ်ပေသေး၏" ဟု မိန့်ဆိုထားသူ စစ်သူကြီးသတိုးသုဓမ္မမဟာဗန္ဓုလသည် အဖဦးပေါက်ကောနှင့်အမိ မမိုင်မ်တို့မှ ၁၁၄၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် အလုံတိုက်နယ်၊ ငပယင်းရွာ၌ မွေးဖွားခဲ့ပြီး ငယ်နာမည်မှာ မောင်ရစ်ဖြစ်သည်။ စစ်သူကြီးမဟာဗန္ဓုလသည် အရပ် ၅ပေ၆လက်မခန့်ရှိသူ အသားညိုရဲ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်နှင့် ကြီခိုင်မာကျောသူဖြစ်သည်။ မဟာဗန္ဓုလသည် သူရဲကောင်းဘွဲ့မြောက်မြားစွာ ရရှိသူဖြစ်ရာ ၁၁၇၅ ခုနှစ်တွင် နေမျိုးသူရရဲခေါင်ဘွဲ့၊ ၁၁၈၄ ခုနှစ်တွင် အဂ္ဂ မဟာသေနာပတိဝန်ကြီးဘွဲ့နှင့် မဏိပူရတိုက်ပွဲ အောင်မြင်သဖြင့် မဟာဗန္ဓုလဘွဲ့များ ရရှိခဲ့ပါသည်။ စစ်သူကြီးမဟာဗန္ဓုလသည် ၁၁၇၈ခုနှစ်တွင် မဏိပူရကိုချီတက်သိမ်းပိုက်အောင်မြင်ခဲ့သည့်အပြင် ကတ်စိန်တောင်တိုက်ပွဲ၊ အာသံတိုက်ပွဲ၊ စစ်တကောင်းနှင့်ပန်းဝါတိုက်ပွဲကြီးများ အပါအဝင် တိုက်ပွဲငယ်များစွာလည်း အောင်မြင်ခဲ့သူဖြစ်သည်။

ယင်းသို့ ဇာတိသွေးဇာတိမာန်ကို ဝုံ့ဝုံ့ကြွားကြွားပြသသည့် စစ်သူကြီးမဟာဗန္ဓုလမြင်းစီးရုပ်တုကြီးကို ကလေးမြို့ လမ်းဆုံအဝိုင်းပတ်နေရာတွင် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်တွင် တည်ဆောက်ထားရှိပြီး ယခုအချိန်တွင် ကလေးမြို့ လမ်းဆုံအဝိုင်းပတ်နေရာမှ မြို့ကျက်သရေဆောင် မြို့တော်ခန်းမရှေ့၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းမဘေး၌ ယင်းလမ်းမဘက်သို့မျက်နှာမူလျက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ပြောင်းရွှေ့ထားရှိခဲ့သည်။

မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းမမှ ကလေးမြို့သို့ ဝင်လာကြသောပြည်သူများသည် အဆိုပါ ဗန္ဓုလမြင်းစီးရုပ်တုကြီးကို ရှုမြင်ခြင်းအားဖြင့် မြို့ကျက်သရေဆောင် မြို့တော်ခန်းမနှင့် ပန်ရံတင့်တယ်လှသည်ဟုဆိုကြပြီး ပြည်သူများ၏ စိတ်နှလုံးကိုလည်း ဇာတိသွေး ဇာတိမာန် အလွန်တက်ကြွစေကာ ကလေးမြို့၏ တိုးတက်သာယာလှပမှု၊ တည်ငြိမ်အေးချမ်းမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန်ချီတက်သွားကြစို့ဟုဆိုသည့်အလား အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေခဲ့သည်။

စစ်သူကြီးမဟာဗန္ဓုလသည် အိမ်သူသက်ထား ရှင်မင်းတူးနှင့် စိတ်တူကိုယ်တူရဲဝံ့စွာအတူလက်တွဲရင်းခေနေဖြူခံတပ်၌ နယ်ချဲ့ဗြိတိသျှတို့အားရဲရဲဝံ့ဝံ့သတ္တိရှိရှိ တိုက်ပွဲဆင်နွှဲနေစဉ် ၁၁၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်တွင် အမိမြေအတွက် အသက်စွန့်သွားခဲ့သည်။

ယခုအချိန်တွင် နှစ်တွေ ကြာညောင်းခဲ့သော်လည်း အမိနိုင်ငံ၏ နောင်လာနောက်သားများ စိတ်နှလုံး၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တက်ကြွစေရေးအတွက် ဇာတိသွေးဇာတိမာန် တက်ကြွစွာပြသသည့် စစ်သူကြီးမဟာဗန္ဓုလမြင်းစီးရုပ်တုကြီးကို မြတ်နိုးဂုဏ်ယူစွာဖြင့် ကလေးမြို့ ပြည်သူတစ်ရပ်လုံးက ထိန်းသိမ်းသင့်သည်။

**(ကျိုးနက်)**

# ပထမအကြိမ်စုပေါင်းမဟာဘုံကထိန် ကျင်းပ

**အစိုးရ/စီးပွားရေးကြော်ငြာ**

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး SOS လူမှုစောင့်ရှောက်ရေးအဖွဲ့၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် သန်လျင်မြို့၊ ဘုရားကုန်း၌ ကျင်းပရာ အတွင်းရေးမှူး ဗိုလ်ကြီးတင်ယု(ငြိမ်း) ဦးဆောင်သော မိသားစုများမှ စုပေါင်း၍ ကျိုက်ဒေးဝဘုန်းတော်ကြီး ကျောင်းမှ သံယာတော်ငါးပါးအား (ဆန်၊ ဆီ၊ ပဲ၊ သက်နီ၊ ဝတ္ထုဒွေ) များအား လှူဒါန်းခဲ့ပြီး ပဒေသာပင်များအား သန်လျင်မြို့ ကျိုက်ခေါက်ဘုရားသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည် ပို့ဆောင်ခဲ့ကြကြောင်း သိရသည်။**(ဝဲပုံ)**

**(ဇော်ထွန်းနိုင်)**

# ပဲခူးမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၀**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၂)တွင် (၁၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပွဲတော်ကို ကျင်းပခဲ့သည်မှာ ယခုနှစ်နှင့် ဆိုပါလျှင် ၁၂ နှစ် တိုင်ရှိခဲ့ပြီး သီလရှင် အပါး(၁၁၁) ပါးကို နေ့ဆွမ်းဆပ်ကပ်လှူဒါန်းပြီး ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် နိဗ္ဗာန်ဈေးပွဲတော်ကို စတင်ကျင်းပကာ ပွဲတော်လာ ပရိသတ်များကို အကျွေးအမွေး မဏ္ဍာပ်များက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးပြီး အချို့အလှူရှင်များက လူသုံးပစ္စည်းများကို မဲဖောက်ပေးပြီး ဆန်အလှူရှင် ဦးဇီးသီးနှင့် ဓမ္မမိတ်ဆွေများက လူတစ်ဦးလျှင် ဆန်နို့ဆီဘူး(၄)ဘူး နှူန်းဖြင့် ဆန်အိတ်ပေါင်း ၁၁၂ အိတ်ကို လှူဒါန်းခဲ့ကြောင်း သိရပါသည်။

ပွဲတော်လာပြည်သူများက "ယခုဈေးပွဲတော်သည် ပဲခူးမြို့တွင် အစည်ကားဆုံးဖြစ်ကြောင်း အလှူရှင်များကလည်း ချွေးတလုံးလုံးဖြင့် မမောနိုင်မပန်းနိုင် ပေးလှူနေသည်မှာ ဝမ်းသာကြည်နူးစရာအလွန်ကောင်းကြောင်း" ပြောကြားသည်။

**မိုးဝင်းသူ(ပဲခူး)**

ဗလင်ါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ
## ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ခုနှစ်၊ ဧပြီလမှစတင်၍ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ် တန်ဖိုးနည်းမိုဘိုင်းဖုန်းသုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်းမိုဘိုင်းဖုန်း (၂. ၄၈)သန်းအပါအဝင် စုစုပေါင်းမိုဘိုင်းဖုန်း (၆. ၂၈)သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း(၈. ၇)သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုပါလျှင် အိမ်ထောင်စု(၁. ၃၈)စုလျှင် မိုဘိုင်းဖုန်း(၁)လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်းဖုန်းသုံးစွဲရန် လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေရပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်းပိုမိုသုံးစွဲခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် ကြိုတင်ပေးသွင်းထားသော GSM/WCDMA မိုဘိုင်းဖုန်း(၃၆၀၀၀၀)ကို SIM Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိတပ်ဆင်ပေးထားသော လိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ်မူတည်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီး ပေးရန်လျာထားတွက်ချက်ထားပါသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | GSM မိုဘိုင်းဖုန်းလိုင်း | WCDMA မိုဘိုင်းဖုန်းလိုင်း | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | နေပြည်တော်ကောင်စီနယ်မြေ | ၁၃၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ |
| ၂။ | ကချင်ပြည်နယ် | ၄၀၀၀ | ၁၀၀၀ | ၅၀၀၀ |
| ၃။ | ကယားပြည်နယ် | - | ၅၀၀ | ၅၀၀ |
| ၄။ | ကရင်ပြည်နယ် | ၆၀၀၀ | ၁၀၀၀ | ၇၀၀၀ |
| ၅။ | ချင်းပြည်နယ် | ၅၀၀ | ၁၀၀၀ | ၁၅၀၀ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၀၀၀ | ၂၀၀၀ | ၁၆၀၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ၈၀၀၀ | ၂၀၀၀ | ၁၀၀၀၀ |
| ၈။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၃၀၀၀ | ၃၀၀၀ | ၁၆၀၀၀ |
| ၉။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၃၀၀၀ | ၂၀၀၀ | ၁၅၀၀၀ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂၉၀၀၀ | ၃၀၀၀ | ၃၂၀၀၀ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၂၇၀၀၀ | ၂၃၀၀၀ | ၅၀၀၀၀ |
| ၁၂။ | မွန်ပြည်နယ် | ၁၉၆၀၀ | ၃၄၀၀ | ၂၃၀၀၀ |
| ၁၃။ | ရခိုင်ပြည်နယ် | ၁၃၀၀၀ | ၂၀၀၀ | ၁၅၀၀၀ |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၀၀၀ | ၄၃၀၀၀ | ၈၀၀၀၀ |
| ၁၅။ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၇၀၀၀ | ၃၀၀၀ | ၁၀၀၀၀ |
| ၁၆။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၀၀ | ၂၀၀၀ | ၇၀၀၀ |
| ၁၇။ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၀၀၀ | ၂၀၀၀ | ၃၃၀၀၀ |
| | **စုစုပေါင်း** | **၂၅၁၁၀၀** | **၁၀၈၉၀၀** | **၃၆၀၀၀၀** |

၄။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ (၁၅)ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ကျပ်မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ၅၀၀၀ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကိုအခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် (၁၅)ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါ ဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည် ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်းမိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခကျပ် ၂၅၀၀ကို အနည်းဆုံးသုံးစွဲရမည် ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ၅၀၀၀ကျပ်ကို အပြည့်မသုံးစွဲပါက ကျပ်၅၀၀၀ပြည့်သည်အထိ အလိုအလျောက်ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် (၁၅)ရက်အတွင်း ငွေထပ်မံ၍ ငွေဖြည့်သွင်းခြင်းမရှိပါက အဆိုပါ ဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၆/၂၀၁၃-၂၀၁၄ ကြိမ်မြောက်
## သစ်လုံးဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ပြည်တွင်းသုံး သစ်လုံးကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့် ရက်နှင့်အချိန် - ၅-၁၂-၂၀၁၃ ရက်၊ ၁၀ နာရီ
(ခ) ရောင်းချမည့် အမျိုးအစားနှင့်တန် - သစ်မာသစ်လုံး (၂၀၀) တန်
(ဂ) ရောင်းချမည့်နေရာ - အမှတ်(၁၀၃)၊ သစ်စက်ရှင်းလင်းဆောင်၊ မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၂-၃၇၂၄၃၊ ၀၁-၃၇၂၆၈၈ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

ကားရောင်းမည်
(CC)- Success Taxi
ရန်ကုန်လိုင်စင်
သိန်း-၁၁၀
ဖုန်း-၀၉-၇၃၀၄၅၅



# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် အလွတ်တန်းဓာတ်ပုံပြိုင်ပွဲ ဆုကြေးသိန်း ၃၀ ချီးမြှင့်

**တောင်ကြီး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အလွတ်တန်းဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ရွေးချယ်ပြီး ဆုကြေးသိန်း ၃၀ ချီးမြှင့်သည်။ အလွတ်တန်းဓာတ်ပုံပြိုင်ပွဲအားကဏ္ဍလေးမျိုးဖြင့်ကျင်းပရာ မြို့လုံးကျွတ်ဘုံကထိန်လှည့်လည်ပွဲ၊ မသိုးသက်နားယှဉ်ပြိုင်ရက်လုပ်ကပ်လျှပ်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ Miss တန်ဆောင်တိုင် ပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲကဏ္ဍတွင် ပထမဆု ထွန်းဝင်း(ခ)မောင်ဝင်းမြင့်ထွန်း၊ ဒုတိယဆုဦးသန်းလွင်၊ တတိယဆုစိုင်းသူ(တောင်ကြီး)၊ မီးပုံးပျံပြိုင်ပွဲ နေ့လွှတ်နှင့် ပွဲတော်ရှုခင်း ပြိုင်ပွဲကဏ္ဍတွင် ပထမဆု ဦးစိုင်းသန်းကျော်၊ ဒုတိယဆုကိုတင်မျိုး၊ တတိယဆုရဲထက်၊ ယမ်းမီးကြီးညလွှတ်မီးပုံးပျံပြိုင်ပွဲ ကဏ္ဍတွင် ပထမဆု ကျော်သန့်ဇင်၊ ဒုတိယဆု စိုင်းနော်ဆိုင်၊ တတိယဆု အောင်ကျော်ထူး၊ စိန်နားပန်မီးပုံးပျံပြိုင်ပွဲနှင့် ပွဲတော်ရှုခင်း၊ ကွင်းဖွင့်ပွဲရှုခင်း၊ ပြိုင်ပွဲကဏ္ဍတွင် ပထမဆု ဦးမျိုးသန့်၊ ဒုတိယဆု ကျော်သန့်ဇင်၊ တတိယဆု ကျော်သူလွင်တို့က အသီးသီးဆုများရရှိကြပြီး ကဏ္ဍတိုင်းတွင် နှစ်သိမ့်ဆုသုံးဆုစီ ဆုများရွေးချယ်ချီးမြှင့်သည်။ အလွတ်တန်းဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲခေါင်းစဉ်တစ်ခုချင်းစီအတွက် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆုသုံးဆုအတွက် ကျပ်ငါးသောင်းစီချီးမြှင့်ရာ စုစုပေါင်းဆုကြေး ငွေကျပ်သိန်း ၃၀ ချီးမြှင့်ကြောင်းသိရသည်။ အလွတ်တန်းဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံများအား ဦးစိုင်းဆမ်တစ်(ဒုညွှန်မှူး-ရှမ်းပြည်နယ် ပြန်/ ဆက်)၊ ဦးနေနိုင်ထွန်း (လက်ထောက် ညွှန်မှူး၊ ပြည်နယ်ယဉ်ကျေးမှု)၊ ဦးနိုင်ထွန်း(သတင်းနှင့်စာနယ်ဇင်း)၊ ဦးမြင့်ဦး (MRTV)၊ ဦးမိုးစည်သူ(ရုပ်ရှင်လုပ်ငန်းစု)၊ ဒေါ်စိုးစိုးထွန်း(တောင်ကြီးခရိုင်ပြန်/ဆက်)၊ ဦးဘဦး(ဓာတ်ပုံပညာရှင်)တို့က ရွေးချယ်ပေးခဲ့ ကြခြင်းဖြစ်သည်။ **(၀၀၂)**

# ဒေါပုံကျန်းမာရေးဌာနတွင် စာပေရေချမ်းစင်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျန်းမာရေးဌာနတွင် ဆေးခန်းလာလူနာများ စာပေဗဟုသုတပြည့်ဝစေရန်နှင့် ကျန်းမာရေး အသိပညာများတိုးပွားစေရန် စာပေရေချမ်းစင်ကို ဖွင့်လှစ်ပေးထားသည်။

ထိုသို့စာပေရေချမ်းစင်ဖွင့်လှစ်ပေးရာတွင် ကျန်းမာရေးဌာန၊ ဌာနမှူး ဒေါက်တာ မိုမိုအောင်နှင့် သူနာပြုဆရာမကြီး ဒေါ်သီသီခိုင်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် စာအုပ်မျိုးစုံ ထားရှိနိုင်ရန် ဆောင်ရွက်ထားသည့်အပြင် လူနာများကို စာဖတ်ချင်စိတ်များဖြစ်ပေါ်လာစေရန် ကိုယ်တိုင်ဖော်ပြပြီး လူနာများကိုလည်း တိုက်တွန်း၍ ဖတ်စေခဲ့ပါသည်။

ဌာနမှူးနှင့်လက်ထောက်ဆရာဝန်များ မြို့နယ်သူနာပြုဆရာမကြီးနှင့်သူနာပြုဆရာမများမှ စာအုပ်မျိုးစုံတိုးပွားလာစေရန် နေ့စဉ်ဆောင်ရွက်သည့်အပြင် ပြင်ပမှ စာအုပ်အလှူရှင်များလျှပ်ဒါန်းသည့် စာအုပ်များကိုလည်း လက်ခံကြောင်း သိရသည်။**(ဝဲပုံ) မောင်စိန်နှင်း(ဒေါပုံ)**

# သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မြန်အောင်ဌ ကျင်းပ

**မြန်အောင် နိုဝင်ဘာ ၂၀**

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက မြန်အောင်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဘောဇနသာလာမဟာရုံ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက သန်းခေါင်စာရင်း၏အဓိပ္ပာယ်နှင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွှန့်ဦးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အောင်မြင့်တို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာနှင့် သိထားသင့်သည့်အချက်များကို ရှင်းလင်းပြောကြားကြသည်။ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်သည့် သိလိုသည့်အချက်များကို မေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ရပ်ကွက်အတွင်း မော်တော်ယာဉ်ဖြင့် မီတာခ လှည့်လည်ကောက်ခံ

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်ကွက်များအတွင်း မီတာကောက်ခံရေး မော်တော်ယာဉ်ဖြင့် လှည့်လည်ကောက်ခံပေးခြင်းကြောင့် မီတာခပေးဆောင်ရာတွင် ပြည်သူများအဆင်ပြေလျက် ရှိကြောင်းသိရသည်။

"မော်တော်ယာဉ်ပေါ်မှာ အသံချဲ့စက်တင်ပြီး လည့်လည်ကြော်ငြာပေးခြင်းဖြင့် မီတာခကောက်ခံပေးတာပါ။ ရပ်ကွက်အတွင်း တစ်လမ်းဝင်တစ်လမ်းထွက် ကြော်ငြာပြီးကောက်ခံပေးတော့ မီတာပေးဆောင်ရတဲ့သူတွေအဆင်ပြေကြပါတယ်"ဟု သာစည်မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မိမိအိမ်ရှေ့အရောက်မီတာခကောက်ခံပေးတော့ အချိန်ကုန်သက်သာတယ်။ အခုလိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးတာကို အတိုင်းမသိဝမ်းသာမိကြောင်း သာစည်မြို့အမှတ်(၁)ရပ်ကွက်နေ ဒေသခံတစ်ဦးမှ ပြောကြားကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

## အစိုးရ/လူမှုရေးကြော်ငြာ

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၁၇-၁၂-၂၀၁၃ ရက် ၁၂:၀၀ နာရီနောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တည်ရှိရာနေရာ |
|---|---|---|---|
| (၁) | ၃/၂၀၁၃ | အဆင့်ချိုးပီပါခွံ | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ပဌနဝိုရ်/ချောက်) |
| | (၄၀၅၃) လုံး | သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (ပြည်/ပျဉ်းမနား)နှင့် မအူပင်စခန်း | |
| (၂) | ၄/၂၀၁၃ | Aeroshell Turbine Oil-750 ၂၀ လီတာ-၂၀၂၃ ပုံး | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ဓနိတော(ရန်ကုန်မြို့) |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၁-၂၀၁၃ ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၆)၊ နေပြည်တော်**

# မင်္ဂလာတောင်းဆုမွန်

ချစ်ပါပါ **ဦးတင့်လွင်** (Director, FDPC Co.,Ltd) နှင့် ချစ်မေမေ **ဒေါ်နိုင်ဝါသိန်း** (MD, HTP Co.,Ltd) တို့၏ ၂၁-၁၁-၂၀၁၃ရက်တွင် ကျရောက်သော အနှစ်(၂၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီးတို့နှင့် အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဘဝကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - မမေသရဖူလွင် 2nd M.B.,B.S [WUHAN MEDICAL UNIVERSITY]
ချစ်သမီးငယ် - မမေသရဖီလွင် (Grade- 9-ICEC)
ချစ်သားလေး - မောင်ထွန်ဦးတေဇာလွင် (Grade-1 အမက-၂၂၊ တာမွေ)

# အထက ကြံခင်း (၁၀)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့(အထက)၏ (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အထက ကြံခင်း အောင်ကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲကော်မတီ- ကြံခင်းမြို့**

**ဆက်သွယ်ရန်-** ဦးကျော်ဝင်း ၀၉ ၄၂၂၄၅၅၈၂၀၈၊ ၀၄၄-၄၀၄၀၈
ဦးစိုးမင်းဦး -၀၉ ၄၂၂၅၁၁၂၀၁၃၊ မမေသဇင် ၀၉- ၄၂၂၅၂၄၀၃၈

# ဖြူးမြို့၊ အထက(၁) (အမျိုးသားကျောင်း ၁၉၂၀)၏ မြတ်ဆရာပူဇော်ပွဲ

ဖြူးမြို့၊ အထက(၁)(အမျိုးသားကျောင်း-၁၉၂၀)၏(၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် နံနက် ၈:၃၀နာရီတွင် ယင်းကျောင်း၏ အမှူးသားကျောင်းဆောင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၁-၁၂-၂၀၁၃ရက်တွင် အသက်(၆၂)နှစ်ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီး ဦးရေ ၁၃၅ ဦးကျော်အား အသက်(၇၁)နှစ်နှင့် (၇၁)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးတစ်ဦးလျှင် ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်းတိတိ)စီ၊ အသက်(၇၀)နှစ်နှင့် (၇၀)နှစ်အောက် ဆရာကြီး၊ ဆရာမကြီးတစ်ဦးလျှင်ကျပ်(၇၀၀၀၀/-ခုနှစ်သောင်းကျပ်)စီ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန်နှင့် ဆက်သွယ်လျှပ်ဒါန်းလိုပါက အောက်အမည်ပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လျှပ်ဒါန်းနိုင်သည့်အပြင် ဖြူးမြို့ မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF 718၊ ဖြူးမြို့ AGD ဘဏ် ငွေစာရင်းအမှတ် 3061220004943၊ ဖြူးမြို့ MLFD ဘဏ် ငွေစာရင်းအမှတ် 0531220001347 သို့ ထည့်ဝင်လျှပ်ဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့မှ ဖြူးမြို့သို့ အသွားအပြန်သီးသန့် မော်တော်ယာဉ်စီစဉ်ထားပါသဖြင့် လိုက်ပါလိုသူများသည် ဖုန်း-၀၁-၆၆၀၁၃၁၊ ၀၉-၇၃၀၁၂၇၉၉၊ ၀၉၅၁၁၇၈၂၅၄၄ တို့ထံ ၉-၁-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ စာရင်းပေးသွင်းကြပါရန်နှင့် ရပ်ဝေးရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖုန်းအမှတ် ၀၉-၄၉၂၈၁၂၂၀ သို့ ဆက်သွယ်ကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

| | | | |
|---|---|---|---|
| ဦးအင်းရှောက် | ၀၉-၄၄၈၀၁၂၂၄၉ | ဦးညွှန့်ဝေ | ၀၉-၄၉၃၀၅၅၇၃၃ |
| ဦးသက်နိုင် | ၀၉-၈၆၆၆၀၈၉ | ဦးအောင်အောင် | ၀၉-၅၃၉၀ဝ၈ | |
| ဒေါ်ငြေးငြေးမြင့် | ၀၉-၄၂၃၆၉၉၇၉၇ | ဦးမောင်မောင်ငြေး | ၀၉-၄၉၂၈၁၂၂၀ |
| ဦးသက်ထွန်း | ၀၉-၆၃၀၇၁၃၂ | ဒေါ်စန္ဒာထွန်း | ၀၉-၂၀၃၃၂၂၂၉ |
| ဦးထွန်းအေး | ၀၉-၆၃၀၇၀၅၅ | | |

# အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

**အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမူအမှတ်-၂၀၇**

**(ကွယ်လွန်သူ ဦးဝင်းတင်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း)**

ဒေါ်လှလှမြင့် လျှောက်ထားသူ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာ(၂)လမ်း၊ အမှတ်-၆၆၆/ဘီနေ ဒေါ်လှလှမြင့်က ကွယ်လွန်သူခင်ပွန်း ဦးဝင်းတင်၏ဇနီးဟူ၍ အထက်ဖော်ပြပါ လိပ်စာနေ ကွယ်လွန်သူ ဦးဝင်းတင်၏ ကျန်ရှိရစ်သောပစ္စည်း ပိုင်နက်ရရန်ရှိသောကြေးမြီများကို ကောက်ခံရန်၊ အမွေ ဆက်ခံရန်၊ သက်သေခံလက်မှတ်စာအက်ဥပဒေအရလက်မှတ်စာရလိုကြောင်း ဤရုံးခ၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးဝင်းတင်ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်လှလှမြင့်၏ လျှောက်ထားချက်ကိုကြားနာ၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ ရသင့်၊ မသင့်သည့်အကြောင်းကို စိစစ်၍ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လဲ့လဲ့အေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# အသံညစ်ညမ်းခြင်း

**သစ်ပင်ချစ် (Env Eng)**

အသံဟုဆိုရာတွင် သာယာနာပျော်ဖွယ်ရှိသောအသံနှင့် သာယာနာပျော်ဖွယ်မရှိသောအသံဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဆူညံသံများကို ၎င်း၏ကြာချိန်နှင့် ကျယ်လောင်မှုတို့အပေါ်မူတည်ကာ သတ်မှတ်ကြသည်။

ဆူညံသံထုတ်လွှတ်ရာ ရင်းမြစ်ခုနစ်ခုရှိသည်။ (၁)မော်တော်ယာဉ်များ၏ ဆူညံသံ (အကျိုးသက်ရောက်မှုများကာ ပျက်စီးထိခိုက်နိုင်မှုအများဆုံးဖြစ်သည်။ မော်တော်ယာဉ်များဆူညံသံထုတ်လွှတ်မှု အကျိုးသက်ရောက်မှုသည် လမ်းတည်ဆောက်ဖွဲ့စည်းပုံနှင့် ဒီဇိုင်း၊ အဆောက်အအုံ တည်ဆောက်ထားရှိပုံ၊ မော်တော်ယာဉ်များ၏ အဆင့်အတန်းနှင့် မောင်းနှင်သူတို့၏ အပြုအမူတို့အပေါ်တွင်မူတည်နေသည်။)၊ (၂) လေယာဉ်များမှ ထုတ်လွှတ်သည့် ဆူညံသံ (မြည်ဟီးသွားသော လေယာဉ်များသည် ၎င်းတို့၏ ပြင်းအားကြောင့် အလွန်အန္တရာယ်များလှသည်။)၊ (၃)မီးရထားမှ ထုတ်လွှတ်သည့်ဆူညံသံ (ဆူညံမှုနှုန်းသည် အသုံးပြုထားသော မီးရထားအင်ဂျင်နှင့် ဇလီဖားတုံးတို့ပေါ်တွင်မှီခိုနေသလို မီးရထား၏ အမြန်နှုန်း၊ သံလမ်းတည်ဆောက်ထားရှိမှု၊ ရထားဥသြသံ၊ ကုန်တင်ရထားတွဲချိတ်ပုံနှင့် ရထားလမ်းထိန်းသိမ်းထားရှိမှုပေါ်တို့တွင်လည်း မှီခိုပြန်သည်။)၊(၄) စက်ရုံအလုပ်ရုံများမှ ဆူညံသံ (ပစ္စည်းတပ်ဆင်ခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စက်ရုံလည်ပတ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဆူညံသံများဖြစ်သည်။)၊ (၅) ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ဆူညံသံ၊ (၆) စားသုံးသူများမှ ထုတ်လွှတ်သည့်ဆူညံသံ(သီချင်းတေးသံ၊ စတိတ်ရှိုး၊ အပန်းဖြေစခန်းများမှ ထုတ်လွှတ်သည့်ဆူညံသံများဖြစ်သည်။)၊ (၇) အခြားရင်းမြစ်များမှ ထုတ်လွှတ်သည့်ဆူညံသံ (ကျေးငှက်တိရစ္ဆာန်များ၊ စစ်တပ်၊ လယ်ယာသုံးပစ္စည်းများဖြစ်သည့် ထော်လာဂျီများမှထုတ်လွှတ်သည့် ဆူညံသံတို့ဖြစ်သည်။)

အသံညစ်ညမ်းမှုကို ဒယ်ဆီဘယ် (Decible, dB)ဖြင့် တိုင်းတာသည်။ ၎င်းဒယ်ဆီဘယ်(Decible, dB)သည် logarithmic ဖြစ်ပြီး 10dB တိုးလာတိုင်း ၁၀ ပို၍ဆူညံလာသည်။ ကျွန်တော်တို့သည် logarithmic scale အရ 10 dBတိုးလာခြင်းသည် ဆူညံသံနှစ်ဆဖြစ်လာသည်ဟု အကြမ်းဖျင်းနားလည်ထားသည်။ ဥပမာ 20dB မှ 30dBသို့ တက်လာတိုင်း ၁၀ဆပို၍ဆူညံသံကျယ်လောင်လာပါမူ နှစ်ဆပိုဆူညံလာခြင်းဖြစ်သလို 20dBမှ 40dB သို့တိုးလာပါက အဆ ၁၀၀ပို၍ ကျယ်လောင်လာကာ ၄ဆပို၍ဆူညံလာသည်။ 80dB သည် 20dB ထက် အဆတစ်သန်းပို၍ ကျယ်လာကာ ၆၄ဆပို၍ဆူညံလာသည်။ အကွာအဝေးသည် အသံ(dB)ကို ပျက်ပြယ်စေနိုင်သည်။ ဥပမာ ပေ၁၀၀ အကွာအဝေးရှိသောနေရာမှ မော်တော်ယာဉ်များ၏ ဆူညံသံကို 50dB သာ ကြားရသော်လည်း ကားလမ်းဘေး ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်နေသောသူနှင့် မော်တော်ယာဉ်မောင်းနှင်နေသူသည် 70dB ကို ကြားရမည်ဖြစ်သည်။ ၄ဆပို၍ဆူညံသံကို ခံစားရသည်။ ပေ၂၀၀၀တွင် ပျံသန်းနေသော ဂျက်လေယာဉ်သည် 110dB ကို ထုတ်လွှတ်သော ပမာဏသည် ၃ပေအကွာတွင် ကြားရသော ကားဟွန်းတီးသံနှင့်ညီမျှသည်။ လူသားတစ်ယောက်သည် ဆူညံသံကို ၁၂၀ ဒယ်ဆီဘယ်(dB)အထိ ခံနိုင်ရည်ရှိသည်။ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် လူသား၊ တိရစ္ဆာန်နှင့် စက်ပစ္စည်းအမျိုးမျိုးတို့မှ ကွဲပြားခြားနားသော အသံညစ်ညမ်းမှုများ ပြုလုပ်လာကြသည်။ လူသားတစ်ဦးနှင့်တစ်ဦး စကားပြောသော အသံသည်60~70 (dB)ရှိသည်။ သစ်ရွက်လေတိုးသံသည် 10 (dB)ရှိသည်။ မော်တော်ဆိုင်ကယ်တစ်စီး၏ အသံထုတ်လွှတ်မှုသည် 97(dB)ရှိကာ မိနစ် ၃၀အထက် အချိန်ကြာကြီးထိတွေ့ပါက အကြားအာရုံချို့တဲ့စေနိုင်သည်။ ထော်လာဂျီကားတစ်စီး၏ အသံညစ်ညမ်းမှုသည် 101~110 ရှိပြန်ပါသည်။ 85(dB)ထက် ကျော်လွန်သော အသံညစ်ညမ်းမှုဖြစ်စေသောအရာများ အသုံးပြုရာတွင် အကာအကွယ်များ အသုံးပြုသင့်သည်ဟု အကြံပြုထားသလို105(dB)ထက် ကျော်လွန်သော အသံညစ်ညမ်းမှုဖြစ်စေသော အရာများကို အသုံးပြုရာတွင် အကာအကွယ် ၂ဆ အသုံးပြုဖို့လိုသည်ဟုဆိုပြန်သည်။ ကျွန်တော်တို့ခုံမင်စွာ အသုံးပြုနေသော MP3 player သည် 97(dB)ထုတ်လွှတ်ကာ ၎င်းကို ၁၅မိနစ်အထက်ပို၍ နားထောင်ပါက အကြားအာရုံချို့တဲ့နိုင်ပြန်သည်။ ဘောလုံးပွဲနှင့် ရော့တေးဂီတမှ 115~ 120 (dB) ထုတ်လွှတ်ကြသည်။

လူသားတစ်ယောက် ညအိပ်စက်ချိန်တွင် 45(dB)ထက်ကျော်လွန်သော အသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စေကာ အိပ်မပျော်နိုင်စေသည်။ ကမ္ဘာအရပ်ရပ်တွင် အသံညစ်ညမ်းမှုဒဏ်ကို လူတိုင်းခံစားနေကြရသည်။ ၎င်းအသံညစ်ညမ်းမှုများကြောင့် စိတ်ကျရောဂါ၊ သွေးတိုးရောဂါ၊ အလိုလိုနေရင်း ဒေါသထွက်နေခြင်းတို့ကို ဖြစ်စေသည်။ သွေးတိုးရောဂါမှတစ်ဆင့် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများအထိ ဖြစ်စေနိုင်ပါသည်။ နော်ဝေနိုင်ငံတွင် ၈၀%သည် မော်တော်ယာဉ်များ၏ ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြသည်။ ထိုအတူ ဥရောပနိုင်ငံသား ၅ ယောက်တွင် ၁ယောက်သည် ညပိုင်း မော်တော်ယာဉ်များ၏ ဆူညံသံများကြောင့် ကျန်းမာရေးတွင် ထိခိုက်မှုရှိနေကြောင်း WHO ၏ စစ်တမ်းတွင်ဖော်ပြထားသည်။ အမေရိကန်နိုင်ငံတွင် ယနေ့လူငယ်များ၏ အကြားအာရုံချို့တဲ့မှုသည် ရှေးယခင်လူကြီးများ လက်ထက်ထက် ၂. ၅ဆပိုများနေသလို လာမည့် ၂၀၅၀တွင် လူသန်းပေါင်း ၅၀ခန့်သည် အကြားအာရုံချို့တဲ့လိမ့်မည်ဟု ခန့်မှန်းထားသည်။ အင်္ဂလန်နိုင်ငံတွင် လူ ၃၃% သည် ညပိုင်းကျင်းပသည့် ပါတီပွဲများကြောင့် မိမိနေထိုင်ရာနေရပ်တွင် မပျော်မရွှင်ဖြစ်နေကြသည်။ လူတိုင်းသွားရောက်ရန်ခုံမင်သော ဟာဝိုင်ရီကျွန်းတွင် ညပိုင်းဆူညံသော ဖားအော်သံများကြောင့် နှစ်ခြိုက်စွာအိပ်မပျော်နိုင်ဟု ဖော်ပြထားသည်။ ၁၉၇၂ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ[Environmental Protection Agency (EPA)]နှင့် ကမ္ဘာ့ကျန်းမာရေးအသင်းကြီး[World Health Organization (WHO)]တို့၏ စစ်တမ်းအရ လေယာဉ်ကွင်းအနီးနေထိုင်သော ကိုယ်ဝန်ဆောင်မိခင်များသည် အသံညစ်ညမ်းခြင်းကြောင့် ပေါင်မပြည့်သောကလေးငယ်များ မွေးဖွားကာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါနှင့် ကျောရိုးဆစ်မူမမှန်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။ ထို့အတူ ကလေးငယ်များကို ဆူညံစွာဖွင့်ထားသော speaker (အသံချဲ့စက်)ကြောင့် စကားပြောကို နားလည်ရန်ခက်ခဲကာ စကားပြောနောက်ကျတတ်သည့် အကျိုးသက်ရောက်မှုရှိစေနိုင်ပါသည်။ စာရေးသူတို့နိုင်ငံတွင် သက်ကြီးရွယ်အိုများသည် အသံညစ်ညမ်းမှုများကြောင့် စိတ်ကျဝေဒနာကို ခံစားနေရသည်။ အထူးသဖြင့် ထော်လာဂျီ၊ ကျယ်လောင်စွာသီချင်းဖွင့်ထားသောလက်တွန်းလှည်းများ၊ အိပ်ဇောဖောက်ထားသော မော်တော်ဆိုင်ကယ်များကြောင့် ဖြစ်ပေသည်။

လူသားများနည်းတူ တိရစ္ဆာန်များသည်လည်း အသံညစ်ညမ်းခြင်း၏ အကျိုးဆက်ကို ခံစားရသည်။ ဆူညံသံများကြောင့် လူသားတစ်ဦး ခံစားရသော ဝေဒနာများကို ထပ်တူခံစားရသည်။ ဆူညံသံများကြောင့် တိရစ္ဆာန်များ၏ မိတ်လိုက်ရာသီတွင် ကြောက်လန့်မှုဖြစ်စေကာ အချက်ပြစနစ်ကို ပျက်စီးစေနိုင်သလို အကြားအာရုံချို့တဲ့ခြင်းကြောင့် ပတ်ဝန်းကျင်၏အချက်ပြမှုကို နားလည်နိုင်မှုမရှိနိုင်ခြင်းကြောင့် မျိုးသုဉ်းခြင်းကို ဖြစ်စေနိုင်သည်။ ပင်လယ်နေကဏန်းများသည် သင်္ဘောများမှ စက်သံများ၏ ဆူညံသံများကြောင့် အကျိုးသက်ရောက်မှုရှိစေသည်။ သပိတ်လွယ်ငှက်များသည် နေ့ခင်းဆူညံသံများကြောင့် တိတ်ဆိတ်သော ညပိုင်းတွင်သာတွန်ကျူးလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်ဟု သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။ မြင်းကျားများတွင် မော်တော်ယာဉ်များ၏ ဆူညံသံများကြောင့် မိမိ၏သခင်ကို ရန်ပြုတတ်လာကြပြန်သည်။

အသံညစ်ညမ်းခြင်းကို source ~path ~receiver (SPR) ထုတ်လွှတ်ရာရင်းမြစ်၊ ထုတ်လွှတ်ရာလမ်းကြောင်းနှင့် ထုတ်လွှတ်ရာ ပစ္စည်းအသုံးပြုသူဟူ၍ သတ်မှတ်ထားသည်။ ဦးစွာပထမ source (ထုတ်လွှတ်ရာရင်းမြစ်)များဖြစ်သည့် စက်ယန္တရားများကို ချောဆီထည့်ပေးခြင်းဖြင့်လည်း၊ တင်းကျပ်ထားသော ဝက်အူအစရှိသည်များကို ဖြေလျော့ပေးခြင်းတို့ဖြစ်သည်။ path (ထုတ်လွှတ်ရာလမ်းကြောင်း)ဖြစ်သည့် စက်ယန္တရားများကို ဖုံးအုပ်ထားခြင်းဖြင့်လည်းကောင်း၊ အသံလုံသောအဆောက်အအုံများအတွင်း ထည့်သွင်းခြင်းဖြင့်လည်းကောင်း ဆူညံသံများကို လျှော့ချနိုင်မည်ဖြစ်သည်။ နောက်ဆုံးအချက်ဖြစ်သည့် receiver (ထုတ်လွှတ်ရာပစ္စည်းအသုံးပြုသူ)ဖြစ်သည့် စက်ယန္တရားများကို ကိုင်တွယ်အသုံးပြုသူသည် မလိုအပ်ဘဲ ဟွန်းတီးခြင်းမပြုခြင်းဖြင့်လည်းကောင်း၊ ဆူညံသံမပြင်းထန်သော ယန္တရားကို အသုံးပြုခြင်းအားဖြင့် မိမိ၏ပတ်ဝန်းကျင်ရော မိမိအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်မှာ အမှန်ပင်ဖြစ်သည်။ စာရေးသူတို့နိုင်ငံ၌ ကျေးလက်မြို့ပြများတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုနေသော ထော်လာဂျီများ၏ဆူညံသံများ၊ စည်းကမ်းမဲ့တပ်ဆင်ထားသော မော်တော်ဆိုင်ကယ်အိပ်ဇောသံများ၊ ညအချိန်မတော်ထိ အသံကျယ်လောင်ဖွင့်ထားသော စားသောက်ဆိုင်မှသီချင်းသံများနှင့် အော်ဟစ်သံများကို လူတိုင်းမလွဲမသွေ စိတ်ဖိစီးခြင်း၊ နားမချမ်းသာခြင်းကို ခံစားရနေသောကြောင့် ထိမိသောစည်းကမ်းများပြဋ္ဌာန်းထားသော်လည်း ထိရောက်သောအရေးယူမှုများ ဆက်လက်လုပ်ဆောင်ရန်သင့်ကြောင်း ရေးသားလိုက်ရသည်။ ။

**လူမှုရေး/စီးပွားရေးကြော်ငြာ**

## မြန်အောင် အထက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသား/သူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၅ရက်(ဗုဒ္ဓဟူးနေ့) (နတ်တော်လပြည့်ကျော်၈ရက်)မွန်းလွဲ ၁နာရီတွင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး (၁၀၅)ဦးကို မြန်အောင် အထကခန်းမ၌ ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပူဇော်ပွဲအခမ်းအနားသို့ ၁၉၅၃ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှစ်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း(တရားလွှတ်တော်ရှေ့နေ)ဖုန်း-၀၄၄-၅၀၀၂၉၊ ဦးထွန်းလင်း(ရွှေနဂါးရောင်းဝယ်ရေး) ဖုန်း-၀၄၄-၅၀၂၉၁၊ ဦးခင်မောင်ဝင်း(ရွှေမင်းသားဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဦးဝင်းမော် (ဂိုးလ်စတားအီလက်ထရွန်နစ်) ဖုန်း-၀၄၄-၅၀၁၃၁၊ ဒေါ်ခင်ကြူကြူ(စိန်အကယ်ဒမီရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂နှင့် အာစရိယပူဇော်ပွဲကျင်းပဦးစီးကော်မတီ၏ ကမ္ဘောဇဘဏ်လီမိတက်(မြန်အောင်ဘဏ်ခွဲ) Account No.1031220000526 သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှဆရာကြီး၊ ဆရာမကြီးများသည် မိမိအစီအစဉ်ဖြင့် ၂၃-၁၂-၂၀၁၃ရက်တွင် အောင်မင်္ဂလာအဝေးပြေးဝင်း “ဧရာသစ္စာ” ည ၈း၃၀နာရီကားဖြင့် လိုက်ပါကြပါရန်နှင့် ဆရာမဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၈၅၃၇၀၇၀၊ ၀၉-၃၃၃၃၉၀၇၇၊ ကိုဝင်းထိန် ဖုန်း-၀၉-၅၀၁၄၃၅၀သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ**
**မြန်အောင်မြို့**

## အထက(၁)ပန်းဘဲတန်း(စိန်မေရီ)
## သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အထက(၁)ပန်းဘဲတန်း(စိန်မေရီ)ကျောင်းသူဟောင်းများမှ ၁၉၆၅-၁၉၈၅ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့သော အငြိမ်းစားဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ကျင်းပပြုလုပ်လိုပါသဖြင့် ပြည်တွင်း၊ ပြည်ပရောက် ကျောင်းသူဟောင်းများ ပါဝင်လှူဒါန်းကြပါရန် ၁၁-၁-၂၀၁၄ရက်(စနေနေ့) နံနက်၉နာရီမှ၁၂နာရီအတွင်း Dolphin Restaurant(လင်းပိုင်စားသောက်ခန်းမ)တွင် ကျင်းပမည်ဖြစ်ပါသည်။

ကျေးဇူးရှင်မြတ်ဆရာများကို ပူဇော်ကန်တော့ရင်းကျောင်းနေဖက်ငယ်ပေါင်း သူငယ်ချင်းများ ပျော်ပျော်ပါးပါး တွေ့ဆုံကြရအောင် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| **နွယ်နွယ်အောင်ကျော်-၀၉-၅၄၀၂၀၀၃** | **နီနီမာ၊ စီစီမာ-၀၁-၂၄၃၇၄၀** |
| **ယုဇော်-၀၉-၅၀၁၃၆၁၇** | **စန္ဒာအေး၊ သက်သက်ဦး-၀၉-၅၁၅၆၃၀၆** |
| **ချိုချိုမြင့်-၀၁-၄၀၁၂၀၇** | **တင်တင်ဦး-၀၉-၇၃၁၅၆၅၅၇** |
| **မြင့်မြင့်လွင်-၀၉-၄၂၀၀၁၂၈၇၀** | **ချိုနွယ်ဦး-၀၉-၄၂၀၂၄၂၉၆၆** |
| **မြင့်မြင့်လွင်(မနီ)၀၉-၇၃၁၄၀၄၂၆** | **လှဖြူဖြူ ၀၉-၈၆၄၀၈၃၂** |
| **ခင်လေးဝင်း-၀၉-၅၀၆၆၉၈၁** | **မေမြတ်သိန်း-၀၉-၄၂၁၀၅၂၇၅၂** |
| **ခင်မျိုးဆွေ-၀၉-၃၁၅၈၆၀၈၆** | **ခင်မာလာ၊ ခင်မိုးအေး-၀၉-၅၁၀၉၁၀၈** |

**ဦးဇော်မင်းအောင်**
B.A (Korean), Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea.
**ကိုရီးယားဘာသာစကားသင်တန်းကျောင်း**
- [illegible]
- [illegible] Song Kong Hoe University [illegible]
- [illegible]

[illegible]
Ph: 09450048814 , 0931103270, 09425292545

## တိုက်ခန်းရောင်းမည်

ပေ(၂၀×၅၅)၊ (၇)လွှာ၊ ကျိုက္ကဆံလမ်းမကြီး၊ အဆင့်မြင့်ပြင်ဆင်ပြီး
**ဖုန်း-၀၉-၄၂၀၀၆၄၁၂၆၊ ၀၉-၄၃၀၆၈၁၂၈ (ရုံးချိန်အတွင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ဆ)၊ မြေကွက်အမှတ်(၂၆)၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ ခေမာသီ(၁)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(ဦးမြမောင်၊ ဒေါ်ကျင်လိုင်)(အေအေ-၀၆၉၁၅၀)၊ (အိတ်ချ်ဇက်အေ-၀၉၄၆၉၈)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးမြမောင် ကွယ်လွန်သဖြင့် ဒေါ်ကျင်လိုင်(အိတ်ချ်ဇက်အေ-၀၉၄၆၉၈)က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ရွှင်းရေးရာ

# ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာတွင် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲ ကျင်းပ

**ကျိုက်ထို နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာတွင် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၁၉ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်ခဲ့ကြောင်းသိရသည်။

(၄၄)ကြိမ်မြောက် နှစ်စဉ်မပျက်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် (တန်ဆောင်မုန်းလဆန်း ၁၃ ရက်)မှ စတင်ကျင်းပခဲ့ရာ မုပ္ပလင်စံပြကျေးရွာရှိ ရပ်ကွက် ၁၄ ခုနှင့် ပျဉ်းကတိုးကုန်းကျေးရွာ၊ မရမ်းချောင်းကျေးရွာများရှိ မင်္ဂလာမဏ္ဍပ်များ၌ ညစဉ် လှည့်လည်အပူဇော်ခံပြီး ကျေးရွာအတွင်း လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၁၉ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) မွန်းလွဲ ၁ နာရီမှစတင်ကျင်းပရာ ရပ်ကွက်နှင့် ကျေးရွာ ၁၆ ရွာတို့မှ ဗုဒ္ဓဘာသာဝင်များက မင်္ဂလာဆင်တော်နှစ်စီးနှင့်အတူ နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များကို လှည့်လည်အပူဇော်ခံခဲ့ကြသည်။

ယင်းနှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကျင်းပသည့် နိုဝင်ဘာ ၁၅၊ ၁၆၊ ၁၇၊ ၁၈ ရက် ညများတွင် ပျော်ပွဲရွင်ပွဲများကျင်းပပြီး နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရေစက်ချတရားပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

# ရွှေးဟောင်းမြေသားမိုးရေကန်ကြီး ရေမျှားပြည့်လျှံ

**မကွေး နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရှားစောင်းကန်ကျေးရွာအုပ်စု ရှားစောင်းကန်ကျေးရွာတွင် အပူပိုင်းဇုန် မြေသားမိုးရေကန် ပြန်လည်တူးဖော်ရေးစီမံကိန်းကို Proximity Designs (နီးကပ်မှ) အဖွဲ့က ကြီးကြပ်၍ ကုန်ကျငွေများကို Livelihoods and Food Security Trust Fund (LFT) အလျှုရှင်များက လျှုဒါန်းကူညီကြောင်း သိရသည်။

ရှားစောင်းကန်ကျေးရွာ တောင်ဘက်နှစ်ဖာလုံခန့်အကွာတွင် ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော မြေသားမိုးရေကန်ကြီးမှာ တဖြည်းဖြည်းတိမ်ကောလာပြီး ရေဝင်အားနည်းလာသဖြင့် ကျေးရွာတွင် နေထိုင်ကြသော ရွာသူရွာသားများအနေဖြင့် ဆွေရာသီကာလတွင်ရေအခက်အခဲနှင့်ကြုံတွေ့ရပြီး ရွာနီးဝန်းကျင်သို့သွား၍ ရေခပ်ကြရကြောင်း ဒေသခံရွာသားတစ်ဦးက ပြောသည်။

ရှေးဟောင်းရေကန်ကြီး၏ မူလအကျယ်အဝန်းမှာ ပေ ၃၀၀×ပေ ၂၀၀×၃ပေဖြစ်ပြီး ပြန်လည်တူးဖော်မည့်ဧရိယာမှာ ပေ၂၀၀×ပေ၂၀၀×၄ပေနှင့် တာကျင်းပေါင်း ၁၂၀၀ဖြစ်သည်။ အပူပိုင်းဇုန်မြေသားမိုးရေကန် ပြန်လည်တူးဖော်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ် ဇွန် ၁ရက်မှစတင်ခဲ့ပြီး ဇွန် ၂၂ ရက်တွင် ပြီးစီးခဲ့သည်။ တူးဖော်လုပ်အားခအဖြစ် ၁၀ပေ×၁၀ပေ×၁ ပေလျှင် အနီးအဝေး ပျမ်းမျှငွေကျပ် ၄၅၀၀နှုန်း၊ အလုပ်ကြီးကြပ်နှစ်ဦးနှင့် စာရင်းကိုင်တစ်ဦးစီအတွက် တစ်ရက်လျှင် ငွေကျပ် ၂၀၀၀နှုန်းသတ်မှတ်ပြီး တစ်နေ့လျှင် အလုပ်ချိန် ရှစ်နာရီသတ်မှတ်ပြီး အလုပ်နားချိန်တစ်နာရီ ပေးထားသည်။ လုပ်ငန်းဆောင်ရွက်မည့်သူများမှာ ရှားစောင်းကန်ကျေးရွာမှရေကန်ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်း၊ ဦးပန်းအေး၊ ဦးခိုင်ထူး၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်စန်စန်း၊ ငွေထိန်းဦးရာဝိုးနှင့် တာကြီးကြပ်များအဖြစ် ဦးတင်ဝင်း၊ ဦးကြည်ဝင်းတို့က တာဝန်ယူဆောင်ရွက်ကြသည်။ အပူပိုင်းဇုန် မြေသားမိုးရေကန် ပြန်လည်တူးဖော်ရေးစီမံကိန်း ရှားစောင်းကန်ကျေးရွာကန်ကြီးအား ပြန်လည်တူးဖော်ရာတွင် Proximity Designs (နီးကပ်မှ)အဖွဲ့မှဇုန်တာဝန်ခံဒေါ်သက်အိချော၊ အဖွဲ့ခေါင်းဆောင် ဒေါ်မေဇင်ဝင်း၊ အဖွဲ့ဝင်များအဖြစ် ဦးညီဝင်းစိန်၊ ဒေါ်ဝေဝေအောင်နှင့် ဒေါ်ကေသွယ်မောင်တို့က ပူးပေါင်းဆောင်ရွက်ကြသည်။ ယခုအခါ မကွေးမြို့နယ်တွင် အောက်တိုဘာလကုန်ပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေသား မိုးရေကန်ကြီးသည် ရေများဖြင့် ပြည့်လျှံနေကြောင်း သိရသည်။

**(မကွေးလှမြင့်)**

# အီလက်ထရွန်နစ် စာကြည့်တိုက် (၁၀)နှစ်ပြည့်အခမ်းအနား ကျောက်တန်း၌ ကျင်းပ

**ကျောက်တန်း နိုဝင်ဘာ ၂၀**

ခေတ်မီအီလက်ထရွန်နစ် စာကြည့်တိုက်ဖွင့်လှစ်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၆ရက် နံနက် ၈ နာရီတွင် စာကြည့်တိုက်ရှိရာ ကျောက်တန်းမြို့နယ် မင်းကျောင်းလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလှရွှေ့ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ငွေနှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်နန်းအေးခိုင်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌတို့က စာကြည့်တိုက်နှင့် ပတ်သက်သည့် အကြောင်းအရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်ရန်ပုံငွေ အလှူငွေများ လှူဒါန်းကြပြီး စာကြည့်တိုက်ခန်းမအတွင်း ပြသထားသည့် စာကြည့်တိုက် (၁၀)နှစ်ပြည့်အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံမှတ်တမ်းနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(စိုးဝင်း)**


**မိုးဘေးရှောင် မလောင်ခင်တား**



## အစိုးရ/လူမှုရေးကြော်ငြာ

## ရတနာမဏ္ဍိုင်ခမ္မရိပ်သာ သံဃာတော်များသီးသန့်တရားစခန်းဖွင့်လှစ်မည် ဟောပြောမှုဆိုင်ရာပို့ချမည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ ရတနာမဏ္ဍိုင်ခမ္မရိပ်သာကျောင်း၊ ဂန္ဓဝါစကပဏ္ဍိတ မဟာဂန္ဓဝါစကပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရိယဝံသ အောင်ဆုပန်ဆရာတော်နှင့် ရတနာမဏ္ဍိုင်ခမ္မရိပ်သာဆရာတော် လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)တို့မှ ဦးဆောင်၍ လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုမှတ်နည်းဟောပြောမှုဆိုင်ရာများပို့ချမည်။

ကျင်းပမည့်ရက် - ၁-၁-၂၀၁၄ ရက်မှ ၁၁-၁-၂၀၁၄ ရက်အထိ

ကြိုတင်စာရင်းပေးသွင်းရန် - ၁-၁၂-၂၀၁၃ မှစတင်၍ စာရင်းပေးသွင်းနိုင်ပါသည်။

မှတ်ချက်။ ။ သာသနာဝင်ကတ်ပါရှိရမည်။ သုံးဝါပြည့်ရမည်။ ကျန်းမာရေးနှင့်ပြည့်စုံရမည်။ စခန်းပြီးဆုံးသည်အထိ နေထိုင်နိုင်သောသံဃာများကိုသာ လက်ခံပါမည်။

**တရားစခန်းဝင်သံဃာတစ်ပါးလျှင်**

**သက်နှိုးဖွဲ့စုံတစ်စုံ၊ လက်ဆွဲအိတ်တစ်လုံး၊ နဝကမ္မတစ်သောင်းကျပ်လျှုဒါန်းမည်။**

| | |
|---|---|
| အရုဏ်ဆွမ်း | -၉၀၀၀၀/- |
| နေ့ဆွမ်း | -၁၅၀၀၀၀/- |
| ရေခဲမုန့် | -၇၀၀၀၀/- |
| အအေး | -၄၀၀၀၀/- |

**တစ်နေ့တာ-၃၅၀၀၀၀/-ကျပ်နှုန်းဖြင့် မိမိတို့တတ်စွမ်းသမျှ လျှုဒါန်းနိုင်ပါသည်။**

**ဆက်သွယ်လျှုဒါန်းရန်ဖုန်း-၀၁-၆၆၃၈၀၂၊ ၀၉-၅၁၂၇၀၂၇၊ ၀၉-၄၉၂၄၅၅၃၉၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလက်ကမ်းစာစောင်၊ စာအုပ်၊ CD File Folder နှင့်လက်ဆွဲအိတ်များကို ထုတ်ဝေရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းမည့်ရက် - ၂၅-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း

(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၁၂-၂၀၁၃ရက် မွန်းလွဲ ၂ နာရီ

(ဂ) တင်ဒါပုံစံဝယ်ယူရန်နေရာ - ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်း-၀၆၇-၄၀၆၄၆၁၊ ၄၀၆ ၂၅၀၊ ၄၀၆၁၃၆တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်**

## ကန့်ဘလူမြို့ အထကတတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ကန့်ဘလူမြို့ အထက (ယခု အထက-၁) တွင် ပညာသင်ကြားခဲ့ဖူးသည့် ကျောင်းသား/ သူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ ရင်းနှီးခင်မင်စွာတွေ့ဆုံ၍ ဆရာ၊ ဆရာမများအား ကန်တော့ကြမည်ဖြစ်ပါသောကြောင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေ)

အချိန် - နံနက် ၉ နာရီနေရာ - အထက(၁)

**ဆက်သွယ်လျှုဒါန်းနိုင်သောဖုန်းနံပါတ်များ**

| | | | |
|---|---|---|---|
| **ရန်ကုန်** | | | |
| ကိုစိုးမြင့်(ရာသက်ပန်) | ၀၉-၈၆၂၄၃၃၂ | **မုံရွာ** | |
| ကိုကျော်မင်းဆွေ(The Voice) | ၀၉-၅၀၂၆၆၅၀ | ကိုမျိုးမင်းထိုက် | ၀၉-၅၀၈၈၆၂၆၂ |
| ကိုတိုးလှိုင်မြင့် | ၀၉-၇၃၀၇၁၆၄၃ | **တောင်ငူ** | |
| ကိုဇေယျာထက် | ၀၉-၄၃၀၃၈၉၄၃ | ကိုဇော်နိုင်အေး | ၀၉-၅၀၉၆၂၈၅ |
| **မန္တလေး** | | **ကန့်ဘလူ** | |
| ကိုခြူး(ခ)ကိုလှမြင့် | ၀၉-၂၀၃၈၅၅၀ | ကိုဥာဏ်မင်းထွန်း | ၀၉-၆၄၆၆၁၀၆ |
| ကိုမောင်မောင်ဦး | ၀၉-၂၀၄၄၂၆၃ | ကိုဇော်လင်းထွန်း | ၀၉-၆၄၆၆၂၃၂ |
| ကိုခိုင်ဇော်ဝင်း | ၀၉-၄၄၄၀၂၁၆၁၆ | ကိုနွေဦး | ၀၉-၆၄၆၆၄၃၉ |
| ကိုဝေဟင်စိုး | ၀၉-၅၁၅၈၆၂၆ | ကိုခိုင်ထွန်းအောင် | ၀၉-၄၀၀၄၃၀၀၃၀ |
| **စစ်ကိုင်း** | | ကိုကျော်လှိုင်ဦး | ၀၉-၆၄၆၆၃၉၁ |
| ကိုအောင်ကျော်နိုင်(ဖိုးငယ်) | ၀၉-၂၀၁၀၆၀၁ | **မြစ်ကြီးနား** | |
| **ရွှေဘို** | | မအေးအေးငြိမ်း | ၀၉-၅၀၆၈၄၄၃ |
| ကိုတင်ထွန်းဦး (KT) | ၀၉-၂၀၁၀၁၃၃ | | |
| ကိုအောင်ခန့် | ၀၉-၂၀၁၄၈၇၉ | | |

## တိုက်ခန်းရောင်းမည် (၄၅၅သိန်း)

အထက်ပုဇွန်တောင်၊ ကျောင်းလမ်း ပေ(၃၅×၄၀)၊ ၇လွှာ၊ ထောင့်ခန်း၊ (စလွှာတိုက်)IMBR, 2BR ဘုရားခန်း၊ ပါကေးအပြည့်ခင်း၊ ကြွေပြားကပ်၊ အဆင့်မြင့်ပြင်၊ ဖုန်း-၀၉-၅၁၁၉၉၅၅၁၊ ၀၉-၅၁၁၁၇၃၉

# HIV/AIDS နှင့် တီဘီရောဂါအကြောင်း
## အသိပညာပေးဟောပြော၊ စာအုပ်၊ စာရေးကိရိယာများထောက်ပံ့

**မြန်အောင် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာတွင် နိုဝင်ဘာ ၁၈ ရက်က HIV/AIDS နှင့် တီဘီရောဂါ

အကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ဌေးမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သည် ပြည်သူများ ကျန်းမာရေးဗဟုသုတတိုးပွားအောင် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူများ HIV/AIDS ရောဂါ၊ တီဘီရောဂါနှင့် ပတ်သက်သည့် ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ ဆင့်ပွားပညာပေးခြင်းများနှင့် ပြန်လည်ဆန်းစစ်ခြင်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဆင်ကျုံးကျောင်းဆောင်ကို ကျောင်းအင်္ဂါရပ်နှင့်အညီ ပြန်လည်ပြုပြင်တည်ဆောက်ပေးရန်နှင့် ကျောင်းသားကျောင်းသူများကို စာအုပ်၊ စာရေးကိရိယာ၊ အဝတ်အစားနှင့် မုန့်များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မဖွံ့ဖြိုးသေးသော ဒေသများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းဖြစ်ပြီး အမက(ခွဲ) ဆင်ကျုံးကျောင်း ပြန်လည်ဆောက်လုပ်ရခြင်းသည် ကလေးသူငယ်များ ပညာရည်အဆင့်အတန်း မနိမ့်ကျစေရန်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းထိန်က HIV/AIDS ရောဂါနှင့် တီဘီရောဂါအကြောင်းကို ကျေးရွာသူကျေးရွာသားများသိရှိစေရန် အကျယ်တဝင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက မျှင်ဝါးတောင်ကျေးရွာအုပ်စု အမက(ခွဲ) ဆင်ကျုံးမှ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာများ၊ အဝတ်အစားနှင့်မုန့်များ ပေးအပ်လျှက်ဒါန်းရာ(**ဝဲပုံ**) ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။ ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကက ဒေသခံချင်းတိုင်းရင်းသား တိုင်းရင်းသူများကို အဝတ်အထည်များ ထောက်ပံ့ပေးအပ်ပြီး ဆင်ကျုံးကျေးရွာသူ ကျေးရွာသားများကို အစားအသောက်နှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

# မိတ္ထီလာကန်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်သွားမည်

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

၂၀၁၄-၂၀၁၅ ဘတ်ဂျက်ကာလအစပိုင်းတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့ရှိ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်ရှိ ကန်ကူးတံတားနှင့်ကပ်လျက် ကန်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက Delivery Unit အဖွဲ့နှင့် တွေ့ဆုံရာ၌ မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးခင်မောင်ထူးက မိတ္ထီလာကန်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ပေးမည့် အစီအစဉ်ရှိ မရှိ မေးမြန်းရာ ဦးအောင်နိုင်ဦး [အင်ဂျင်နီယာချုပ်(တံတား) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]က လာမည့်နှစ် ဘတ်ဂျက်လအစပိုင်းတွင် မိတ္ထီလာကန်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မိတ္ထီလာကန်ကူးတံတားသည် ခန့်မှန်းပေ ၂၅၀ ကျော်ရှည်လျားပြီး အကျယ် ၁၈ ပေခန့်ရှိသည်။ ယင်းကန်ကူးတံတားကို လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နေပြည်တော်၊ ကျောက်ပန်းတောင်း၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီး စသည့်ဒေသများသို့ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်တင်မော်တော်ယာဉ်ကြီးများ နေ့စဉ်ဖြတ်သန်းသွားလာမှုကြောင့် ဒေသခံများအတွက် ဖြတ်သန်းသွားလာရာတွင် များစွာအခက်အခဲ တွေ့ရသည်။ ကန်အနီးရှိ အထက(၁) ကျောင်းဆင်း ကျောင်းတက်ချိန်၊ တခြားဌာနဆိုင်ရာ ရုံးဆင်းရုံးတက်ချိန်၊ နံနက်ခင်း၊ ညနေခင်းအချိန်များတွင် ကန်ကူးတံတားပေါ်တွင် ယာဉ်သွားယာဉ်လာများပြားရှုပ်ထွေးမှုကို နေ့စဉ် ကြုံတွေ့နေရသည်။ ထို့ကြောင့် သက်ဆိုင်ရာလွှတ်တော်တွင်လည်း မိတ္ထီလာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းဆွေးနွေးတင်ပြကာ မြို့နေပြည်သူများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကန်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ပေးရန် မကြာခဏ တင်ပြတောင်းခံကြသည်။ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် နိုင်ငံတော် အစိုးရ၏ လမ်းညွှန်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မိတ္ထီလာကန်ကူးတံတားတစ်စင်းကို မကြာမီ မြင်တွေ့ရတော့မည်ဖြစ်သည်။

ထပ်မံတည်ဆောက်မည့် ကန်ကူးတံတားသစ်ကို လက်ရှိကန်ကူးတံတားနှင့်ကပ်လျက် ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကာ တံတားနှစ်စင်းကို အသွားတစ်လမ်းအပြန်တစ်လမ်း နှစ်လမ်းမောင်းစနစ် ကျင့်သုံးစေကာ ယာဉ်ကြောရှုပ်ထွေးမှုကို ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## လူမှုရေး/စီးပွားရေးကြော်ငြာ


### မွေး/ကုတက္ကသိုလ်
### ကျောင်းသား/သူဟောင်းများ ဆရာကန်တော့ပွဲ

၁၉၈၇-၁၉၉၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားခဲ့ကြသော မွေး/ကုတက္ကသိုလ် ကျောင်းသား/သူဟောင်းများ၏ ဆရာကန်တော့ပွဲကို ၄-၁-၂၀၁၄ ရက် ညနေ ၅ နာရီတွင် M-3 Food Centre (ရန်ကုန်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး တက်ရောက် ပါရန်နှင့် တက်ရောက်မည့်သူများနှင့် အလှူငွေထည့်ရန်ကျန်သူများ အောက်ပါသူငယ်ချင်းများ ထံသို့ ဆက်သွယ်ပေးပါရန် အကြောင်းကြားပါသည်။

| | |
|---|---|
| **Dr.သန်းသန်းနိုင်** | **Dr.လင်းလင်းထက်** |
| **Ph.09-5090117** | **Ph.09-421742902** |
| **Dr.ကြည်တိုး** | **Dr.လင်းဘို** |
| **Ph.09-5142411** | **Ph.09-5110224** |
| **Dr.သူမိုန်ထွန်း** | **Dr.တိုးမိုးအောင်** |
| **Ph.09-5112946** | **Ph.09-5310575** |
| **Dr.ဇော်မင်းထွန်း** | **ကိုဝဏ္ဏထွေး** |
| **Ph:09-5101421** | **Ph:09-5142225** |

### ၁၉၆၇–၁၉၇၁ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ
### စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား/သူဟောင်းများ မိသားစုမိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ဆက်သွယ်လျှောက်ထားကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၈-၁၂-၂၀၁၃ ရက်(စနေနေ့) - Western Park II(Ruby) အလုံ(ကမ်းနားလမ်း)
ဆရာကန်တော့ပွဲ - နံနက် ၉း၀၀ နာရီ
မိသားစုမိတ်ဆုံစားပွဲ - ညနေ ၅း၀၀ နာရီ

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၅၀၇၁၃၁၂၂၂၂၊ ၀၉-၇၃၀၃၃၅၆၅၅၊ ၀၉-၅၁၆၈၂၂၁၊ ၀၉-၅၀၀၈၇၁၆၊ ၀၉-၅၀၀၆၉၁၂၂၊ ၃၉၆၄၅၁၁၊ ၀၉-၅၀၀ ၈၉၈၈၊ ၀၉-၅၀၄၂၀၇၇၊ ၀၉-၆၅၀၁၉၁၅၊ ၀၂- ၂၂၆၆၈၊ ၀၉ ၈၆၂၄၆၃၆၊ ၀၉-၄၉၃၅၁၂၂၇၆**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဏ်ပြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်နေ ကျွန်မ ဒေါ်ငြေးငြေးမြင့် [၁၂/ဥကတ(နိုင်)၀၁၈၅၁၀၂]၏ သမီးဖြစ်သူ မမြအေးခိုင်[၁၂/ဥကတ(နိုင်)၁၅၅၉၃၈]သည် မိဘ ညီအစ်ကိုမောင်နှမများ၏ ဝုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးဆောင်ရွက်ခဲ့သည့်အပြင် အကြိမ်ကြိမ် ပြောဆိုဆုံးမမှုများကိုလည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် အပြီးပိုင် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀ဝတို့ကို တာ၀နျယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ငြေးငြေးမြင့်**

### အလက(၁)လှိုင်၊ (၇/လမ်းကျောင်း)၊
### ရွှေရတုအကြို အာစရိယပူဇော်ပွဲ

၁၉၆၅ မှ ၂၀၁၃ ပညာသင်နှစ်အတွင်း ပညာနို့ရည် သောက်သုံးခဲ့သော ကျောင်းသား/ကျောင်းသူဟောင်းများမှ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း စည်ကား သိုက်မြိုက်စွာ ကျင်းပရန်ရှိပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ မပျက် မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁-၁၂-၂၀၁၃ ရက်(တနင်္ဂနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉ နာရီ
ကျင်းပမည့်နေရာ ။ ။ အလက(၁)လှိုင်၊ (၇/လမ်းကျောင်း)

**ဖုန်း-၀၁ ၅၃၇၃၃၈**

### ဥပဒေကျောင်းသားကျောင်းသူဟောင်းများ
### အာစရိယပူဇော်ပွဲကျင်းပမည်
**B.A(Law),LL.B,7th Batch**

(၁၉၆၉-၁၉၇၄)ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် (တနင်္ဂနေ့) နံနက် ၁း၀၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ M3 စားသောက်ဆိုင် တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အောက်ပါသူငယ်ချင်းများထံ အမြန်ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

အလှူငွေများကိုလည်း ကျောက်တံတားမြို့နယ်၊ YOMA BANK ငွေစာရင်းအမှတ်-၀၂၀-၃၃- ၅၀၀၈၁-၃ သို့လည်း ပေးပို့လျှောဒါန်းနိုင်ကြပါသည်။

| | | | |
|---|---|---|---|
| ဦးကျော်ပိုင် | ဖုန်း-၀၉-၅၁၆၉၁၆၄ | ဦးစိန်လေး | ဖုန်း-၀၉-၅၀၈၁၄၆၀ |
| ဦးတင်ဝင်းအောင် | ဖုန်း-၀၉-၇၃၂၀၈၉၈၁ | ဦးကျော်စိုး | ဖုန်း-၀၉-၅၁၈၈၃၃၀၈ |
| ဦးထွန်းရှိန်(ဆန်နီ) | ဖုန်း-၀၉-၅၀၃၃၂၂၉၄ | ဦးရီဝင်း | ဖုန်း-၀၉-၅၁၅၃၉၄၀ |
| ဒေါ်မော်မော်အေး | ဖုန်း-၀၉-၈၃၀၂၀၀၅ | | |

**(၁၉၆၉-၁၉၇၄)ဥပဒေကျောင်းသားကျောင်းသူဟောင်းများ**






## ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန
## (ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ဝင်ခွင့်စာမေးပွဲ)

(၁) **ရေးဖြေ** ၂၄-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) (အခြေခံပညာအထက်တန်းဆင့် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတမေးခွန်း)

**ဖြေဆိုရမည့်အချိန် - ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ**

**(၂) စာစစ်ဌာန**

**(က) အထက(၁)လသာ** ခုံအမှတ်(ရကတ-၀၀၀၁) မှ (ရကတ-၀၅၀၈)အထိ

**(ခ) အထက(၂)လသာ** ခုံအမှတ်(ရကတ-၀၅၀၉) မှ (ရကတ-၁၀၇၈)အထိ

**(၃) ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်အချိန်**

၂၀-၁၁-၂၀၁၃ရက်မှ ၂၃-၁၁-၂၀၁၃ ရက် နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း

**(၄) ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေရာ**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၄၂၉၉၊ ၀၉-၃၁၃၃၅၅၆၆၊ ၀၉-၃၁၃၃၅၅၇၇

**မှတ်ချက် ။ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ကို ယူဆောင်၍ လာရောက်ထုတ်ယူရန်။**

(၅) နှုတ်ဖြေဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ဖြေဆိုရမည့်ရက်ကို ၂၈-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၌ ကြေညာထားမည် ဖြစ်ပါသည်။

**နှုတ်ဖြေဖြေဆိုရန် လာရောက်သည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)တို့ကို ယူဆောင်လာရမည်ဖြစ်ပါသည်။**

**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန**

**PVC ပလတ်စတစ်စက်(၂)စုံ**

PVC ခွဲစက်(၁)လုံး ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၄၂၁၃၃၅၅၂၊ ၀၁-၆၉၅၁၃၃**

**ကားရောင်းမည်**

Land Cruiser 1998,စတီ 4700CC ဓာတ်ဆီ,နောက်ချိတ်

**ဖုန်း-၀၉-၅၁၀၅၃၆၈**

## စိန်မိုက်ကယ်@အထက(၄)မေမြို့
## ကျောင်းတော်ကြီး (၁၁၁)နှစ်မြောက်အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲ

ဒယ်ဒီကြီး ဦးဘကြည်၊ မာမီကြီး ဒေါ်မမလေး၊ အန်တီသန်း ဆရာမ ဒေါ်သန်းသန်းတို့ ဦးစီးတည်ထောင်ခဲ့သော MID-LAND ဘော်ဒါတွင် ရင်ငွေ့ခိုလှုံရင်း စိန်မိုက်ကယ်@အထက(၄)၊ မေမြို့ကျောင်းတော်ကြီးတွင် ပညာရည်နှီးသောက်စို့ခဲ့သော နောင်တော်များ၊ အတန်းဖော်ရောင်းရင်း အပေါင်းအသင်းများနှင့် ညီငယ်များအား တိုက်တွန်းနှိုးဆော်အသိပေးအပ်ပါသည်။

တို့တစ်တွေ ပညာရည်နှီးသောက်စို့ခဲ့သော စိန်မိုက်ကယ်@အထက(၄)၊ မေမြို့ကျောင်းတော်ကြီး တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ (၁၁၁)နှစ်မြောက်ခဲ့ပြီမို့ ၁၉-၁-၂၀၁၄ရက်တွင် (၁၁၁)နှစ်မြောက်အထိမ်းအမှတ်ပွဲနှင့် အနန္တဂိုဏ်းဝင် မြတ်ဆရာပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ကွဲကွာနေကြတဲ့ တို့တစ်တွေ ပြန်လည်ဆုံတွေ့နိုင်ရန် အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**တင်မောင်ဦး(၁၉၇၆-၁၉၇၉)**
**ဖုန်း-၀၉-၄၃၀၇၃၂၆၄**

**အလှူငွေများ ဆက်သွယ်လှူဒါန်းရန်**

၁။ ဦးသန်းနိုင် SWEETY LAND HOTEL
ဖုန်း-၀၉-၂၀၄၄၁၅၄

၂။ ဒေါ်အေးအေးမင်း(လ၀ကရုံး၊ ပြင်ဦးလွင်)
ဖုန်း-၀၉-၄၀၂၅၁၁၀၀၁

၃။ ဦးကျော်ဇင်လတ်(ခ)ဦးချစ်ကို
ဖုန်း-၀၉-၂၀၄၄၆၉၃

၄။ ဦးနေ၀င်းအေး(ခ)ကိုတိုး
ဖုန်း-၀၉-၄၇၁၃၁၁၈၂

၅။ ဦးထွေးထွေးအောင်(DKSH ကုမ္ပဏီလီမိတက်)
ဖုန်း-၀၉-၂၀၄၆၆၀၂

၆။ ဒေါ်ဆွေဇင်ရဲ(စင်ကာပူ)
ဖုန်း+၆၅၉၄၈၁၀၆၉၃



## ဝန်ထမ်းအမြန်အလိုရှိသည်
## (ရန်ကုန်)

၁။ Sale & Marketing Manager ကျား/မ(၁)ဦး

တက္ကသိုလ်ဘွဲ့ရ၊ Sales & Marketing Diploma ရရှိထားသူဖြစ်ရမည်။ အသက်(၄၀)နှစ်ထက်မကြီးရပါ။ အင်္ဂလိပ်စာကျွမ်းကျင်ရမည်။ လုပ်သက်(၅)နှစ်နှင့်အထက် ဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

၂။ Sales & Marketing Executive ကျား/မ(၂)ဦး

တက္ကသိုလ်ဘွဲ့ရ၊ Sales & Marketing Planning & Budgeting ပိုင်းဆိုင်ရာ တွက်ချက်မှု ကျွမ်းကျင်သူဖြစ်ရမည်။ အသက်(၃၅)နှစ်ထက် မကြီးရပါ။ အနည်းဆုံး လုပ်သက်(၂/၃)နှစ်ရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

၃။ Sales & Marketing Coordinator ကျား/မ(၂)ဦး

တက္ကသိုလ်ဘွဲ့ရ၊ လူမှုဆက်ဆံရေးပိုင်း ကျွမ်းကျင်သူဖြစ်ရမည်။ အသက်(၂၅)နှစ်ထက် မကြီးရပါ။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ဆောက်လုပ်ရေးကွန်ဒိုအိမ်ရာ၊ Shopping Mall တို့နှင့် ဆက်နွယ်သော Sales &Marketing အပိုင်း အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

အထက်ဖော်ပြပါ အရည်အချင်းတို့နှင့် ပြည့်စုံသူများ လစာကောင်းပေးမည်။ လျှောက်ထားလိုပါက လိုအပ်သောစာရွက်စာတမ်း အထောက်အထား အပြည့်အစုံကို E-mail ဖြင့် လျှောက်ထားပါက CV with photo ပို့၍လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

**အမှတ်(၂၃/စီ)၊ သုခ၀တီလမ်း၊ (ဆီဒိုးနားဟိုတယ်အနီး)၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၈၆၀၅၀၀၃~၈၆၀၅၀၀၄၊ ၈၆၀၅၀၄၄~၈၆၀၅၀၄၆(လိုင်းခွဲ-၂၀၃၊ ၂၀၆၊၀)**
**Email:hrdeptmgw@gmail.com**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)**

မိဘတစ်ဦးကဲ့သို့လည်းကောင်း၊ အစ်ကိုကြီးတစ်ဦးကဲ့သို့ လည်းကောင်း၊ ဆရာကောင်းတစ်ဆူကဲ့သို့လည်းကောင်း အလွန်ပင်ချစ်ခင်လေးစားရပါသော၊ ကြည်ညြိလေးစားရပါသော စံပြထိုက်ဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှေ့ဆောင်လမ်းပြပေးပါသော ရဲမျှားကြီးရဲသူရိန် ခင်မောင်ထွန်း(ငြိမ်း)သည် ၁၇-၁၁-၂၀၁၃(တနင်္ဂနွေ) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါတယ်။ ကောင်းရာသုဂတိလားပါစေ။

**ဦးမြင့်စိုး [တွဲဖက်အတွင်းရေးမှူး (စီမံ/စည်းရုံး)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)]-ဇနီး-ဒေါ်ရွှင်မိနှောင်း၊ သား-မောင်ရွှေဥ၊ မောင်ငွေဥ ပွင့်လန်းမိသားစု၊ မင်္ဂလာဒုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာနှင့်ဒါယိကာမကြီး**

**ဦးမြလွင် (၇၅)နှစ်(မန်နေဂျာ-ငြိမ်း)**

**စိုက်ပျိုးရေးသုတေသန(ရေဆင်း)**

**ဒေါ်တင်ကြည် အသက်(၇၀)**

**(အလယ်တန်းပြဆရာမ-ငြိမ်း)၊ အထက(၈) မော်လမြိုင်မြို့၊ အထက(ရေဆင်း)**

လားရှိန်မြို့၊ နောင်မွန်ရွာ၊ ပြည်ထောင်စုလမ်းကြီး၊ အမှတ်-က(၉၁) နေ ကျေးဇူးရှင် ဆရာမ ဒေါ်တင်ကြည်နှင့် ခင်ပွန်း ဦးမြလွင် (မန်နေဂျာ-ငြိမ်း)တို့သည် ၁၇-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပည့်ဟောင်းများ**
**အမှတ်(၈) အထက၊ မော်လမြိုင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာဦးစန်းရိန်(တိုက်ကြီး)

**အသက်(၇၁)နှစ်**

အထက(၁) လသာမှ ကန်တော့ခံ ဆရာဦးစန်းရိန်သည် ၉-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာကြီး၊ ဆရာမကြီးများနှင့်**
**၁၉၈၆ခုနှစ်နောက်ပိုင်း အာစရိယ**
**ပူဇော်ပွဲကျင်းပရေးကော်မတီနှင့် ကျောင်းသားဟောင်းများ**
**အထက(၁)လသာ(စင်ထရယ်)**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ၊ ရဲမျှားကြီး ရဲသူရိန် ခင်မောင်ထွန်း (ငြိမ်း)(လမ်းမတော် ခင်မောင်ထွန်း) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ဗိုလ်တထောင်မြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီး မြင့်သိန်းဆွေ(ငြိမ်း)

**အသက်(၆၈)နှစ်**

သူငယ်ချင်းဗိုလ်မှူးကြီး မြင့်သိန်းဆွေ (ငြိမ်း)သည် ၁၁-၁၁- ၂၀၁၃ ရက် (တနလ်ာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပြီးသံဝေဝ ဖြစ်ကြရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၈)**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)

**စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်)**

**ဥက္ကဋ္ဌမြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA (ဗဟို)**

**အသက်(၇၅)နှစ်**

ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA (ဗဟို) ရဲမျှားကြီးရဲသူရိန် ခင်မောင်ထွန်း(ငြိမ်း)သည် ၁၇-၁၁- ၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တာချီလိတ်ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ**
**ဦးသိန်းဝင်းနှင့်အလုပ်အမှုဆောင်ကော်မတီဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)

**ခင်မောင်ထွန်း(လမ်းမတော်)**

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)**

ရဲမျှားကြီးရဲသူရိန် ခင်မောင်ထွန်း(ငြိမ်း) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**စစ်ကိုင်းခရိုင်**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဒုတိယဥက္ကဋ္ဌ(၁)၊ မရမ်းကုန်းမြို့နယ်၊ စာရေးဆရာအသင်း၏ ဂုဏ်ထူးဆောင် နာယက ရဲမျှားကြီးရဲသူရိန် ခင်မောင်ထွန်း(ငြိမ်း)(လမ်းမတော် ခင်မောင်ထွန်း)သည် ၁၇-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)(လမ်းမတော် ခင်မောင်ထွန်း) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း

ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)

**စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်)**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ၊ ဒုတိယဥက္ကဋ္ဌ၊ ဗဟုသုတ ... ESAE Language and Training Centre ၏ Advisor ...**

ဦးမြင့်ကြည်(ခ)ဦးမင်းမျက် (မန်နေဂျင်းဒါရိုက်တာ)နှင့် ဝန်ထမ်းများ (Stage Line Co.,Limited)
ဒေါ်မြမြ(မန်နေဂျင်းဒါရိုက်တာ)နှင့် ဝန်ထမ်းများ (ESAE Co.,Limited)

## အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းအမှတ်(၃၇)၊ မြေကွက်အမှတ်(၆၅)၊ ဧရိယာ(၀. ၀၅)ဧက ဦးတင်အောင် အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်၏ ဂရန်မူရင်းနှင့် စာရွက်စာတမ်းများသည် ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် အဆိုပါဂရန်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း မပြုလုပ်နိုင်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်အောင်**
**ဖုန်း-၀၉-၂၀၁၃၅၅၉**

**မီး သတိပြု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်အေးကြိုင်(ကျောင်းဆရာမ-ငြိမ်း)**

**အသက်(၇၃)နှစ် (မော်လမြိုင်)**

ဦးသက်ဝေ-သူငယ်ချင်းဒေါက်တာတိုးတိုးလှိုင်(ပါရမီကိုယ်ပိုင် အထက်တန်းကျောင်း၊ မော်လမြိုင်မြို့)တို့၏ မိခင် ဒေါ်အေးကြိုင် ကွယ်လွန်ကြောင်းသိရပါ၍ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**11/87 Batch ဆေးတက္ကသိုလ်(၂)မှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)**

**အသက်(၇၅)နှစ်**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက၊ မင်းကြီးဦးခင်မောင်ထွန်းသည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌဒေါက်တာဝင်းဇော်**
**ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့်အားကစားသမားများ**
**မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)**

**စာရေးဆရာ ခင်မောင်ထွန်း (လမ်းမတော်)**

**ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း**

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဒုတိယဥက္ကဋ္ဌ(၁) ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)(ခင်မောင်ထွန်း-လမ်းမတော်) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ရဲမျှားကြီးရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)**

**စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်)**

**Managing Director**

**Professional Security Service Co.,Ltd**

Professional Security Service Co.,Ltdမှ Managing Director ရဲမျှားကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)သည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင် သယ်နိုးကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Professional Security Service Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီဦးမောင်မောင်ငွေ(ဗလီအကြီးစားပြင်ဆင်ရေးကော်မတီအတွင်းရေးမှူးဟောင်း၊ ဒါရိုက်တာ ဘဏ္ဍာတော်ထိန်း အတွင်းရေးမှူးဟောင်း)သည် ဆော်ဒီအာရေဗျနိုင်ငံ၊ မဒီနာရွှေမြို့တော်၌ ၁၄-၁၁-၂၀၁၃ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်ဘဏ္ဍာတော်ထိန်းရေးအဖွဲ့**
**ငါးပါးသခင်ဒါရိုက်တော်**
**သန်လျင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီဦးမောင်မောင်ငွေ(ဗလီအကြီးစားပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူးဟောင်း၊ ဒါရိုက်တာ ဘဏ္ဍာတော်ထိန်း အတွင်းရေးမှူးဟောင်း)သည် ဆော်ဒီအာရေဗျနိုင်ငံ၊ မဒီနာရွှေမြို့တော်၌ ၁၄-၁၁-၂၀၁၃ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဟာဂျီကျော်ဝင်း(ဗလီ)၊ ကိုကြည် (ပေါ်တော်မူဗလီ)၊ ဦးကြည်အေး၊ ဟာဂျီသက်နိုင်၊**
**ဟာဂျီတင်ရွှေ၊ ဟာဂျီSSS၊ ဦးသိန်းထွန်း၊ လှဦး**
**ဒါရိုက်ဘဏ္ဍာတော်ထိန်းအဖွဲ့ ဥက္ကဋ္ဌအဆက်ဆက်**

## ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီဦးမောင်မောင်ငွေ(ဗလီအကြီးစားပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူးဟောင်း၊ ဒါရိုက်တာ ဘဏ္ဍာတော်ထိန်း အတွင်းရေးမှူးဟောင်း)သည် ဆော်ဒီအာရေဗျနိုင်ငံ၊ မဒီနာရွှေမြို့တော်၌ ၁၄-၁၁-၂၀၁၃ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်လူကြီးရွှေးချယ်ခန့်ထားရေးကော်မတီ**
**ငါးပါးသခင်ဒါရိုက်တော်၊ သန်လျင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝေဝေ (၆၉)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးစိုးရန်နိုင်-ဒေါ်ကြည်ကြည်ညွှန့်တို့၏မိခင် ဒေါ်ဝေဝေ အသက်(၆၉)နှစ်သည် ၁၉-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့တော်ဝန်နှင့်ဇနီး**
**ကော်မတီဝင်များနှင့် ဝန်ထမ်းမိသားစုများ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိန်တင်(ခ)ဒေါ်တင်တင်
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ၊ အမှတ်(၅၃)နေ ဦးစိုးသာ (ဗဟိုအတိုင်ပင်ခံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)-ဒေါ်ကြူကြူဝင်းတို့၏မိခင် ဒေါ်စိန်တင်(ခ)ဒေါ်တင်တင်သည် ၁၅-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အတွင်းရေးမှူး ဦးသိန်းဦး-ဒေါ်သင်းသင်းနွယ်တို့၏ဖခင် ဦးမြသိန်းအောင် (၇၆)နှစ်သည် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခေတ္တကျောင်းအုပ်ကြီး**
**ဗဟိုမီးသတ်သင်တန်းကျောင်း**
**မကခ(၁) ညွှန်ကြားရေးမှူးနှင့် တပ်ဖွဲ့ဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)
## စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်)
## အသက်(၇၅)နှစ်

ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝေဝေ (၆၉)နှစ်
**(ခင်ဦးမြို့)**

ဦးစိုးရန်နိုင်(ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ကြည်ကြည်ညွှန့်တို့၏မိခင်သည် ၁၉-၁၁-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန**
**ဈေးများဌာန**
**ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန**

## ဒေါ်သန်းသန်း(မြိတ်)(၇၅)နှစ်
**အငြိမ်းစား**
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး**
**အထက်တန်းကျောင်း (TTC)**

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်အမှတ်(၁၇)၊ အခန်းအမှတ်(၁၂)နေ (ဦးသိန်းတင်-ဒေါ်ခင်လေး) တို့၏သမီး ဒေါ်သန်းသန်းသည် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်အေးမော်(Jessie)
## အသက်(၆၄)နှစ်
**(B.Sc, Chem;)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ်(၁၅၂)၊ ယောဂီကျောင်းလမ်း၊ (နဂါးဖလ်မြေမှန်မြေ ဖန်ချက်စက်ရုံ)နေ (ဦးကျင်ဝမ်-ဒေါ်စောလှိုင်)တို့၏သမီး၊ ဒေါ်နှင်းဦး၊ ဦးမြတ်ကြွယ်၊ ဦးသိန်းဇော်-ဒေါ်သိန်းဟံ၊ (ဒေါ်လွင်လွင်မြင့်)၊ ဦးဝင်းကိုကို-ဒေါ်ခင်ဝင်း၊ ဦးကြည်ဝင်း-ဒေါ်စိုးစိုးဝင်းတို့၏ ညီမ၊ ဦးအောင်စိုးသန်း-ဒေါ်သင်းသင်းဆွေ၊ ဦးမြင့်ဦး-ဒေါ်ခင်စိုးမိုးတို့၏ အစ်မ၊ တူ/တူမကိုးယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ညွှန့်(ဥက္ကံ) (၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဥက္ကံမြို့နေ(ဦးသူငယ်-ဒေါ်မမကြီး)တို့၏သမီး၊ ဒေါ်အုန်း၊ (ဦးတင်ဦး)၊ ဒေါ်လှရွှေတို့၏ညီမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ အမှတ်(၆၆)၊ ရန်ပြေ (၁၇)လမ်းအရှေ့နေ ဦးဝင်းမောင်(မြရိပ်မွန်)-ဒေါ်ရီရီတင်၊ (ဦးသန်းဦး)-ဒေါ်လှလှမြင့်၊ (ဦးအောင်နိုင်ဦး)-ဒေါ်ခင်စောလှိုင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၀-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးမြသိန်းအောင် (၇၆)နှစ်
**လက်ထောက်မန်နေဂျာ**
**(စီမံစီးပွား-၃) ယာဉ်/စက်(ငြိမ်း)**

စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ မီးသတ်အရာရှိအိမ်ရာနေ (ဦးကျော်သင်း-ဒေါ်စိန်ပု)တို့၏သား၊ (ဒေါ်ခင်လှကျင်)၏ ခင်ပွန်း၊ (ဒေါ်နုနုစိန်)၊ ဒေါ်တင့်တင့်၊ ဦးအောင်သာမြင့်-ဒေါ်အေးအေးတို့၏ အစ်ကို၊ ဦးထူးအောင်၊ ဦးသိန်းဦး (အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်သင်းသင်းနွယ်၊ ဦးသင်းအောင်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့် (၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ်(၁၇)နေ (ဦးသိန်းမောင်-ဒေါ်သန်းသန်း)တို့၏သမီး၊ [ဦးအောင်သန်း(ခ) ဦးအောင်လွင်]၏ဇနီး၊ ဦးမောင်မောင်-ဒေါ်ကြည်ကြည်အေး၊ ဦးခင်မောင်အေး- Dr. ဒေါ်ခင်မျိုးထွေး၊ (ဦးဝင်းမြင့်)-ဒေါ်နွယ်နီခင်၊ ဦးကျော်ဇော၊ ဦးဝင်းဖေ၊ ဒေါ်ကြူကြူခင်၊ ဦးသန်းအောင်-ဒေါ်ရီရီနွယ်၊ ဦးအောင်မင်း-ဒေါ်ခင်သန္တာဦးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) ည ၈း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်း (၈၉)နှစ်
**(ဥက္ကံ၊ ဖျာပုံ)**

ဖျာပုံမြို့၊ (၁၀)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၁၇)နေ (ဦးခင်စိန်)၏ ဇနီး၊ ဖျာပုံမြို့နေ (ဦးသိန်းလွင်)-ဒေါ်တင်တင်ဝင်း၊ ဦးခိုင်သန်း-ဒေါ်ခင်ဝင်းကြည်၊ ဦးစိုးဝင်း-ဒေါ်ခင်အုန်းမြင့်တို့၏မိခင်၊ (ဦးခင်ညို-ဒေါ်ခင်သောင်း)တို့၏ အစ်မသည် ၁၈-၁၁-၂၀၁၃ရက် ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမ
**တကက**
## ဒေါ်သိန်းတင့်(ငြိမ်း) (၇၃)နှစ်
**မ/၁၄၅၀**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄/၄၀၅)၊ အောင်မြေသာစည်အိမ်ရာနေ (ဦးစိုးမင်း-ဒေါ်ကျော့ရွှေ)၏ သမီးထွေး၊ (ဒေါ်သိန်းစိန်)၊ (ဦးသောင်းတင်)၊ ဒေါ်ခင်ညွန့်၊ (ဒေါ်အုန်းကြိုင်)၊ ဦးစိန်လှိုင်၊ ဒေါ်ခင်စန်း၊ ဒေါ်မြိုင်တို့၏ညီမ၊ ဦးအောင်သိန်းလွင်-ဒေါ်စန်းတင့်၊ ဦးလွင်သိန်းအောင်-ဒေါ်ခင်သီတာ၊ ကိုသိန်းဝင်းအောင်(တိုးတက်တိုးကုမ္ပဏီ)၊ ကိုကျော်စွာထွန်း (ခ) Khup Sa Vungh - မဖြူဖြူစန္ဒာတို့၏မွေးသမိခင်၊ မအေးချမ်းအောင်၊ မောင်ကောင်းဝေယံလွင်၊ မသင်းနန္ဒာ၊ မကေကေတင့်တယ်၊ မောင်မင်းခန့်ပိုင်(ခ) Lian Mint Khan တို့၏အဘွား၊ Pa Vungh Do Lian(ခ) ဦးထွန်းနိုင် (GM-Parami Construction Co., Ltd.)၏ ချစ်လှစွာသော ဇနီးသည် ၁၉-၁၁-၂၀၁၃(အင်္ဂါ နေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (ဆူးလေ ဇမာရွှေလ၊ မြေနီကုန်း Fatima ဘုရားကျောင်းမှ ကားများ မွန်းတည့် ၁၂နာရီနှင့် နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတို့တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## လေကြောင်းအချက်ပြကြီး
## မင်းထွန်း
**အမှတ်(၇၁) ရေဒါအုပ်**
## အသက်(၄၆)နှစ်

(ဦးဘရှင်)-ဒေါ်စောတင်(ပင်းဘော၊ မိုးကောင်းမြို့နယ်)တို့၏သား၊ ဦးအောင်သိန်း-(ဒေါ်ညွန့်ရင်)တို့၏သားသမက်၊ ဗိုလ်မှူးမောင်မောင်(ငြိမ်း) (ပြည်နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း)-ဒေါ်တင်စိန်၊ (ဦးမင်းဦးစော)-ဒေါ်ရီရီဝေ၊ ဦးဌေးမောင်-ဒေါ်မာမာအေး၊ ဦးရွှေဘ-ဒေါ်ချိုချိုအေး၊ ဗိုလ်မှူးတင့်နိုင်(ငြိမ်း)-ဒေါ်နုနုအေးတို့၏ ညီ/မောင်၊ ဒေါ်နွယ်နွယ်အေး၏ အစ်ကို၊ နမ့်ဆန်မြို့၊ အမှတ်(၇) ရေဒါအုပ်၊ တပ်တွင်းလိုင်းခန်းနေ ဒေါ်ထွေးထွေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲရင့်မင်းထွန်း၊ မနှင်းဝတီအေးတို့၏မွေးသဖခင် လေကြောင်းအချက်ပြကြီး မင်းထွန်းသည် ၁၈-၁၁-၂၀၁၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နမ့်ဆန်မြို့ မြို့မသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၃ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ နာဂိန္ဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
**ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်**
**နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်**
**ဦးစီးပဓာနနာယကဆရာတော်**
## သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၁၄၉၊ ဇီဝကလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်) ၁၆-၁၁-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်) ၃၀-၁၁-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနသာခုကိဋ္ဌနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင် (၈၇)နှစ်
**B.A., D.H.E.(INDIA)**
**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးပညာအရာရှိ(ငြိမ်း)**
**မြောင်းမြမြို့နယ်အသင်း သက်ကြီးပူဇော်ခံ**

မြောင်းမြမြို့နေ (ဦးမင်းမောင်-ဒေါ်စိန်)တို့၏သား၊ ငပုတောမြို့နေ (ဦးအုန်းမောင်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးညီလင်းထက်-ဒေါ်ဇင်မာအောင်၊ ဦးစည်သူအောင်သန်း-ဒေါ်အေးအေးမြ (Super Fashion)၊ Capt. ဦးမဲလ်ဘင်ဘော်နီပု (MTM Marine Ltd.)-ဒေါ်နှင်းအိဖြူ၊ ဗိုလ်မှူးအောင်ဖြိုးဝင်း-ဒေါ်သင်းအိကြူ၊ ဦးရဲထွဋ်ဝင်း (MTM Marine Ltd.)-ဒေါ်အိချောဇင်၊ ဒေါက်တာသက်မွန်ဦး(ခေတ္တ-Singapore)၊ ကိုညဏ်ထက်အောင်(ခေတ္တ-Australia)၊ ကိုဝေဖြိုးဦး (Uniteam Marine Ltd.)၊ မစုမြတ်ဖြူ (Uniteam Marine Ltd.)၊ ကိုအောင်မြတ်(နည်းပညာတက္ကသိုလ်၊ မှော်ဘီ)၊ ဗိုလ်ကြီးအောင်သီဟ၊ ကိုသီဟရဲကျော် (Uniteam Marine Ltd.)တို့၏အဘိုး၊ မသက်နှင်းစန္ဒီ (NIEC)၊ မချစ်နှင်းစန္ဒီ (NIEC)၊ မောင်လပြည့်မြင့်မြတ်၊ မောင်မြင့်မြတ်ဘုန်းခန့်တို့၏အဘေးသည် ၂၀-၁၁-၂၀၁၃ရက် နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနသို့ ပို့ဆောင်လှူဒါန်းပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးမြစ်များ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင် (၈၇)နှစ်
**B.A., D.H.E.(INDIA)**
**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးပညာအရာရှိ(ငြိမ်း)**
**မြောင်းမြမြို့နယ်အသင်း သက်ကြီးပူဇော်ခံ**

မြောင်းမြမြို့နေ (ဦးမင်းမောင်-ဒေါ်စိန်)တို့၏သား၊ ငပုတောမြို့နေ (ဦးအုန်းမောင်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ အင်းစိန်မြို့နယ်နေ ဦးတင်မောင်ရင်(အထပြ-ငြိမ်း)-ဒေါ်ခင်သန်း(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ ဒေါ်ခင်လှလှ(လဝကမှူး-ငြိမ်း)တို့၏အစ်ကိုကြီး၊ (ဦးအောင်သန်း)-ဒေါ်ကြည်ကြည်ဝင်း(ကျန်း/ဦးစီး-ငြိမ်း)၊ ဒေါက်တာမောင်ကြည်-ဒေါ်ကြည်ကြည်ခင်(ကျန်းမာရေး-ငြိမ်း)၊ Capt; ဦးကျော်ဦး(PCL Marine Ltd.)-ဒေါ်ကြည်ကြည်မြင့်(သူနာပြု-ငြိမ်း)၊ ဦးကြည်ထွန်း-ဒေါ်သန်းသန်းဝင်း(ထ/၁၊ အင်းစိန်)၊ ဦးကြည်လင်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၀-၁၁-၂၀၁၃ရက် နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနသို့ ပို့ဆောင်လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ/၈)လမ်း၊ အမှတ်(၂၇၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်လတ် @ Catherine Saw (၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စမ်းရေတွင်းလမ်းသွယ်၊ အမှတ် (၃၄/D-6)နေ ဒေါက်တာဦးစောစိန်နောင်-ဒေါ်သန်းတို့၏ သမီး၊ (ဦးသိမ်တိုး-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဒေါက်တာဦးမြင့်တိုး-BPI)၏ဇနီး၊ ဒေါ်မြဟန်၊ (ဒေါက်တာဦးဝင်းမောင်-ဒေါက်တာဒေါ်ခင်လှသိန်း)တို့၏ညီမ၊ ဒေါက်တာဦးဇော်ဝင်း-(ဒေါက်တာဒေါ်သံဒါဖြူ)၊ (Capt; ဦးသန်းမောင်ရင်)-ဒေါ်ခင်သန်းအေးတို့၏အစ်မ၊ ဦးမင်းစိန်-ဒေါက်တာဒေါ်မေသိန်းတိုး၊ ဦးမော်မော်ဦး-ဒေါ်မူယာတိုး၊ (ဦးသိန်းဆွေတိုး)တို့၏မိခင်၊ မောင်ပြည့်မော်ဦး၊ မခင်မေခိုင်(ဌာနစုမှူး-၂ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လင်းထက်အေး၊ မမေဦး၊ မသွန်းသီရိတိုးတို့၏အဘွားသည် ၁၇-၁၁-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၃ (စနေနေ့) နံနက် ၅း၃၀နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**နတ်တလင်းအသင်း**
## ဒေါ်ခင်ရီ
## အသက်(၉၁)နှစ်

နတ်တလင်းမြို့နေ (ဦးအန်-ဒေါ်မြရီ)တို့၏သမီး နတ်တလင်းအသင်း နာယကကြီး သက်ကြီးပူဇော်ခံပုဂ္ဂိုလ် ဒေါ်ခင်ရီသည် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ (ဘီ-၂၀)၊ ပိတောက်ဝါ(၂)လမ်း၊ FMI အိမ်ရာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များသိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်လေးရှိ(ပုလော/ရုပ်ပုံ)
## အသက်(၆၄)နှစ်
**အသင်းဝင်အမှတ်-၄၆**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် ရုပ်ပုံရွာနေ (ဦးဖတုတ်)၏ဇနီးသည် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရုပ်ပုံရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## မောင်ဝင်းလွင်ဦး (၂၇)နှစ်
**အထက(၃)၊ တာမွေ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၀၄)နေ (ဦးကျော်လွင်)-ဒေါ်ရွှေဖော်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သင်္ဃန်းကျွန်းလမ်း၊ အမှတ် (A-4) (002)နေ ဦးတင်မြင့်-ဒေါ်နီတို့၏မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သင်္ဃန်းကျွန်းလမ်း၊ အမှတ် (S-B) (31) (003)နေ ဦးတင်ဝင်း-ဒေါ်အေးအေးလွင်တို့၏ သား၊ မောင်ကျော်မင်းထက်၏ အစ်ကို မောင်ဝင်းလွင်ဦးသည် ၁၉-၁၁-၂၀၁၃၊ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၇ နာရီတွင် တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သင်္ဃန်းကျွန်းလမ်း၊ အမှတ် SB (31) (003) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးအလှူကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ**
## ဘဒ္ဒန္တ ပညာသီဟ
## သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၆)နှစ်

ဇေတဝန်ပရိယတ္တိတပ်ဦးကျောင်း(နာရီကန်တပ်ဦးကျောင်း)ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် သီတင်းသုံး နေတော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီဟ သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၆)နှစ်သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၀-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃၀/၁၁)ရပ်ကွက် ရွှေပြည်အေး ပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တ နန္ဒိယထေရ် (ဓမ္မာစရိယ B.A)
## သိက္ခာတော်(၂၈)ဝါ၊ သက်တော်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ကျောင်းလမ်း၊ ဇေတဝန်ပရဟိတကျောင်းတိုက်၏ ဒုတိယပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) ၂၄-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးအဖွဲ့၊ ဇေတဝန်ပရဟိတကျောင်းတိုက်

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီ (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာနေ (ဦးညိုစိမ့်-ဒေါ်ဒေါင်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ နေကြာ(၁)လမ်း၊ အမှတ်(၄၀၉)နေ(ဦးကြိုင်)၏ဇနီး၊ (ဒေါ်ဝင်းကြည်)၊ ဦးသိန်းဝင်း-ဒေါ်ရီရီချို(မြို့မဆင်ဖြူတော် ဆန်၊ ဆီ၊ ငရုတ်သီးအမှုန့်မျိုးစုံ ရောင်းဝယ်ရေး)၊ ဦးသိန်းဆွေ-ဒေါ်နွဲ့ရီဝင်း၊ ဦးဖေမြင့်-ဒေါ်မြင့်မြင့်ဝေ၊ ပါမောက္ခ ဒေါက်တာခင်မောင်မြင့် (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာဌာန၊ အရိုးရောဂါအထူးကုဆေးရုံကြီး)၊ ဒေါ်မေထားအောင်တို့၏မိခင်၊ ဒေါက်တာသော်ဇင်ထူး-ဒေါက်တာခင်ချောစု (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မဖြိုးမဥ္ဇူ (2nd. MB UM-1)၊ မောင်ဝေဖြိုးအောင်၊ မောင်ပြည့်ဖြိုးဇော်တို့၏အဘွား ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီသည် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၃(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးတန်ပိန်ကွမ်း (၉၇)နှစ်
**ကျန်းတိတ်ဗုဒ္ဓဘာသာဘုရားကျောင်းဒုတိယဥက္ကဋ္ဌ**

ထားဝယ်မြို့၊ အမှတ်(၃၀၅)၊ ပိတောက်ရွှေဝါလမ်း၊ ခုံဝင်းဒပ်ရပ်နေ ဒေါ်ကြူကြူ၏ ချစ်လှစွာသောခင်ပွန်း၊ တန်ယုကွေ-ဒေါ်စန်းစန်းမြင့်၊ တန်ယုစော၊ တန်ယုအင်း-ဒေါ်သန်းသန်းချို၊ တန်ယုနီ၊ တန်ယုကင်း၊ တန်ယုတှာ-ဒေါ်ခင်ခင်ဝေ၊ တန်ယုလင်း-ဒေါ်မို့မို့ခိုင်၊ တန်ယုယဉ်၊ ဦးညွန့် ဝင်းသိန်း-တန်ယုမီတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးတန်ပိန်ကွမ်းသည် ၁၉-၁၁-၂၀၁၃ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကူးတို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းသိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြချစ် (၆၉)နှစ်

(ဦးမောင်မောင်ချစ်-ဒေါ်စိန်ရီ)တို့၏သမီး၊ (ဦးလှအောင်-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ အမှတ်(၂၂၅)၊ စရည်းပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ ရဲမှူးချုပ်အောင်နွယ်(ငြိမ်း)၏ ဇနီး၊ ဦးမြတ်မိုးအောင်- ABE UMEKO၊ ဦးကျော်မိုးအောင်-ဒေါ်ကေသီဦး၊ ဦးဖြိုးဝေရာဇာ-ဒေါ်နှင်းမိုးအောင် (ALL ASIA EXCLUSIVE TRAVEL)၊ Capt; မြတ်ခေါင် (UNITEAM MARINE LTD)-ဒေါ်နွေမိုးအောင်တို့၏မိခင်၊ မောင်ရဲသွေးအောင်၊ မောင်ကောင်းထက်အောင်၊ မောင်ခိုင်ခန့်မြတ်ခေါင်၊ ABE AKIHIRO၊ မစန္ဒကူးဝေ၊ မမေဦးမြတ်ခေါင်၊ မောင်မိုးခန့်မြတ်ခေါင်တို့၏အဘွား ဒေါ်မြမြချစ်သည် ၁၈-၁၁-၂၀၁၃ ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၃ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Dr. ဦးမျိုးမြင့်ဦး (BVSC) (ပခုက္ကူ-ကမ္မ) (၃၉)နှစ်
**DGM (Olive Pharmaceutical Co., Ltd) (SQUARE)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမ၊ အမှတ် (72)၊ (7/B)နေ (ဦးစံသိန်း)-ဒေါ်စိန်ကြည်တို့၏ သား၊ ဦးစောသိန်းမောင်- (ဒေါ်နော်ရှယ်ကျင်)တို့၏သားသမက်၊ ဒေါက်တာဒေါ်နော်စီစီသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မအလက်ဘ်ဦး (TTC, Gread-I)၊ မောင်သင်္ဂဟဦး (K3 Green Wood academy) တို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဦးလှတိုး-ဒေါ်သင်းသင်းဦး၊ ဦးမျိုးသန့်ဦး-ဒေါ်တိုးတိုး၊ ဗိုလ်မှူးမင်းဇင်ဦး-ဒေါ်ထွန်းထုံးနွယ်တို့၏ အစ်ကို/မောင် Dr. ဦးမျိုးမြင့်ဦးသည် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁။ **R/184**

# ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အမျိုးသားရေးလိုအပ်ချက်အဖြစ် ဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၂၀

**ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဘက်ထွန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ (အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ JICA၊ USAID၊ SUISSAID၊ AUSAID၊ BAJ စသည့် အဖွဲ့အစည်းများ၊ ကျေးလက်ဒေသမီးလင်းရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပညာရှင်များ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ အားလုံးပါဝင်သည့်ဖွံ့ဖြိုးတိုးတက်မှု (Inclusive Development) ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

# ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားတွင် ပါဝင်သောမီးထွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ယူရန် စတင်အသုံးပြုလေ့ကျင့်နေ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်သော မီးထွန်းညှိတိုင် (torch) စတင်ထွန်းညှိပြီးနောက် နေပြည်တော်သို့ လက်ဆင့်ကမ်းသယ်ယူကာ ပင်မမီးရှူးတိုင်ကြီးအား မြန်မာ့လက်ရွေးစင်တစ်ဦးကမြားဖြင့်ပစ်၍ မီးထွန်းညှိဖွင့်လှစ်မည်ဟု သိရသည်။

**[အစီအစဉ်တွင် အသုံးပြုမည့် မီးထွန်းညှိတိုင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAEG (China Arts and Entertainment Group)နှင့် Dentsu Sports ASIA PTE LTD တို့မှ ပံ့ပိုးကူညီခဲ့သည်ဟု သိရပြီး သယ်ယူမည့် မီးထွန်းညှိတိုင်အား စတင်အသုံးပြုလေ့ကျင့်နေပြီဖြစ်ရာ နမူနာပုံကို တွေ့ရစဉ်။]** (သတင်းစဉ်)

# ဗဟ္ဟုသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အဆောင်ထားမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်ဖွင့်လှစ်မည့် သင်တန်းအသီးသီးသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအနက် ပထမနှစ်တက်ရောက်မည့် စည်ပင်သာယာနယ်နိမိတ်ပြင်ပမှ လာရောက်သော ကျောင်းသား ကျောင်းသူအသစ်များကို ဦးစားပေး၍ အဆောင်ထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်တို့တွင် အတန်းအားလုံး၏ ကျောင်းသား ကျောင်းသူများအား အဆောင်ထားမည်ဖြစ်ပြီး ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အချို့တွင် ပထမနှစ်ကျောင်းသား ကျောင်းသူများကိုသာ ဦးစားပေးအဆောင်ထားမည်ဖြစ်သည်။

လက်ရှိရှိပြီးဖြစ်သော အဆောင်များတွင် အဆောင်နေရာချထားပေးမည်ဖြစ်သကဲ့သို့

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❍

# မြန်မာယူ-၂၃ အသင်းနှင့် ဂျပန်ယူ-၂၀ အသင်းတို့ ခြေစမ်း

**သတင်း-စိုင်းညီလေး၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသော မြန်မာယူ-၂၃ အသင်းနှင့် ဂျပန်ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းမှာ ရှုံးပွဲနှင့် ကြုံတွေ့ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✪

# ဝန်နှင့် အားမမျှ တံတားကျိုးကျ

**မော်လူး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စီးမော်အုပ်စု စီပိန်းကျေးရွာအနီးရှိ နန့်ဒရန့် တံတားပေါ်သို့ ဆောက်လုပ်ရေးအထူးအဖွဲ့(၁)မှ ဆယ်ဘီးကားပေါ်တွင် ယာဉ်တစ်စီး တင်ဆောင်ပြီး ဖြတ်သန်းစဉ် နိုဝင်ဘာ ၁၉ ရက်က တံတားကျိုးကျခဲ့သည်။(ဝဲပုံ)

ဖြစ်စဉ်မှာ ဆောက်လုပ်ရေးအထူးအဖွဲ့(၁)မှ ယာဉ်မောင်းအဆင့်(၅) ဦးမင်းနိုင်မောင်းနှင်လာသည့် ဆောက်လုပ်ရေးလုပ်ငန်းပိုင် ဆယ်ဘီးကားယာဉ်အမှတ် ၆၁/ . . . ပေါ်တွင် လမ်းဆောက်လုပ်ရေးလုပ်ငန်းသုံး ယန္တရားယာဉ်တစ်စီး တင်ဆောင်၍ မောင်းနှင်လာရာ ပေ ၂၄၀ အရှည် တံတားအမှတ် ၂/၂၆၀ နန့်ဒရန့် ချောင်းတံတားပေါ် ဖြတ်သန်းစဉ် ကျိုးကျရာ သံပေါင်တံတားပါ တိုင်စဉ်အခင်းပြား ပေ ၄၀ ခန့် ပျက်စီးခဲ့သည်။

တံတားဖြတ်ကူး၍ မရတော့သဖြင့် ခရီးသွားယာဉ်များ၊ ဖြတ်သန်းသွားလာနေသော ဒေသခံများ အခက်အခဲကြုံတွေ့နေရသဖြင့် လမ်းနှင့် တံတားကို ကောင်းမွန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း ခရီးသည်များက ပြောကြားကြောင်း သိရသည်။ (၆၈၅)

## ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာ အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ကလေးနှာချေပိတ်ခေး
ဆရာကြီးရာဇာဆေးဝါး
01-394727, 01-399424
09-73099994

CROWN

"အင်ဂျင်နီယာဘာသာရပ်နှင့် အရှေ့ဗဟိုပိုင်းနှင့် ခြုံငုံဘာသာရပ်တို့ ဖိတ်ခေါ်ကျောင်းသားများနှင့် သင်ယူလေ့လာနေသော ကျောင်းသားကျောင်းသူများအတွက်"

IT & ENGINEERING INFO TALK
Time : 10:00 - 12:00

HOSPITALITY & TOURISM INFO TALK
Time : 2:00 - 4:00

ဒေါ်ခိုင်ချိုမြင့်
M.Sc, D.A, E.D.B.A, ACCA (Final)
ACCA, LCCI, MYOB သင်တန်းများ
(ကျောင်းတော်လက်ခံနေပါပြီ)
အမှတ်-၁၇၃ (စုတယ်/ယား) လမ်း ၃၀ ကျောက်တံတားအေး
အမှတ် - ၁၄၅ (၁ ထပ်) ဘုရားလမ်း ကျောက်တံတားအေး
ဖုန်း-ဘေဂျာ၊ ဝေဂျာတစ်ခု ၂၇၂ ဝေဂျာပြန်ကဒ်
ဈတန် ~ ၁၀တန်
လမ်းကြိတ်စက် ရောင်း/ငှား
ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂

## ဒေါ်နန်းစိန်နု[၁၂/ဒဂန(နိုင်)၀၁၃၂၂၄၄]မှ ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)သို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁စ၃၄/၂၀၁၂)အား ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းစိန်နု[၁၂/ဒဂန(နိုင်)၀၁၃၂၂၄၄]နှင့် ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)တို့သည် အကျိုးတူအဆောက်အအုံဆောက်လုပ်ရန်အတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသလို ၄-၉-၂၀၁၂ရက်စွဲပါ "(၀. ၅)ဧကမြေကွက်ပေါ်ရှိ ပေ(၅၀×၄၀/၆၀)မြေကွက်အလွတ်နှင့် ဆက်စပ်မြေကွက်ပေါ်ရှိ အဆောက်အအုံ၏ အပေါ်ထပ်အပါအဝင် အရောင်းအဝယ်ကတိစာချုပ်"တို့ကို ချုပ်ဆိုခဲ့ကြောင်းနှင့် ယင်းစာချုပ်များတွင် ထည့်သွင်းချုပ်ဆိုထားခြင်းမရှိသည့်တိုင် ကျွန်ုပ်တို့၏မိတ်ဆွေသည် ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)က တောင်းဆိုသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၁စ၃၄/၂၀၁၂ဖြင့် ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)အား ယုံကြည်စွာလွှဲအပ်ခဲ့ကြောင်း သိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)တို့အကြား ချုပ်ဆိုခဲ့သမျှ စာချုပ်အားလုံးနှင့် ညှိနှိုင်းချက်များမှာ ပြီးပြတ်သေးခြင်းမရှိသေး၍ ယင်းကိစ္စများအတွက် ကျွန်ုပ်တို့မှ ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)ထံ ဒေါ်နန်းစိန်နု ညွှန်ကြားချက်အရ စာချုပ်များအပြီးသတ်ချုပ်ဆိုနိုင်ရေးအတွက် တောင်းဆိုသည့် သတိပေးအကြောင်းကြားစာကို ပေးပို့ခဲ့သော်လည်း တစ်စုံတစ်ရာပြန်ကြားခဲ့ခြင်းလုံးဝ မရှိသည့်အတွက် ဒေါ်နန်းစိန်နုမှ ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁စ၃၄/၂၀၁၂)ကို ၁၈-၁၁-၂၀၁၃ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်းနှင့် နှစ်ဖက်ညှိနှိုင်းချက်များပြေလည်ပြီးပြတ်ပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ အထွေထွေကိုယ်စားလှယ်လွှဲစာကို ဦးအောင်မြင့်(ဥက္ကဋ္ဌ၊ ရတနာမြိုင်ဆောက်လုပ်ရေး)အား ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းစိန်နု၏ညွှန်ကြားချက်အရ-**

**ဦးထွန်းအေး(B.A., R.L)** — **ဒေါ်ဆွေဆွေညွန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၃၁)**
**ဒေါ်ဆုမြတ်မွန်(LL.B)** (စဉ်-၂၅၃၆) — **ဒေါ်သဇင်ဖူး(LL.B)** (စဉ်-၂၆၈၃၅) — **ဒေါ်ခင်ကြည်မွန်(LL.B)** (စဉ်-၂၃၃၈) — **ဒေါ်အေးခိုင်ဇင်(LL.B)** (စဉ်-၃၀၈၁၁)

**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၃၃၁၀၅၀၃၊ ၀၉-၃၃၀၉၆၁၂၅၅၊ ၀၉-၃၃၂၀၉၉၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၁၂၂)၊ အကျယ်အဝန်း ခန့်မှန်းပေ(၄၀×၆၀)ရှိ ဦးစိုးကျော်သူ အမည်ပေါက်ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ရှိ ပိုင်ဆိုင်ကြောင်း တင်ပြလာသူ မအေးအေးမော်[၉/မထလ(နိုင်)၁၇၀၀၄၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖြီးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းထွန်း(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၂ ၀၉-၄၅၀၀၃၉၂၁၀**

## ၉-၁၁-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးဝင်းမြင့်(လပ်ပံတန်း)၏ "ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၁၂၅/က ဟုခေါ်တွင်သော အိမ်နှင့်တည်ရာမြေကွက်" နှင့်ပတ်သက်၍ အသိပေးကြေညာချက်ကို ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သယ်နားကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်းသွယ်(၅)၊ အမှတ်-၃၁၇နေ ဒေါ်မိမိထွန်း[၁၂/ကတတ(နိုင်)၀၁၉၁၁၂]၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးမောင်မောင်လွင်ထံမှ ဦးဇော်မြင့်သည် ၁၇-၆-၂၀၀၁ရက်တွင် အထက်ဖော်ပြပါ အိမ်နှင့်မြေကို မူရင်းစာချုပ်များနှင့်တကွ ဝယ်ယူခဲ့၍ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင် ထိန်းသိမ်းထားသည်" ဆိုခြင်းနှင့် "ဒေါ်စီစီလွင် မိသားစုကို အထက်ပါအိမ်၌ အခမဲ့ နေထိုင်ခွင့်ပြုခဲ့သည်" ဆိုခြင်းတို့ မမှန်ပါ။

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၁၂၅(က)ခေါ်တွင်သော RC နှစ်ထပ်တိုက်နှင့်တည်ရာမြေကွက်ကို ဒေါ်မိမိထွန်း[၁၂/ကတတ(နိုင်)၀၁၉၁၁]က ၃၀-၅-၁၉၉၇ရက်၌ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမောင်မောင်လွင် အမည်ဖြင့် ဝယ်ယူခဲ့သော အိမ်နှင့်မြေဖြစ်ပါသည်။

ဒေါ်မိမိထွန်းက ဦးမောင်မောင်လွင်အပေါ်တွင် လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေရန်နှင့် ပစ္စည်းခွဲဝေပေးရန် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၅၆၈/၀၈ စွဲဆိုခဲ့ရာ အထက်ပါအိမ်နှင့်မြေအပါအဝင် အခြားသောပစ္စည်းများကို "ဦးမောင်မောင်လွင်လက်ဝယ်ရှိ ပစ္စည်းစာရင်း"၌ ဖော်ပြ၍ ရုံးတော်သို့ လျှောက်ထားခဲ့ပါသည်။

ဦးမောင်မောင်လွင်က ရုံးတော်သို့ ချေလွှာတင်သွင်းရာတွင် ထိုအိမ်နှင့်မြေမှာ ဦးမောင်မောင်လွင်လက်ဝယ်၌ မရှိတော့ဘဲ ဦးဇော်မြင့်ကို ၁၇-၆-၂၀၀၁ရက်တွင် ရောင်းချခဲ့ပြီးဖြစ်သည်ဟု ချေပထားခဲ့ခြင်းမရှိပါ။

ထိုအမှု၏ တရားပြိုင် ဦးမောင်မောင်လွင်၏ ၂၉-၃-၂၀၀၉ရက်နေ့ ထွက်ချက်တွင်-

"အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၁၂၅/က ဟု ခေါ်တွင်သော အလျား ပေ ၁၀၀× အနံ ပေ၁၀၀မြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်ထားသည့် နှစ်ထပ်တိုက်တို့မှာ ကျွန်တော်တို့ ဝယ်ယူထားသည့် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်မှာ ယခုအချိန်အထိ ဂရန်မရှိသေးသည့်အတွက် မူလအမည်ပေါက် အတိုင်းပင်ရှိနေပါသည်"ဟု ထွက်ဆိုထားခဲ့ပါသည်။

ဦးမောင်မောင်လွင်၏ ထွက်ချက်တွင်လည်း ဦးဇော်မြင့်အား အထက်ပါအိမ်နှင့်မြေကို ရောင်းချခဲ့ပြီးဖြစ်၍ ၎င်း၏လက်ဝယ်၌ မရှိတော့ဟု ထွက်ဆိုထားခြင်းမရှိပါ။

ထို့ကြောင့်ပင် ရန်ကုန်တိုင်းတရားရုံးက ၃၀-၃-၂၀၁၀ရက်စွဲဖြင့် ချမှတ်သော စီရင်ချက်နှင့်ဒီကရီတွင်-

"တရားလို၊ တရားပြိုင်တို့ လက်ဝယ်ရှိပစ္စည်းအားလုံးရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အားလုံးအား တရားလိုစွဲတောင်းသည့်အတိုင်း လက်ရောက်ရှိစေရန်ကိုလည်း ဒီကရီ ချပေးလိုက်သည်"ဟု စီရင်ဆုံးဖြတ်ခဲ့ပါသည်။

ဦးမောင်မောင်လွင်က ထိုစီရင်ချက်နှင့်ဒီကရီကို တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ်-၁၅၅/၂၀၁၀တွင် အယူခံရာ အယူခံရုံးတော်က ၁၀-၉-၂၀၁၀ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအားဖြင့် "ယင်းပစ္စည်းများတွင် တရားလို တရားပြိုင်တို့အညီအမျှ ထက်ဝက်စီခွဲဝေခံစားခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်လိုက်သည်"ဟု ဆုံးဖြတ်ခဲ့ပါသည်။

ဒေါ်မိမိထွန်းက ထိုစီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအထူးအယူခံမှုအမှတ်-၈၉/၂၀၁၁တွင် အယူခံရာ အယူခံရုံးတော်က ၉-၇-၂၀၁၂ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအားဖြင့်"တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်"ဟု စီရင်ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၁၂၅(က)ခေါ်တွင်သော RCနှစ်ထပ်တိုက်နှင့် တည်ရာမြေကွက်မှာ ဒေါ်မိမိထွန်း အနိုင်ဒီကရီ ရရှိထားသော ဒေါ်မိမိထွန်းပိုင်ဆိုင်သည့် အိမ်နှင့်မြေဖြစ်ပါသည်။

ဦးမောင်မောင်လွင်နှင့် ဒေါ်မိမိထွန်းတို့သည် ထိုအိမ်နှင့်မြေကို ဝယ်ယူစဉ်ကပင် ဒေါ်စီစီလွင် မိသားစုကို ခြံစောင့်အဖြစ် နေထိုင်ခွင့်ပြုထား၍ ဒေါ်မိမိထွန်း ရုံးအဆင့်အနိုင်ဒီကရီရရှိ၍ ဒေါ်မိမိထွန်း တစ်ဦးတည်းပိုင်ပစ္စည်းဖြစ်လာပြီးနောက်တွင်လည်း ဒေါ်စီစီလွင် မိသားစုကို ခြံစောင့်အဖြစ် ဒေါ်မိမိထွန်းက ဆက်လက်နေထိုင်ခွင့်ပြုထားခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။ ဒေါ်မိမိထွန်းပိုင်ဆိုင်သော အထက်ပါအိမ်မြေနှင့်ပတ်သက်၍ ဒေါ်မိမိထွန်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် အကယ်၍ လွှဲပြောင်း၊ ရောင်းချပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်အိစန္ဒီစိုး LL.B, D.B.L, D.I.L(စဉ်-၂၆၈၉၁)** — **ဒေါ်လဲ့လဲ့ရီ B.A.,LL.B, D.B.L,D.M.L.,**
**ဒေါ်နှင်းရည်ဌေး LL.B,D.B.L(စဉ်-၂၈၀၅၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၁၀)**
**ဒေါ်ခင်စိုးဝင်း LL.B, WIPO(စဉ်-၂၈၆၅၅)** — **အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဒေါ်ခင်ဆွေလင်း LL.B.,(စဉ်-၃၄၉၁၄)** — **ရန်ကုန်မြို့။**
**ဒေါ်ဆုမွန်ဆွေ LL.B.,D.B.L(စဉ်-၃၃၆၉၄)** — **ဖုန်း-၁၃၅၅၆၇၃၊ ၃၃၂၂၇၆၊ ၀၉-၅၀၅၉၃၂၂**
**ဒေါ်နုနုခိုင် LL.B.,(စဉ်-၃၈၀၂၈)**
**အထက်တန်းရှေ့နေများ**



# အောင်လံဆရာတော်အရှင်စန္ဒိမာ၏
# (၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းပွဲကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ(သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု)ဆရာတော်အရှင်စန္ဒိမာသည် (၁၀)ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲကို ရန်ကုန်မြို့၊ မဂ်လာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ (ရန်ကုန်ရိပ်သာကြီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့်ယောဂီများသည် တရားစခန်းပွဲ ပထမရက်မတိုင်မီ(တစ်ရက်)ကြိုတင်၍ အိမ်ယာလိပ်၊ ထီး၊ လက်နှိပ်ဓာတ်မီး စသည့်အသုံးအဆောင်ပစ္စည်းများ၊ မှတ်ပုံတင်စိစစ်ရေးကတ်တို့နှင့်အတူ လာရောက်ရန်ဖြစ်ပါသည်။ ယောဂီများအနေဖြင့် လူဦးရေ ကန့်သတ်ထားပါသဖြင့် ၁၄-၁၂-၂၀၁၃ရက်မှစ၍ လူကိုယ်တိုင်မှတ်ပုံတင်နှင့်တကွ တရားစခန်းသို့လာရောက်၍ စည်းကမ်းချက်များ ပါဝင်သော အဓိဋ္ဌာန်ဝင်ခွင့်ပုံစံများတွင် လက်မှတ်ရေးထိုးပြီး စာရင်းပေးသွင်းရန်ဖြစ်ပါသည်။ အကယ်၍ မဝင်ရောက်ဖြစ်ပါက ကြိုတင်အကြောင်းကြားပါရန်နှင့် အမှန်တကယ်ဝင်လိုသောယောဂီများ နစ်နာမှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၁-၁၂-၂၀၁၃ရက် ညနေ ၄း၀၀နာရီအရောက် လာရောက်သတင်းပို့ရန်။
- ၂၂-၁၂-၂၀၁၃ရက်မှ ၁-၁-၂၀၁၄ရက် နံနက် ၇း၀၀နာရီအထိ။

**(နိုင်ငံသားစိစစ်ရေးကတ်ပြား မပါရှိသူများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။)**

**(နယ်မှလာရောက်သူများအနေဖြင့် ၂၀-၁၂-၂၀၁၃ရက်ထက်မစော၊ ၂၁-၁၂-၂၀၁၃ရက်ထက် နောက်မကျစေရပါ။)**

ယောဂီများအနေဖြင့် တရားစခန်းဝင်ခွင့်ရရှိရန်အတွက် ဖုန်းနံပါတ် ၀၉-၄၅၀၀၆၅၃၃၇ သို့ ဆက်သွယ်စုံစမ်းပါ။ နိုင်ငံခြားတိုင်းပြည်များမှယောဂီများ Email:theinngu32@gmail.com,Website:www.theinngu32.org သို့ ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

**ရန်ကုန်ဥပဒ္ဒာကအဖွဲ့**




# ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ်(၈)၊ ဒုတိယထပ်(ဘီ)၊ ခြေရင်းခန်း၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းကို ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဒေါ်မြင်း[၆/ထဝန(နိုင်)၀၂၅၄၁၀]သို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

**ဒေါ်အေးမြင့်ရီ(စဉ်-၃၁၀၅၄)** **ဦးသိန်းညွန့်**
**B.Sc,DA,HGP,R.L,D.B.L,DML,DIL** **BA,HGP,R.L,DBL,DML,DIL**
**ဒေါ်ချောချောအေး LL.B(စဉ်-၂၃၄၆၇)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)**
**ဒေါ်ဝါဝါစံ LL.B(စဉ်-၂၃၈၆၀)** **အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်**
**အထက်တန်းရှေ့နေများ** **ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၀၁၃၃၀**
**ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၁၀၁၅၂၂၅**

# ရန်ကုန်ပညာရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိရန်ကုန်ပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၅-၁-၂၀၁၄ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များမှောရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက်ငယ်ပေါင်း မိတ်ဆွေများကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကုသိုလ်ယူပွဲကို ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြား နှိုးဆော်အပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။**

၁။ ပါမောက္ခဒေါက်တာ ဒေါ်အေးအေးမြင့်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ၀၉-၅၁၅၃၁၄၆ ၊ ၂။ဦးအုန်းမြင့်(ဥက္ကဋ္ဌ) ၀၉-၅၁၄၆၀၇၉ ၊ ၃။ ဦးကျော်သောင်း(ပန်းချီ) ၀၉-၇၃၁၆၄၇၄၉ ၊ ၄။ဒေါ်တင်တင်ရှု (DEPT) ၅၅၇၃၀၀၉ ၊ ၅။ဦးစိုးဝင်းဒု-ချုပ်-ဦးစီး(၁) ၀၉-၅၀၀၆၃၃၉၈၊ ၆။ဦးမျိုးသန့်-ဒုချုပ်-ဦးစီး(၂) ၀၉-၈၆၂၃၄၆၄၊ ၇။ဒေါ်ဆွေဆွေလဲ့-လ/ညွှန်-ဦးစီး(၃) ၀၉-၄၉၄၅၀၇၈၀၊ ၈။ဒေါ်ကြူကြူရွှေ(ဒုဥက္ကဋ္ဌ) ၀၉-၅၀၀၂၈၇၄၊ ၉။ဦးရှိန်းလိန်းအောင်(အတွင်းရေးမှူး)၀၉-၅၁၉၃၅၅၁၀၊ ၁၀။ ဒေါ်ရီရီဝင်း(ဘဏ္ဍာရေးမှူး) ၀၉-၅၁၆၇၇၆၆၊ ၁၁။ဦးကျော်ဝင်း-ထက်/အုပ် ၀၉-၇၃၀၀၉၁၄၄၃၊ ၁၂။ဦးစိုးမြင့် (New Shwesin) ၀၉-၅၁၆၃၂၂၅

**မြတ်ဆရာဖြစ်မြောက်ရေးကော်မတီ**

# မဂ်လာညှော့ခံပွဲကျေးဇူးတင်လွှာ

ဦးတင်ဖေ-ဒေါ်ကြင်ကြင်၊ (ဦးလှသောင်း-ဒေါ်တင်တင်)တို့၏မြေး၊
ရန်ကုန်မြို့၊ ပါရမီရိပ်သာနေ ဦးသန့်ဇင်(M.D,Treasure Villa Gems Co.,Ltd.)-ဒေါ်မိုးသူဇာ(35 Mart)တို့၏သားလတ်

**မောင်အောင်မိုးသန့်**
**B.A(English), Director(Treasure Villa Gems Co.,Ltd.)**

နှင့်

မိုးကုတ်မြို့၊ မြို့လယ်ရပ်နေ ဒေါ်တင်ကြည်၏မြေး၊ ဒေါ်ခင်မာမာ၏တူမ၊
ဦးတုတ်-ဒေါ်ခင်တာတာတို့၏တစ်ဦးတည်းသောသမီး

**မရည်မွန်ဦး**
**2nd Year (Civil Engineering)**

တို့၏ ၃-၁၁-၂၀၁၃ရက်တွင် မိုးကုတ်မြို့၊ မဂ်လာနေအိမ်၌ ကျင်းပပြုလုပ်သော မဂ်လာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၀-၁၁-၂၀၁၃ရက်တွင် Inya Lake Hotel, Mingalar Ballroom ၌ ကျင်းပပြုလုပ်သော မဂ်လာညှော့ခံပွဲအခမ်းအနားတွင် မဂ်လာအောင်စံပယ်ပန်းကုံးတို့ကို ချီးမြှင့်ဆင်မြန်းပေးပါသော သတို့သား၏အဘိုးနှင့်အဘွားဖြစ်သူ ဦးတင်ဖေ(အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)-ဒေါ်ကြင်ကြင်၊ မဂ်လာလက်ထပ်လက်စွပ်များကို ချီးမြှင့်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးတင့်ဆန်း(ငြိမ်း)နှင့်ဇနီး ဒေါ်နန်းလှစီတို့အားလည်းကောင်း၊ မဂ်လာအခမ်းအနားမှူး ကိုကျော်သူလင်း၊ မဂ်လာပန်းကြဲပေးပါသော မယဉ်မိုးသန့်၊ မဂ်လာအောင်စံပယ်ပန်းကုံးကလပ်နှင့်မဂ်လာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မဆုရွှန်းလဲ့နိုင်၊ သတို့သားအရံ ကိုမျိုးမော်နှင့်ကိုရန်နောင်ဖြိုး၊ သတို့သမီးအရံ မမေရတနာသိမ့်နှင့်မနှင်းသဇင်မြင့်၊ မဂ်လာအခါတော်ပေး မဟေမာနေဝင်း၊ မဂ်လာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Plus Three Music Band ကိုဥက္ကာဦးသာနှင့် တေးသံရှင်များ၊ မဂ်လာဝတ်စုံ Vivienne Wang, Bridal House & Wedding Planner ၊ မဂ်လာပွဲစီစဉ်သူ Vivienne Wang, Bridal House & Wedding Planner ၊ ပန်းအလှဆင် Vivienne Wang, Bridal House & Wedding Planner၊ မိတ်ကပ်မေဦး၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဦးမြင့်စိုးနှင့် ဒေါ်ဖြူဖြူမြင့် Myanmar Silver & Ruby Co.,Ltd.၊ Pre-wedding ဓာတ်ပုံ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုပြည်ဟန် Color Max နှင့်အဖွဲ့၊ ခန်းမနှင့်အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Inya Lake Hotel မှ တာဝန်ရှိသူများအားလုံး၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာယလှိုက်လှိုက်လှဲ့လှဲ့တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်မိုးသန့်-မရည်မွန်ဦး**

# ကန့်ကွက်နိုင်ပါသည်



## အထက(၃) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ

အငှမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၂-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၃)တောင်ဥက္ကလာပ၊ မြတ်မွန်ရတနာခန်းမတွင် ကျင်းပပါမည်။ သက်ပြည့် ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် မြတ်နိုးလေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျောင်းသား/သူဟောင်းများအနေဖြင့် မြတ်ဆရာများအား ပူဇော်ကန်တော့ရန်၊ အချင်းချင်းတွေ့ဆုံ ဘဝအမောပြေကြရန် လှမ်းလာခဲ့ဖို့ ဖိတ်ကြားအပ်ပါသည်။

**အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။**

**ဦးငွေသူရ(ကျောင်းအုပ်ကြီး)ဖုန်း-၀၉-၄၂၀၄၅၉၇၄**
**ဦးသန်းဝင်း ဖုန်း၀၁-၅၆၅၃၃၉**
**ဒေါက်တာအောင်ငွေ ဖုန်း-၀၉-၅၁၂၇၀၂၉**
**ဦးဇော်ထွန်း ဖုန်း-၀၉-၅၅၀၅၅၃၇**
**ဦးခင်မောင်ကျော် ဖုန်း-၀၉-၄၂၀၁၂၇၁၈၅**
**ဦးမြင့်သိန်း(ကုသိုလ်)ဖုန်း ၀၉-၇၃၀၃၄၇၈၇**
**ဒေါက်တာအောင်နိုင် ဖုန်း-၀၉-၅၀၆၈၂၀၁**
**ဦးစိန်တိုး ဖုန်း-၀၉-၄၂၀၇၇၃၂၃**
**ဦးမောင်အုံး ဖုန်း-၀၉-၄၄၈၀၀၂၄၄၁**
**ဦးအောင်မြတ်ဦး ဖုန်း-၀၉-၂၅၀၁၇၂၇၈၇**
**ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၅၇၂၈၆၀**
**ကိုသက်ကိုကို ဖုန်း-၀၉-၅၁၉၆၈၉၇**
**ကိုဇော်မင်းထွန်း ဖုန်း-၀၉ ၄၃၁၅၂၀၀၈**
**ဦးဖြူဝင်းမောင် ဖုန်း-၀၉ ၇၃၀၀၈၄၂၄**
**ဦးမြင့်ဦးမောင် ဖုန်း-၀၉ ၅၅၀၆၃၇၃**
**ဒေါ်ဥမ္မာအေး ဖုန်း-၀၁-၅၆၄၄၈၈**
**ဒေါ်ဖြူဖြူအေး ဖုန်း-၀၁ ၅၆၁၃၈၃**
**ဒေါ်ငြိမ်းငြိမ်း ဖုန်း-၀၉ ၄၃၁၅၈၂၃၀**
**ဒေါ်ရီရီရှိန် ဖုန်း-၀၁ ၅၇၂၈၁၉**
**ဒေါ်ငွေငွေမာ ဖုန်း- ၀၉ ၇၃၀၃၅၁၅၂**
**ဒေါ်အေးအေးသန်း ဖုန်း -၀၉ ၅၁၀၉၉၆၃**

## ထားဝယ်အသင်း

## ပညာထူးချွန်ဆုများချီးမြှင့်ရန် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၂-၂၀၁၃ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့်အသင်းဝင်များ၏ သားသမီးများ၊ ဂုဏ်ထူး(၄) ဘာသာနှင့်အထက် ရရှိသော အသင်းဝင်မဟုတ်သည့် ထားဝယ်ကျောင်းသား၊ ကျောင်းသူများ၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ် တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေးခံစားခွင့် လျှောက်ထားလိုသည့်အသင်းဝင်များ၏ သားသမီးများသည် အသင်းရုံးတွင် သတ်မှတ်ပုံစံထုတ်ယူဖြည့်စွက်ပြီး အထောက်အထားများနှင့်တကွ ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ပညာရေးကော်မတီ၊ ထားဝယ်အသင်း**




## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ကေတုမာလာ၊ မြေကွက်အမှတ်-၁၃၄/ခ၊ အကျယ်အဝန်း (၂၂ပေ×ပေ၆၀)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၄၊ ကေတုမာလာရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁၃၄/ခ)ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်လှလှနွဲ့[၁၂/ဥကတ(နိုင်)၀၃၇၁၂၇]+၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှတန်ဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)၊ တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**

## မြေလွတ်မြေရိုင်းမဟုတ်ကြောင်းနှင့် ပိုင်ရှင်ရှိကြောင်း

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၈၂)နေ အဖ ဦးဖေ၏သား ဦးရင်ဒွေး (BR.037141) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပဲခူးမြို့၊ ကြေးနီကန်ကျေးရွာ၊ မဇင်းရပ်ကွက်၊ ကွင်းအမှတ် (၆၂၂/က)၊ ဇိုင်းဂနိုင်းရွာမကွင်း၊ ဦးပိုင်အမှတ်(၄၂၄)ဟုခေါ်တွင်သော မြေကွက်သည် ကျွန်ုပ်၏အမှုသည်၏ ဖခင်ဖြစ်သူ ကြေးနီကန် သူကြီး ဦးဖေ သက်ရှိ ထင်ရှားရှိစဉ်ကတည်းက တိုက်အိမ်တစ်လုံးဆောက်လုပ်ပြီး၊ ရေတွင်းတူးခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းဖြင့် နေထိုင်လာခဲ့သော သူကြီးပိုင်မြေဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်တွင် ကျွန်ုပ်အမှုသည်၏ ဖခင် ဦးဖေ၏ သားစဉ်မြေးဆက် နေထိုင်ခဲ့ရာမှ ၁၉၄၆ခုနှစ်တွင် ကျွန်ုပ်အမှုသည်၏ ဖခင် သူကြီး ဦးဖေသည် အသတ်ခံခဲ့ရသဖြင့် မိသားစု ဆက်လက်မနေထိုင်ရဲ၍ ပဲခူးမြို့ပေါ်သို့ ပြောင်းရွှေ့လာခဲ့ပါသည်။ ကျွန်ုပ်အမှုသည်၏ မိသားစုသည် ယင်းမြေကွက်ပေါ်တွင် သရက်ပင်များကို ယနေ့ထိတိုင်အောင် ပြုစုစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းမြေကွက်သည် မြေလွတ်မြေရိုင်းမဟုတ်ဘဲ ပိုင်ရှင်ရှိကြောင်း အများစေရန် ကြေညာအပ်ပါသည်။

**ဦးရင်ဒွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဦးသွင်အောင် (ဥပဒေဘွဲ့)** | **ဒေါ်နွယ်နီဝင်း(ဥပဒေဘွဲ့)** |
| **ဦးရင်ဒွေး** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၃၈၅၈)** | **(စဉ်-၉၃၁၉)** |

**အမှတ်(၁၄၁)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးသင်ဇော်မိုး[၁၂/ဗတထ(နိုင်)၀၁၅၄၂၄]နှင့် ဒေါ်ရီရီကျော်[၁၂/မဂတ(နိုင်)၀၁၃၈၁၉]တို့သည် ၁၅-၁၁-၂၀၁၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သည့်အပြင် လက်ထက်ပွားရွှေ့ပြောင်းနိုင်သောပစ္စည်း မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို တစ်ဦးတည်းသောသားအမည်ဖြင့် လွှဲပြောင်းပေးပြီးဖြစ်ပါသဖြင့် ဒေါ်ရီရီကျော်နှင့်ကျွန်တော်သည်မည်သို့မှသက်ဆိုင်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသင်ဇော်မိုး[၁၂/ဗတထ(နိုင်)၀၁၅၄၂၄]**

## မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်)

**၁၉၇၇ ခုနှစ် (မတ်လနှင့် နိုဝင်ဘာလ) ဘွဲ့ရသူငယ်ချင်းများ**

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွှေရတုအကြို) (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲအပြီးမှာ တွေ့ဆုံကြဖို့ စီစဉ်ထားတယ်။

အမိရင်ခွင် ပြန်ခိုဝင်ပြီး၊ တို့ဆရာ၊ ဆရာမကြီးတွေကိုလည်း ပူဇော်ကန်တော့ကြမည်။ ပြီးတော့ တို့သူငယ်ချင်းတွေ ပြန်ဆုံကြတဲ့ ပွဲမို့၊ တစ်နှစ်မှာတစ်ခါတော့ အားတက်သရော လာစေချင်တယ်၊ နီးစပ်ရာ သူငယ်ချင်းတွေကိုလည်းဖိတ်ပေးပါ။ ပါအောင်လည်းခေါ်လာပေးပါ။

| | |
|---|---|
| နေ့ရက် | -၂၉-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) |
| အချိန် | - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ |
| နေရာ | - ပန်ဒါဟိုတယ်၊ ပုလဲခန်းမ၊ အမှတ်(၂၀၅)၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့် လမ်းမတော် အထက(၁)ရှေ့ |

**မှတ်ချက်။ ။မိတ်ဆုံစားပွဲစားသောက်စရိတ်အတွက် အလှူငွေ ထည့်ဝင်စရာမလိုပါ။ အဓိကဆန္ဒမှာ သူငယ်ချင်းများ၊ ပြန်လည်ဆုံတွေ့လိုခြင်းက အနှစ်သာရ ဖြစ်ပါကြောင်း သိစေချင်ပါသည်။**

**မိတ်ဆုံစားပွဲကျင်းပရေးအဖွဲ့**

## မော်လမြိုင်A.G.T.I (Civil) ၁၉၉၆

## အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၂၈ရက် (စနေနေ့)နံနက် ၉း၀၀ မှ ၂း၀၀နာရီထိ နဝဒေးဥယျာဉ်အိမ်ရာ၊ နဝဒေးခန်းမဆောင်တွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ မော်လမြိုင် A.G.T.I (Civil) 1996 ကျောင်းသား၊ ကျောင်းသူဟောင်းများအား ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ-**

**၁။ ဦးမောင်မောင်ကျော်-၀၉-၇၃၀၃၀၃၁၈**
**၂။ ဦးနေလင်းထွန်း-၀၉-၅၁၂၁၉၃၀**
**၃။ ဦးမင်းဌေးဝင်း-၀၉-၃၀၃၁၄၂၀**
**၄။ ဦးသန်းကျော်မြ-၀၉-၅၁၂၃၅၈၇**
**၅။ ဦးသန့်ဇော်ဦး(ကင်းကြီး)-၀၉-၅၀၈၅၈၂၈**
**၆။ ဦးသန့်ဇော်ဦး(ကင်းလေး)-၀၉-၄၉၃၄၄၀၃၉**
**၇။ ဒေါ်မြမြညီမ်း(ခွါညို)-၀၉-၅၁၉၁၆၇၂**
**၈။ ဒေါ်စုစုလွင်-၀၉-၄၃၁၂၁၅၁၉**
**၉။ ဒေါ်ယဉ်မျိုးအေး-၀၉-၈၇၄၁၃၃၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ လက်ခုပ်ပင်လမ်း၊ အမှတ်(၂၃)၊ မြေညီထပ် ပေ(၂၀×၅၀)အကျယ်အဝန်းရှိ တိုက်ခန်းအား အမည်ပေါက် ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မိုးမိုးနွယ်[၇/ဖမန(နိုင်)၀၈၇၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အခွင့်အရေး တစ်စုံတစ်ရာရှိသူဟု အဆိုရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိမ်း(စဉ်-၄၀၄၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၅၊ အခန်း-၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၁၃၃၆၄**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-E၊ မြေကွက်အမှတ် (၁၀၃ စီ/၅-၁-က)၊ အကျယ်အဝန်း (၀. ၁၁၅) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်လမ်း၊ အမှတ်(၁၆-ဘီ)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမြညိမ်း[၁၀/မလမ(နိုင်)၀၀၇၄၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)၊ တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**



## အထက(ခွဲ)မင်းကုန်း အာစရိယပူဇော်ပွဲ

လှည်းကူးမြို့နယ်၊ အထက(ခွဲ)မင်းကုန်းကျောင်းတွင် ၁၉၆၂မှ၂၀၀၅ခုနှစ်အတွင်းပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာ၊ ဆရာမများအားကျောင်းသူ၊ ကျောင်းသားများမှ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ၂၉-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းခန်းမ၌ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးတွင် ရောက်ရှိနေကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံသို့ ပူဇော်ကန်တော့ငွေများ ထည့်ဝင်လှူဒါန်းကြပါရန် လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

**မောင်လှမိုးဇော် (ရန်ကုန်)-၀၉-၅၀၂၅၄၃၈**
**မောင်စိုင်းနေမျိုးကျော် (ရန်ကုန်)-၀၉-၄၄၈၀၄၃၅၅၈၊ ၀၁-၅၅၂၃၄၀**
**မောင်စောအယ်စေး (လှည်းကူး)-၀၁-၆၂၉၁၄၈**
**မောင်မြတ်ထန်(ခ)မောင်ဝေလ (မဂ်လာဒုံ)-၀၉-၄၂၀၂၅၇၇၂၊ ၀၉-၄၉၃၅၃၅၅၇**
**မစကားဝါလှိုင် (မင်းကုန်း)-၀၉-၇၃၁၅၉၂၉၆**
**မောင်ဟန်သာစိုး (ရန်ကုန်)-၀၉-၄၂၅၀၁၄၈၇၃**
**မောင်ကျော်လှိုင်ထွေး (နေပြည်တော်)-၀၉-၄၉၂၁၁၇၀၉**
**မောင်စန်းညွန့်ဦး(နေပြည်တော်)-၀၉-၇၃၁၁၆၈၆၃**





## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၁၃၅၊ ကွင်းအမည်-ဖလုံမြေခံကွင်း၊ ဧရိယာ ၁၁/၄၊ အလျား (ပေ၈၀× အနံ ၄၀ပေ)၊ အခြားတစ်ဘက်အနံပေ(၂၀)၊ ဦးကျော်ညွန့် အမည်ပေါက်ခြံမြေနှင့်ပတ်သက်၍ လက်ဝယ်ပိုင်ဆိုင်ကြောင်းကြေညာခြင်း။**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မောင်အောင်ကိုဦး(ဘ)ဦးအောင်သောင်း[၁၂/တကန(နိုင်)၁၄၆ ၇၇၆]၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာနေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် မောင်အောင်ကိုဦးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော(အဖ)ဦးအောင်သောင်း(အမိ)ဒေါ်သီသီနွယ်တို့၏ တစ်ဦးတည်းသော သားအရင်းဖြစ်ပါသည်။ ဖခင်ဦးအောင်သောင်းနှင့်မိခင် ဒေါ်သီသီနွယ်တို့သည် (၆)နှစ်ခန့် အတူတကွ ပေါင်းသင်းနေထိုင်ကြပြီးနောက် သားဖြစ်သူ မောင်အောင်ကိုဦး(၁)နှစ်သားခန့်အရွယ်တွင် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ ကွဲကွာနေထိုင်ခဲ့ကြပါသည်။ ဖခင် ဦးအောင်သောင်းသည် ပထမအိမ်ထောင်ဖြင့် ထိုသို့ကွဲကွာပြီးနောက် ဒုတိယအိမ်ထောင်ဖြစ်သူ ဒေါ်တင်တင်ဌေးနှင့်ထပ်မံအိမ်ထောင်ပြုခဲ့ပါသည်။ ဒုတိယအိမ်ထောင်ဖြစ်သူ ဒေါ်တင်တင်ဌေးနှင့်ပေါင်းသင်းနေထိုင်ကြသော်လည်း သားဖြစ်သူ မောင်အောင်ကိုဦးနှင့် ဖခင်ဦးအောင်သောင်းတို့သည် အမြဲတမ်းအဆက်အသွယ်ရှိနေကြပါသည်။ ဖခင်ဦးအောင်သောင်းသည် ကျေးရွာရပ်မိရပ်ဖများအား ဖော်ပြပါဂရင်းခြံမြေကွက်အား သားဖြစ်သူ မောင်အောင်ကိုဦးကို အပိုင်ပေးမည်ဖြစ်ကြောင်း မကြာခဏပြောဆိုခဲ့ပါသည်။ ဖခင်ဦးအောင်သောင်းသည် ဒုတိယအိမ်ထောင် ဒေါ်တင်တင်ဌေးနှင့်ပေါင်းသင်းနေထိုင်ပြီးနောက် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့၍ ကွဲကွာနေထိုင်ခဲ့ပါသည်။ ထိုစဉ် ဖခင်ဦးအောင်သောင်းနှင့် ဒေါ်တင်တင်ဌေးတို့သည် နှစ်ဦးသဘောတူအိမ်ထောင်ခန်းပစ္စည်းများခွဲဝေကြရာ အဆိုပါ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာရှိ ခြံမြေကွက်ကိုမူ ခင်ပွန်းဖြစ်သူ ဦးအောင်သောင်းက ခွဲဝေပိုင်ဆိုင်ရရှိခဲ့ပါသည်။

သို့ဖြစ်၍ ၎င်းခွဲဝေရရှိသော အဆိုပါမြေကွက်အား ဖခင်ဦးအောင်သောင်းက မူလအစီအစဉ်အတိုင်း တစ်ဦးတည်းသောသားဖြစ်သူ မောင်အောင်ကိုဦးအား ရပ်မိ၊ ရပ်ဖသက်သေလူကြီးများ ရှေ့မှောက်တွင် ၂၀-၁၂-၂၀၀၉ရက်စွဲဖြင့်"မေတ္တာဖြင့်အပိုင်ပေးစာချုပ်"ချုပ်ဆို၍ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် အဆိုပါခြံမြေကွက်သည် ကျွန်ုပ်၏အမှုသည် မောင်အောင်ကိုဦးပိုင်ဆိုင်သော မြေကွက်ဖြစ်၍ မြေပိုင်ရှင်မောင်အောင်ကိုဦး မသိရှိဘဲ မည်သူမျှ အဆိုပါခြံအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း မပြုလုပ်ကြရန်နှင့် အထက်ပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာစာထုတ်ပြန်သည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကန့်သတ်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**မောင်ဝင်း(BA, HGP, R.L)၊ တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၁၀၁)၊ ဥပဒေအရာရှိ(ငြိမ်း)**
**အမှတ်-၁၆၅၊ အေးသိဒ္ဓိ(၂)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ ဇော်ဇော်အောင်(ခ)ကြက်ဥ[၇/ပခန(နိုင်)၂၂၆၈၃၇]သည် မိဘများ၏ ဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်အပေါ် လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်သန်း**
**[၇/ပခန(နိုင်)၁၇၁၉၂၆]**

## လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသိန်းဦး-ဒေါ်ရီရီလွင်တို့၏သားကြီး
**ဒေါက်တာ အောင်ပြည့်ဖြိုးဦး**
**M.B.,B.S(YGN) Medecins Sans Frontieres (Holland)**
နှင့်
ရန်ကုန်မြို့နေ
ဦးမောင်မောင်သန်း-ဒေါ်သန်းငွေးတို့၏သမီးထွေး
**ဒေါက်တာခင်ဖုန်းမိုမို**
**M.B.,B.S(YGN)**
**Medecins Du Monde(France)**

တို့၏ ၂၇-၆-၂၀၁၃ ရက်တွင် မဟာသန္တိသုခကျောင်းတော်၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီး ဦးမျိုးမြင့်အားလည်းကောင်း၊ ၂၇-၁၀-၂၀၁၃ ရက်တွင် Chatrium Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာအခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးတင့်လွင် ဒုတိယဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မာနွယ်၊ မင်္ဂလာပန်းကြဲပေးပါသော ညီမ မေဖြိုးသူ၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာသစ္စာခိုင်၊ သတို့သားအရံ ဒေါက်တာပြည့်ဖြိုးအောင်နှင့်၊ ဒေါက်တာကျော်စိုးထက်၊ သတို့သမီးအရံ ဒေါက်တာခရေထွန်းနှင့် ဒေါက်တာဝင်းလဲ့ရည်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော မဟေမာနေဝင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Aroma Wedding Dress & Studio၊ ပန်းအလှဆင်မြန်းပေးပါသော Rosana၊ လက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးပါသော တိုးတိုး(မန္တလေး)နှင့် Zar & Diamond Gems & Jewellary၊ Pre wedding ဓာတ်ပုံရိုက်ကူးပေးသော Forever Wedding Studio၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့သားများ၊ တေးဂီတနှင့်ဖျော်ဖြေပေးပါသော Plus Three Band၊ Chatrium Hotel မှ တာဝန်ရှိသူများအားလုံး၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ညနေပိုင်း ရွှေဘဲ(ကန်တော်မင်)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာအောင်ပြည့်ဖြိုးဦး-ဒေါက်တာခင်ဖုန်းမိုမို**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

